CONCORDIA

OA,Medical,Engineering

We Are WITH YOU

ANNUAL REPORT

2025-2026

www.concordiamyanmar.com

မာတိကာ

ကုမ္ပဏီအထွေထွေသုံးသပ်ချက်

၁။ ကုမ္ပဏီအကျဉ်းချုပ် (စာမျက်နှာ ၃ မှ ၄)

၂။ လုပ်ငန်းကဏ္ဍများစုဖွဲ့မှု (စာမျက်နှာ ၅ မှ ၈)

၃။ ဒေသအလိုက်ဖြန့်ကျက်တည်ရှိမှုကွန်ရက် (စာမျက်နှာ ၉ မှ ၁၀)

ကျွန်ုပ်တို့၏ ဦးဆောင်မှုကဏ္ဍ

၄။ အစုရှယ်ယာရှင်များထံ ပေးပို့သောသဝဏ်လွှာ (စာမျက်နှာ ၁၁ မှ ၁၃)

၅။ ဒါရိုက်တာအဖွဲ့ဝင်များ (စာမျက်နှာ ၁၄ မှ ၂၀)

၆။ အဓိကစီမံခန့်ခွဲသူများ (စာမျက်နှာ ၂၁ မှ ၂၈)

လုပ်ငန်းစွမ်းဆောင်ရည် သုံးသပ်ချက်

၇။ ကုမ္ပဏီ၏မှတ်တိုင်များ (စာမျက်နှာ ၂၉ မှ ၃၀)

၈။ ဘဏ္ဍာရေးဆိုင်ရာ သုံးသပ်ချက်များ (စာမျက်နှာ ၃၁ မှ ၃၇)

၉။ ရုံးလုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများ (စာမျက်နှာ ၃၈ မှ ၃၉)

၁၀။ဆေးဘက်ဆိုင်ရာ စက်ပစ္စည်းကိရိယာများ (စာမျက်နှာ ၄၀ မှ ၄၄)

၁၁။ အင်ဂျင်နီယာလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများ (စာမျက်နှာ ၄၅ မှ ၄၆)

၁၂။ ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှု ပံ့ပိုးရေး (စာမျက်နှာ ၄၇ မှ ၄၈)

၁၃။ မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုများ (စာမျက်နှာ ၄၉ မှ ၅၀)

အဖွဲ့အစည်းဆိုင်ရာ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်အစီရင်ခံစာ (စာမျက်နှာ ၅၁)

အပိုင်း ၁။ ဒါရိုက်တာအဖွဲ့ဆိုင်ရာ ကိစ္စရပ်များ (စာမျက်နှာ ၅၂ မှ ၅၁)

အပိုင်း ၂။ အခကြေးငွေဆိုင်ရာကိစ္စရပ်များ (စာမျက်နှာ ၅၂ မှ ၅၄)

အပိုင်း ၃။ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များ (စာမျက်နှာ ၅၄ မှ ၅၆)

အပိုင်း ၄။ ကော်ပိုရိတ်အုပ်ချုပ်မှုဆိုင်ရာ နောက်ဆက်တွဲဖြစ်ရပ်များ (စာမျက်နှာ ၅၇ မှ ၅၈)

အပိုင်း ၅။ အစုရှယ်ယာရှင်များ၏ အခွင့်အရေးနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှု (စာမျက်နှာ ၅၉)

၁၄။ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် အတွင်းပိုင်း ထိန်းချုပ်မှုများ (စာမျက်နှာ ၈၀ မှ ၈၄)

၁၅။ ရေရှည်တည်တံ့ခိုင်မြဲရေး မဟာဗျူဟာ (စာမျက်နှာ ၈၅ မှ ၈၇)

၁၆။ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ (စာမျက်နှာ ၈၈ မှ ၈၉)

ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာ (စာမျက်နှာ ၉၀ မှ ၉၁)

၁၇။ ဒါရိုက်တာအဖွဲ့ဝင်များ၏ ထုတ်ပြန်ချက် (စာမျက်နှာ ၉၂)

၁၈။ လွတ်လပ်သော ပြင်ပစာရင်းစစ်၏ အစီရင်ခံစာ (စာမျက်နှာ ၉၃ မှ ၉၆)

၁၉။ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း (စာမျက်နှာ ၉၇)

၂၀။ ဝင်ငွေ အလုံးစုံပါဝင်သော ရှင်းတမ်း (စာမျက်နှာ ၉၈)

၂၁။ အစုရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း (စာမျက်နှာ ၉၉)

၂၂။ ငွေသားစီးဆင်းမှုရှင်းတမ်း (စာမျက်နှာ ၁၀၀ မှ ၁၀၁)

၂၃။ ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများ (စာမျက်နှာ ၁၀၂ မှ ၁၂၃)

၂၄။ အစုရှယ်ယာပိုင်ဆိုင်မှုဆိုင်ရာ စာရင်းအင်းအချက်အလက်များ (စာမျက်နှာ ၁၂၄)

၂၅။ ကုမ္ပဏီဆိုင်ရာ အချက်အလက်များ (စာမျက်နှာ ၁၂၅)

ကုမ္ပဏီအကျဉ်းချုပ်

၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်တည်ထောင်ခဲ့သော ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (Concordia Public Company Limited) သည် မြန်မာနိုင်ငံရှိ ကျန်းမာရေးစောင့်ရှောက်မှု၊ အင်ဂျင်နီယာလုပ်ငန်းနှင့် ရုံးလုပ်ငန်းသုံးအလိုအလျောက်စနစ် (Office Automation) ဆိုင်ရာ အဆင့်မြင့်နည်းပညာသုံး အဖြေရှာမှုလုပ်ငန်းများ (Solutions) ကို ရှေ့တန်းမှဦးဆောင်ပံ့ပိုးပေးလျက်ရှိပါသည်။ ဆယ်စုနှစ် သုံးခုကျော်ကာလအတွင်း ကုမ္ပဏီအနေဖြင့် ယုံကြည်စိတ်ချရမှု၊ တီထွင်ဆန်းသစ်မှုနှင့် သုံးစွဲသူဗဟိုပြု ဝန်ဆောင်မှုပေးခြင်းတို့ကြောင့် ခိုင်မာသောဂုဏ်သတင်းကို တည်ဆောက်နိုင်ခဲ့ပြီး နိုင်ငံတစ်ဝန်းရှိ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းများကို စဉ်ဆက်မပြတ် ပံ့ပိုးကူညီလျက်ရှိပါသည်။

ရန်ကုန်မြို့တွင် ရုံးချုပ်အခြေစိုက်ထားသော ကွန်ကော့ဒီးယား (Concordia) သည် မန္တလေး၊ နေပြည်တော်၊ တောင်ကြီးနှင့် မကွေး အပါအဝင် အဓိကကျသော ဒေသများ၌ မဟာဗျူဟာမြောက် လုပ်ငန်းလည်ပတ်မှု ကွန်ရက်များကို ဖြန့်ကြက်တည်ဆောက်ထားပါသည်။ ဤကဲ့သို့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ချိတ်ဆက်ထားသော ကွန်ရက်ကြောင့် ကုမ္ပဏီအနေဖြင့် ကွဲပြားခြားနားသော လုပ်ငန်းကဏ္ဍအသီးသီးသို့ ဘက်စုံခြုံငုံမိသော ပြည်ပမှတင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီခြင်းနှင့် အရောင်းအပြီး ဝန်ဆောင်မှုပေးခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခြင်း ဖြစ်ပါသည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကွန်ကော့ဒီးယား ၏ လုပ်ငန်းလည်ပတ်မှုများသည် တစ်နိုင်ငံလုံးရှိ မြို့နယ်ပေါင်း ၁၁၆ မြို့နယ်အထိ တိုးချဲ့နိုင်ခဲ့ပြီး၊ ရရှိသောဝင်ငွေမှာလည်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ရှိ မြန်မာကျပ်ငွေ ၂၁,၈၀၃ သန်းမှ ယခုဘဏ္ဍာရေးနှစ်တွင် မြန်မာကျပ်ငွေ ၂၃,၅၇၁ သန်းအထိ တိုးတက်လာခဲ့ရာ ယခင်နှစ်ထက် ၈.၁ ရာခိုင်နှုန်းတိုးတက်မှုကို ဖော်ညွှန်းနေပါသည်။ ဤကဲ့သို့ ကျယ်ပြန့်သော ဈေးကွက်ဝေစုနှင့် လုပ်ငန်းလည်ပတ်မှု အတိုင်းအတာများကြောင့် ကွန်ကော့ဒီးယားသည် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍများတွင် ယုံကြည်စိတ်ချရသော မိတ်ဖက်အဖြစ် ၎င်း၏အခန်းကဏ္ဍကို ဆက်လက်ခိုင်မာစေလျက် ရှိပါသည်။


၂၀၂၄ ခုနှစ်၊ မတ်လတွင် အများနှင့်သက်ဆိုင်သောကုမ္ပဏီအဖြစ် အောင်မြင်စွာ ကူးပြောင်းနိုင်ခဲ့ပြီးနောက်၊ ကွန်ကော့ဒီးယား (Concordia) သည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီဖွံ့ဖြိုးတိုးတက်မှု၏ နောက်ထပ်အဆင့်တစ်ခုအတွက် အဆင်သင့်ဖြစ်စေရန် ဆက်လက်အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) နှင့် ရန်ကုန်စတော့အိပ်ချိန်း (YSX) တို့၏ မျှော်မှန်းချက်များနှင့်အညီ လုပ်ထုံးလုပ်နည်းများ လိုက်နာဆောင်ရွက်မှု၊ ပွင့်လင်းမြင်သာမှုရှိမှုနှင့် ကောင်းမွန်သော ကုမ္ပဏီစီမံအုပ်ချုပ်မှု (Corporate Governance) တို့ကို ပိုမိုမြှင့်တင်ရန် စဉ်ဆက်မပြတ် အလေးထား ဆောင်ရွက်ခဲ့ပါသည်။ ဤကဲ့သို့ စဉ်ဆက်မပြတ် ပြင်ဆင်ဆောင်ရွက်နေမှုများသည် တာဝန်ယူမှုရှိသော တိုးတက်မှုနှင့်အတူ အစုရှယ်ယာရှင်များနှင့် ပါဝင်ပတ်သက်သူများ အားလုံးအတွက် ရေရှည်တည်တံ့သော တန်ဖိုးများ ဖန်တီးပေးနိုင်ရန် ကွန်ကော့ဒီးယား၏ ရေရှည်ကတိကဝတ်ကို ထင်ဟပ်ပေါ်လွင်စေပါသည်။

၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကွန်ကော့ဒီးယား (Concordia) သည် မိမိ၏ အဓိကလုပ်ငန်းကဏ္ဍများကို ဆက်လက်ခိုင်မာအောင် ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ရေရှည်မဟာဗျူဟာမြောက် ဦးတည်ချက်များကို တိုးမြှင့်ဖော်ဆောင်နိုင်ခဲ့ပါသည်။ ဆေးဘက်ဆိုင်ရာဌာန (Medical Department) သည် ကုမ္ပဏီ၏ အဓိကဝင်ငွေအများဆုံး ရှာဖွေပေးသည့်ဌာန အဖြစ် ဆက်လက်ရပ်တည်ခဲ့ပြီး မိမိတို့၏ အဓိကလက်တွဲဖော် ထုတ်လုပ်သူကြီးများ (Principals) နှင့် ခိုင်မာသော မိတ်ဖက်ဆက်ဆံရေး၊ လုပ်ငန်းကဏ္ဍအသီးသီး၏ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု တို့ကြောင့် အရောင်းကဏ္ဍတွင် ယခင်နှစ်ထက် ၂၁.၇ ရာခိုင်နှုန်း (21.7% Year-on-Year) တိုးတက်မှုကို ရရှိခဲ့ပါသည်။ ယခုနှစ်အတွင်း ကုမ္ပဏီအနေဖြင့် ဆေးဘက်ဆိုင်ရာပုံရိပ်ဖော်စနစ် (Medical Imaging)၊ လူနာအခြေအနေ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အသက်ကယ်အထောက်အကူပြုစနစ် (Patient Monitoring and Life Support)၊ မျက်စိရောဂါကုသမှုဆိုင်ရာစနစ် (Ophthalmology) နှင့် ကျောက်ကပ်တုသွေးသန့်စင်ခြင်းဆိုင်ရာ (Haemodialysis) ထုတ်ကုန်လိုင်းများကို ဆက်လက်အဆင့်မြှင့်တင်ခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဖြေရှာမှုလုပ်ငန်းများ (Healthcare Solutions Portfolio) ကို ပိုမိုတိုးချဲ့နိုင်ခဲ့ပါသည်။ ၎င်းအပြင် ဉာဏ်ရည်တုနည်းပညာသုံး ဆေးရုံသတင်းအချက်အလက်စနစ် (AI-enabled Hospital Information Systems - HIS) နှင့် မှန်ပြောင်းကြည့်ရောဂါရှာဖွေကုသမှုစနစ် (Endoscopy Solutions) ကဲ့သို့သော နည်းပညာအသစ်များကိုလည်း မိတ်ဆက်ပေးနိုင်ခဲ့ပါသည်။ ဤကဲ့သို့ တိုးတက်မှုများသည် မြန်မာနိုင်ငံ၏ မြင့်မားလာသော ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များကို ဆန်းသစ်ပြီး အရည်အသွေးမြင့်မားသော နည်းလမ်းများဖြင့် ဖြည့်ဆည်းပေးနိုင်ရန် ကွန်ကော့ဒီးယား၏ ကတိကဝတ်ကို ထင်ဟပ်ပေါ်လွင်စေပါသည်။

ထို့အပြင် ကွန်ကော့ဒီးယား (Concordia) သည် မိမိ၏ လုပ်ငန်းလည်ပတ်မှု ပုံစံများအတွင်းသို့ နည်းပညာများကို ပိုမိုနက်ရှိုင်းစွာ ပေါင်းစပ်ထည့်သွင်းခြင်းဖြင့် ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းမှုလုပ်ငန်းစဉ် (Digital Transformation) ကို ပိုမိုအရှိန်ဟုန်မြှင့် ဆောင်ရွက်ခဲ့ပါသည်။ Odoo Enterprise စနစ်နှင့် အခြားသော ဒစ်ဂျစ်တယ်နည်းပညာသုံး ကိရိယာများကို တပ်ဆင်အသုံးပြုခြင်းဖြင့် အဖွဲ့အစည်းတစ်ခုလုံး၏ အချက်အလက်များကို ပွင့်လင်းမြင်သာစွာ ကြည့်ရှုနိုင်မှု၊ လုပ်ငန်းစဉ်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်မှုနှင့် လုပ်ငန်းလည်ပတ်မှု စွမ်းဆောင်ရည်များကို ပိုမိုတိုးတက်ကောင်းမွန်လာစေခဲ့ပါသည်။ ဤကဲ့သို့ ဒစ်ဂျစ်တယ်စနစ်များ၊ အလိုအလျောက်စနစ်များ (Automation) နှင့် အချက်အလက်ပေါ်အခြေခံသော ဆုံးဖြတ်ချက်ချမှတ်မှုများ (Data-driven Decision-making) ကို အသုံးပြုခြင်းအားဖြင့် ကုမ္ပဏီသည် မိမိ၏ အတွင်းပိုင်းစွမ်းဆောင်ရည်များကို ဆက်လက်ခိုင်မာစေခဲ့ပြီး အနာဂတ်တိုးတက်မှုများအတွက် ပိုမိုခိုင်မာသော လုပ်ငန်းလည်ပတ်မှု အခြေခံအုတ်မြစ်ကို ချမှတ်နိုင်ခဲ့ပါသည်။

အများနှင့်သက်ဆိုင်သောကုမ္ပဏီတစ်ခုအနေဖြင့် ကွန်ကော့ဒီးယား (Concordia) သည် ဘဏ္ဍာရေးဆိုင်ရာ တိုးတက်မှုအတွက်သာမက တာဝန်ယူမှုရှိသော ကုမ္ပဏီကောင်းတစ်ခု (Responsible Corporate Citizenship) ဖြစ်စေရေးအတွက်ပါ ဆက်လက်ကတိပြုဆောင်ရွက်လျက် ရှိပါသည်။ ကုမ္ပဏီသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဦးဆောင်ဆောင်ရွက်ချက်များ၊ လုပ်ငန်းလည်ပတ်မှု ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းများနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေး ကြိုးပမ်းမှုများမှတစ်ဆင့် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အကျိုးသက်ဆိုင်သူများအတွက် တန်ဖိုးမြှင့်တင်ပေးနိုင်ရေးတို့ကို ဆက်လက်တွန်းအားပေး ဆောင်ရွက်ခဲ့ပါသည်။ စနစ်တကျ စည်းကမ်းရှိသော လုပ်ငန်းအကောင်အထည်ဖော်မှု၊ တိုးတက်လာသော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆိုင်ရာ အခြေခံစနစ်နှင့် ကျယ်ပြန့်လာသော ဒစ်ဂျစ်တယ် အုတ်မြစ်တို့ဖြင့် ကွန်ကော့ဒီးယားသည် သုံးစွဲသူများ၊ အစုရှယ်ယာရှင်များ၊ ဝန်ထမ်းများနှင့် လူမှုအသိုက်အဝန်းတို့အတွက် တန်ဖိုးများ ပံ့ပိုးပေးရင်း ရေရှည်တည်တံ့သော တိုးတက်မှုများရရှိစေရန် မိမိ၏ ရပ်တည်မှုကို ဆက်လက်ခိုင်မာအောင် တည်ဆောက်လျက် ရှိပါသည်။

လုပ်ငန်းကဏ္ဍများ စုဖွဲ့မှု



ကွန်ကော့ဒီးယား အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် (Concordia Public Company Limited) သည် မြန်မာ့စီးပွားရေး၏ အဓိကကျသော ကဏ္ဍကြီး အတော်များများကို ခြုံငုံမိသည့် မတူကွဲပြားသော လုပ်ငန်းကဏ္ဍများ စုဖွဲ့မှုကို ထိန်းသိမ်း ထားပါသည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီ အနေဖြင့် မိမိ၏ အခြေစိုက်ပြီးသား လုပ်ငန်းဌာနများ၏ စွမ်းဆောင်ရည်၊ ကြံ့ကြံ့ခံနိုင်မှုနှင့် ရေရှည်တိုးတက်မှုတို့ကို ခိုင်မာအောင် ဆက်လက် အလေးထား ဆောင်ရွက်ခဲ့ရုံမျှမက အများပိုင်ကုမ္ပဏီ တစ်ခု၏စုံလင်တိုးတက်ရေး ရည်မှန်းချက်များ နှင့်အညီ မဟာ ဗျူဟာမြောက် လုပ်ငန်းတိုးချဲ့နိုင်မည့် အခွင့်အလမ်းများကို ပါဆက်လက် ရှာဖွေဖော်ထုတ်ခဲ့ပါသည်။

ယခုဘဏ္ဍာရေးနှစ်အတွင်း အဓိကလုပ်ငန်းကဏ္ဍ အားလုံးသည် တက်ကြွစွာ ဆက်လက်လည်ပတ်နိုင်ခဲ့ပြီး၊ ကုမ္ပဏီ၏ စုစုပေါင်း စွမ်းဆောင်ရည်ကို အထောက်အကူပြုနိုင်ခဲ့ရုံမျှမက ကဏ္ဍစုံ ပံ့ပိုးကူညီမှုပေးနေသော ကုမ္ပဏီ (Multi-sector solutions provider) အဖြစ် ကွန်ကော့ဒီးယား၏ ရပ်တည်မှုကို ပိုမိုခိုင်မာစေခဲ့ပါသည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီသည် ဆေးဘက်ဆိုင်ရာ နည်းပညာအသစ်များနှင့် ထုတ်ကုန်လိုင်းများကို မိတ်ဆက်ခြင်း၊ စီးပွားဖြစ် ဖြန့်ဖြူးခြင်းတို့မှတစ်ဆင့် မိမိ၏ ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍစုဖွဲ့မှုကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဤသည်မှာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော မြန်မာ့ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍ၏ ရေရှည်တိုးတက်မှု အခွင့်အလမ်းများကို အရယူနိုင်ရေးအတွက် ကုမ္ပဏီ၏ ကတိကဝတ်ကို ထင်ဟပ်ပေါ်လွင်စေပါသည်။

ရုံးလုပ်ငန်းသုံးအလိုအလျောက်စနစ်

ရုံးလုပ်ငန်းသုံးအလိုအလျောက်စနစ်ဌာန (Office Automation Division) သည် ကွန်ကော့ဒီးယား ၏ လုပ်ငန်းကဏ္ဍများ စုဖွဲ့မှုတွင် အဓိကဒေါက်တိုင်တစ်ခုအဖြစ် ဆက်လက်ရပ်တည်လျက်ရှိပါသည်။ စာပုံနှိပ်စက်များ (Printers)၊ မိတ္တူကူးစက်များ (Copiers) နှင့် အခြားဆက်စပ်နည်းပညာများ အပါအဝင် ရုံးသုံးစက်ပစ္စည်းများနှင့် လုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်သော စနစ်များကို မြန်မာနိုင်ငံတစ်ဝန်းရှိ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ အသုံးပြသူများထံ အစုံအလင် ပံ့ပိုးပေးလျက်ရှိပါသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း အဆိုပါဌာနသည် မိမိတို့၏ အခြေစိုက်ပြီးသား အရောင်းအပြီး ဝန်ဆောင်မှုကွန်ရက်၊ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုနှင့် သုံးစွဲသူများအတွက် ပံ့ပိုးကူညီနိုင်မှု စွမ်းဆောင်ရည်များဖြင့် ဈေးကွက်အတွင်း ခိုင်မာသော ရပ်တည်မှုကို ထိန်းသိမ်းနိုင်ခဲ့ပါသည်။ ရုံးလုပ်ငန်းသုံးအလိုအလျောက်စနစ် လုပ်ငန်းသည် အစိုးရ၏ တင်ဒါများနှင့် ပုဂ္ဂလိကကဏ္ဍ စီမံကိန်းများတွင် ဆက်လက်ပါဝင်ဆောင်ရွက်ခဲ့ပြီး အရည်အသွေးမြင့်မားမှု၊ ယုံကြည်စိတ်ချရမှုနှင့် သုံးစွဲသူဗဟိုပြု အဖြေရှာမှုများကို ပံ့ပိုးပေးနိုင်သော ကွန်ကော့ဒီးယား ၏ ဂုဏ်သတင်းကို ပိုမိုခိုင်မာစေခဲ့ပါသည်။

ဆေးဘက်ဆိုင်ရာကဏ္ဍ

ကွန်ကော့ဒီးယား (Concordia) သည် မြန်မာနိုင်ငံတစ်ဝန်းရှိ ဆေးရုံများ၊ ဆေးခန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့အစည်းများထံ ဆေးဘက်ဆိုင်ရာ စက်ပစ္စည်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဖြေရှာမှုလုပ်ငန်းများ (Healthcare Solutions) ကို ပံ့ပိုးပေးရင်း မြန်မာ့ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍတွင် ဆယ်စုနှစ် သုံးခုနီးပါးတိုင်တိုင် ယုံကြည်စိတ်ချရသော မိတ်ဖက်အဖြစ် ရပ်တည်ခဲ့ပါသည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဆေးဘက်ဆိုင်ရာဌာန (Medical Department) သည် ကုမ္ပဏီ၏ အဓိက ဦးဆောင်လုပ်ငန်းဌာနအဖြစ် မိမိ၏ ရပ်တည်မှုကို ပိုမိုခိုင်မာစေခဲ့ပြီး ကွန်ကော့ဒီးယား၏ ဝင်ငွေအများဆုံး ရရှိဖွေးနိုင်သော ဌာနအဖြစ် အသိအမှတ်ပြုခြင်း ခံခဲ့ရပါသည်။ ခိုင်မာသော ဈေးကွက်လိုအပ်ချက်၊ အဓိကလက်တွဲဖော် ထုတ်လုပ်သူကြီးများ (Principals) နှင့် ခိုင်မာသော မိတ်ဖက်ဆက်ဆံရေး၊ လုပ်ငန်းဌာနခွဲများအလိုက် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု တို့ကြောင့် ဆေးဘက်ဆိုင်ရာဌာနသည် ယခုဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေ ၂၁.၇ ရာခိုင်နှုန်း (21.7% Year-on-Year) တိုးတက်မှုကို ရရှိခဲ့ပါသည်။

ဆေးဘက်ဆိုင်ရာ လုပ်ငန်းကဏ္ဍကို အဓိက ဌာနခွဲကြီးနှစ်ခုဖြစ်သော ဆေးဘက်ဆိုင်ရာ စက်ပစ္စည်းကိရိယာများ ဌာနခွဲ (Medical Equipment Division) နှင့် ရောဂါရှာဖွေရေး စက်ပစ္စည်းများ ဌာနခွဲ (Diagnosis Division) တို့ဖြင့် လည်ပတ်ဆောင်ရွက်လျက် ရှိပါသည်။ ဆေးဘက်ဆိုင်ရာ စက်ပစ္စည်းကိရိယာများ ဌာနခွဲသည် နိုင်ငံတကာတွင် အသိအမှတ်ပြုထားသော ဆေးဘက်ဆိုင်ရာ စက်ပစ္စည်း ထုတ်လုပ်သူကြီးများနှင့် ခိုင်မာသော ဆက်ဆံရေးကို တည်ဆောက်ထားနိုင်ခြင်းကြောင့် ကုမ္ပဏီ၏ စွမ်းဆောင်ရည်ကို အဓိက အထောက်အကူပြုပေးနိုင်ခဲ့ပါသည်။ အဆိုပါ ဌာနခွဲ၏ အဓိက ထုတ်ကုန်များတွင် အာထရာဆောင်း (Ultrasound) နှင့် ဓာတ်မှန်ရိုက်ကူးစစ်ဆေးမှုဆိုင်ရာ (Radiology) အဖြေရှာမှုများအတွက် Mindray Imaging ထုတ်ကုန်များ၊ ခွဲစိတ်ခန်းများနှင့် အထူးကြပ်မတ်ကုသဆောင် (ICU) များအတွက် Mindray လူနာအခြေအနေ စောင့်ကြည့် စစ်ဆေးခြင်းနှင့် အသက်ကယ်အထောက်အကူပြု (PMLS) စက်ပစ္စည်းများ၊ Topcon မျက်စိရောဂါ ကုသမှုဆိုင်ရာ ထုတ်ကုန်များ၊ ကျောက်ကပ်ဆိုင်ရာ စောင့်ရှောက်မှုပေးသော စက်ကိရိယာများနှင့် သုံးကုန်ပစ္စည်းများ အပါအဝင် သွေးတုဖြင့် သန့်စင်ကုသမှုဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ ပါဝင်ပါသည်။ ရောဂါရှာဖွေရေး စက်ပစ္စည်းများ ဌာနခွဲသည်လည်း ဓာတ်ခွဲခန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆိုင်ရာ အဆောက်အအုံများအတွက် မရှိမဖြစ်လိုအပ်သော ရောဂါရှာဖွေရေးဆိုင်ရာ အဖြေရှာမှုများကို ဆက်လက် ပံ့ပိုးပေးခဲ့ပြီး ကုမ္ပဏီ၏ ဘက်စုံခြုံငုံမိသော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဖြေရှာမှုများ (Integrated Healthcare Solutions Approach) ကို အထောက်အကူ ပြုပေးခဲ့ပါသည်။

၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဆေးဘက်ဆိုင်ရာဌာနသည် ဉာဏ်ရည်တုနည်းပညာသုံး ဆေးရုံသတင်းအချက်အလက်စနစ် (AI-enabled Hospital Information System - HIS) အဖြေရှာမှုများနှင့် Aohua မှန်ပြောင်းကြည့် ရောဂါရှာဖွေကုသမှုစနစ် (Aohua Endoscopy System)

အပါအဝင် ဆန်းသစ်သော ကျန်းမာရေးစောင့်ရှောက်မှု နည်းပညာများကို မိတ်ဆက်ပေးခြင်းဖြင့် တိုးတက်မှုလမ်းကြောင်းသစ်များကို တိုးမြှင့်ဖော်ဆောင်နိုင်ခဲ့ပါသည်။ ဤကဲ့သို့ တိုးတက်မှုများသည် ပုံမှန်စက်ပစ္စည်းကိရိယာများ တင်သွင်းဖြန့်ဖြူးခြင်း အဆင့်ထက်ကျော်လွန်၍ ပိုမိုမြင့်မားသော တန်ဖိုးနှင့် နည်းပညာကို အခြေခံသည့် ကျန်းမာရေးစောင့်ရှောက်မှု ထုတ်ကုန်များကို တိုးချဲ့ပေးနိုင်ရေးဆိုသော ကွန်ကော့ဒီးယား၏ မဟာဗျူဟာမြောက် ဦးတည်ချက်ကို ထင်ဟပ်ပေါ်လွင်စေပါသည်။ ထို့အပြင် ကုမ္ပဏီအနေဖြင့် မိမိ၏ ရေရှည် ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်ရေး မဟာဗျူဟာကို အထောက်အကူဖြစ်စေရန်အတွက် B. Braun သွေးစစ်ကုသရေး ထုတ်ကုန်များကို မိမိ၏ ထုတ်ကုန်လိုင်းအတွင်း တွင် ထည့်သွင်းခြင်းဖြင့် ကျောက်ကပ်ဆိုင်ရာ စောင့်ရှောက်မှု လုပ်ငန်းအခွင့်အလမ်းများကို ဆက်လက် တိုးမြှင့်ခိုင်မာစေခဲ့ပါသည်။

အင်ဂျင်နီယာလုပ်ငန်းကဏ္ဍ

အင်ဂျင်နီယာဌာန (Engineering Division) သည် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံနှင့် စက်မှုဇုန်ကဏ္ဍများအတွက် ဆန်းသစ်သော အဖြေရှာမှုများကို ဆက်လက်ပံ့ပိုးပေးလျက်ရှိပါသည်။ ထုတ်ကုန်ပစ္စည်း အမျိုးအစားစုံလင်စွာနှင့် နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများကို ဝန်ဆောင်ပေးလျက်ရှိသော အဆိုပါဌာနသည် ကွန်ကော့ဒီးယား၏ စုံလင်ကွဲပြားသော လုပ်ငန်းကဏ္ဍများအနက် အဓိက အထောက်အကူပြုပေးနေသည့် ဌာနတစ်ခုအဖြစ် ရပ်တည်လျက်ရှိပါသည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တစ်လျှောက်လုံးတွင် အင်ဂျင်နီယာဌာနသည် အရည်အသွေးနှင့် လုပ်ငန်းလည်ပတ်မှု ယုံကြည်စိတ်ချရမှုဆိုင်ရာ စံချိန်စံညွှန်းများကို မြင့်မားစွာ ထိန်းသိမ်းရင်း၊ အမျိုးသားအဆင့် ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ဆောင်ရွက်ချက်များကို အထောက်အကူပြုလျက် လက်ရှိ စက်မှုနှင့် အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများကို ပံ့ပိုးကူညီပေးခဲ့ပါသည်။ အဆိုပါဌာနသည် ကျယ်ပြန့်လှသော စက်မှုလုပ်ငန်းကဏ္ဍများစွာကို ဆက်လက်ဝန်ဆောင်မှုပေးလျက်ရှိပြီး အနာဂတ်တိုးတက်မှုများအတွက်လည်း အသင့်ဖြစ်လျက် ရှိပါသည်။


ဝန်ဆောင်မှုနှင့် နည်းပညာဆိုင်ရာ အထောက်အကူပြုမှု


ကွန်ကော့ဒီးယား၏ ဝန်ဆောင်မှုပေးနိုင်စွမ်းများသည် ကုမ္ပဏီ၏ အရည်အသွေး၊ ယုံကြည်စိတ်ချရမှုနှင့် သုံးစွဲသူစိတ်ကျေနပ်မှုတို့အပေါ် ရေရှည်ကတိကဝတ်ပြုထားမှုကို အထောက်အကူပြုပေးလျက်ရှိပြီး ကော်ပိုရေးရှင်းကြီးတစ်ခုလုံး၏ စုစည်းထားသော လုပ်ငန်းကဏ္ဍများအနက် အရေးပါသော အစိတ်အပိုင်းတစ်ခုအဖြစ် ဆက်လက်ရပ်တည်နေပါသည်။ ပံ့ပိုးပေးထားသော စက်ပစ္စည်းများ ထိရောက်ထက်မြက်စွာနှင့် စွမ်းဆောင်ရည်ပြည့်ဝစွာ ဆက်လက်လည်ပတ်နိုင်ရေးအတွက် ကွန်ကော့ဒီးယားသည် မိမိ၏ လုပ်ငန်းဌာနခွဲများအလိုက် နည်းပညာဆိုင်ရာ အထောက်အကူပြုမှု၊ တပ်ဆင်ပေးမှု၊ ထိန်းသိမ်းပြုပြင်မှု၊ ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှုများနှင့် သုံးစွဲသူများအတွက် သင်တန်းပေးမှုများကို တာဝန်ယူဆောင်ရွက်ပေးလျက် ရှိပါသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီသည် စားသုံးသူများ/ဝယ်ယူသူများနှင့် ရေရှည်ခိုင်မာသော ဆက်ဆံရေးကို ပိုမိုအားကောင်းစေရန်နှင့် မိမိ၏ ဘက်စုံခြုံငုံမိသော အဖြေရှာမှုများ ပံ့ပိုးပေးသည့် မော်ဒယ် (Integrated Solutions Model) ၏ တန်ဖိုးကို

ပိုမိုမြင့်တင်နိုင်ရန်အတွက် ကျွမ်းကျင်သော နည်းပညာဝန်ဆောင်မှုများဖြင့် နိုင်ငံတစ်ဝန်းရှိ ဝယ်ယူသူများကို ဆက်လက်ပံ့ပိုးကူညီခဲ့ပါသည်။ဤကဲ့သို့သော ဝန်ဆောင်မှု ပေးနိုင်စွမ်းများသည် ကွန်ကော့ဒီးယားအတွက် အခြားသော ပြိုင်ဘက်များနှင့် မတူကွဲပြားစေသည့် အဓိက အားသာချက် တစ်ခုအဖြစ် ဆက်လက်တည်ရှိနေပြီး၊ ဝယ်ယူသူများအား ရေရှည်ထိန်းသိမ်း ထားနိုင်ရုံသာမက လုပ်ငန်းကဏ္ဍ အသီးသီးမှ ထပ်မံရရှိလာမည့် စီးပွားရေး အခွင့်အလမ်းများကိုပါ အထောက်အကူပြု ပေးလျက် ရှိပါသည်။

ဒေသအလိုက်ဖြန့်ကျက်တည်ရှိမှု ကွန်ရက်





ရန်ကုန်မြို့တွင် ပင်မရုံးချုပ် တည်ရှိသော ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် သည် မန္တလေး၊ နေပြည်တော်၊ တောင်ကြီးနှင့် မကွေးမြို့တို့တွင် ရုံးခွဲများ ဖွင့်လှစ်၍ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဟာဗျူဟာကျကျ ခိုင်မာစွာ ဖြန့်ကျက်တည်ရှိထားပါသည်။ ဤကဲ့သို့ တစ်နိုင်ငံလုံးကို လွှမ်းမိုးနိုင်သော ကွန်ရက်သည် ပစ္စည်းများကို အချိန်မီ ပေးပို့နိုင်ခြင်း၊ လျင်မြန်ထက်မြက်သော နည်းပညာဆိုင်ရာ အထောက်အကူပြုမှုများနှင့် ပြည့်စုံလွှမ်းမိုးသော ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်ခြင်းတို့ဖြင့် တစ်နိုင်ငံလုံးရှိ ဝယ်ယူသူများအား ထိရောက်စွာ ဝန်ဆောင်မှု ပေးနိုင်စေပါသည်။ လုပ်ငန်းလည်ပတ်မှု အတွေ့အကြုံ နှစ်ပေါင်းသုံးဆယ်ကျော်ရှိပြီဖြစ်သော ကွန်ကော့ဒီးယားသည် မိမိ၏ နက်ရှိုင်းသော စျေးကွက် ကျွမ်းကျင်မှုနှင့် ကဏ္ဍအလိုက် အထူးပြုအသိပညာများကို ထိရောက်စွာ အသုံးပြု၍ ကျန်းမာရေး၊ အင်ဂျင်နီယာနှင့် ရုံးသုံးစက်ပစ္စည်းဆိုင်ရာ စီးပွားရေးလုပ်ငန်းများတစ်လျှောက် တန်ဖိုးမြင့်မားသော ဝန်ဆောင်မှုများကို ဆက်လက်ဖန်တီးပေးလျက် ရှိပါသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကွန်ကော့ဒီးယား၏ လုပ်ငန်းဆောင်ရွက်မှုများသည် နိုင်ငံတစ်ဝန်းရှိ မြို့နယ်ပေါင်း (၁၁၆) မြို့နယ်အထိ ဖြန့်ကျက်နိုင်ခဲ့ပြီး၊ ၎င်းသည် မြန်မာတစ်နိုင်ငံလုံး

တွင် မရှိမဖြစ် လိုအပ်သော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို အလွယ်တကူ ရရှိနိုင်စေရန် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်နေသည့် ကုမ္ပဏီ၏ ကတိကဝတ်ကို ထိရောက်စွာ ပေါ်လွင်စေပါသည်။ မဟာဗျူဟာကျကျ တည်ရှိသော ရုံးခွဲကွန်ရက်များမှတစ်ဆင့် ကုမ္ပဏီသည် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍနှစ်ခုလုံးရှိ ဝယ်ယူသုံးစွဲသူများနှင့် နီးကပ်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ရာ လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ နည်းပညာဝန်ဆောင်မှု လိုအပ်ချက်များနှင့် ပြောင်းလဲတိုးတက်နေသော စျေးကွက်ဝယ်လိုအားများကို ထိရောက်လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ဤသို့ ကျယ်ပြန့်စွာ ဖြန့်ကျက်တည်ရှိနိုင်မှုသည် နိုင်ငံတစ်ဝန်းရှိ အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ယုံကြည်စိတ်ချရသော ရေရှည်မိတ်ဖက်အဖြစ် ကွန်ကော့ဒီးယား၏ ရပ်တည်မှုကို ပိုမိုခိုင်မာစေလျက် ရှိပါသည်။

၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ကွန်ကော့ဒီးယား၏ ဝင်ငွေမှာ ကျပ် ၂၃,၅၇၁ သန်း ရရှိခဲ့ပြီး၊ ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ် ရရှိခဲ့သော ကျပ် ၂၁,၈၀၃ သန်းနှင့် နှိုင်းယှဉ်ပါက ယခင်နှစ်ထက် ၈.၁% တိုးတက်လာခဲ့ပါသည်။ ဤကဲ့သို့ ရလဒ်ကောင်းမွန်ရခြင်းသည် အမျိုးအစားစုံလင်သော စီးပွားရေးမော်ဒယ်၏ ကြံ့ခိုင်သန်မာမှု၊ ကျန်းမာရေး၊ အင်ဂျင်နီယာနှင့် ရုံးသုံးစက်ပစ္စည်းဆိုင်ရာ အဖြေရှာမှုများအတွက် အစဉ်တစိုက်ရှိနေသော ဝယ်လိုအားများအပြင်၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လုပ်ငန်းလည်ပတ်မှု ထိရောက်ရေးနှင့် သုံးစွဲသူများအား ပံ့ပိုးကူညီရေးတို့တွင် စဉ်ဆက်မပြတ် အာရုံစိုက် ဆောင်ရွက်ခဲ့မှုတို့ကို ထင်ဟပ်ပေါ်လွင်စေပါသည်။

ကွန်ကော့ဒီးယား (Concordia) သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လုပ်ငန်းဖြန့်ကျက်ထားမှုကို ပိုမိုခိုင်မာစေရန်နှင့် လုပ်ငန်းဌာန အသီးသီး၏ ဝန်ဆောင်မှုဆိုင်ရာ ထူးချွန်ထက်မြက်မှုများကို ပိုမိုမြှင့်တင်ပေးနိုင်ရန် ဆက်လက်ကတိပြု ဆောင်ရွက်လျက် ရှိပါသည်။ အခြေစိုက်ပြီးသား ရုံးခွဲကွန်ရက်ကို နည်းပညာဆိုင်ရာ ကျွမ်းကျင်မှု၊ အရောင်းအပြီး ပံ့ပိုးကူညီနိုင်စွမ်းများနှင့် သုံးစွဲသူဗဟိုပြု အယူအဆများဖြင့် ပေါင်းစပ်ပြီး ကုမ္ပဏီသည် မိမိ၏ လွှမ်းမိုးနိုင်မှုကို ဆက်လက်တိုးချဲ့လျက်ရှိကာ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို ပံ့ပိုးကူညီပေးရာတွင် မိမိ၏ အခန်းကဏ္ဍကို ပိုမိုခိုင်မာအောင် တည်ဆောက်လျက် ရှိပါသည်။

အစုရှယ်ယာရှင်များထံ ပေးပို့သော သဝဏ်လွှာ

လေးစားအပ်ပါသော အစုရှယ်ယာရှင်များခင်ဗျား -

လွန်ခဲ့သော နှစ်တစ်နှစ်သည် အမှန်တကယ်ပင် ထူးခြားဆန်းသစ်သော ဘဏ္ဍာရေးနှစ်တစ်နှစ် ဖြစ်ခဲ့ပါသည်။ ကျွန်ုပ်တို့ အများပိုင်ကုမ္ပဏီအဖြစ် စတင်ခြေလှမ်းခဲ့သည့် ပထမဆုံးနှစ်ကို ပြန်လည်သုံးသပ်ကြည့်ရာတွင် ရရှိခဲ့သော အောင်မြင်မှုများအတွက် အတိုင်းထက်လွန် ဂုဏ်ယူမိသကဲ့သို့ ရှေ့ဆက်သွားမည့် ခရီးစဉ်အတွက်လည်း လွန်စွာစိတ်လှုပ်ရှား ရင်ခုန်ရပါသည်။

လွန်ခဲ့သော နှစ်တစ်နှစ်သည် ပုံမှန်တိုးတက်မှုအဆင့်မျှသာ မဟုတ်ဘဲ ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍ၏ အနာဂတ်အတွက် လျင်မြန်ထက်မြက်သော အုတ်မြစ်တစ်ခုကို ချမှတ်နိုင်ခဲ့သည့် နှစ်တစ်နှစ်လည်း ဖြစ်ခဲ့ပါသည်။ ခေတ်မီဆန်းသစ်သော အခြေခံအဆောက်အအုံများနှင့် ဆေးဘက်ဆိုင်ရာ ထူးချွန်ထက်မြက်မှုများကို ပေါင်းစပ်လိုက်ခြင်းဖြင့် ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (Concordia Public Co., Ltd.) သည် ကုမ္ပဏီတစ်ခုအနေဖြင့် အမြတ်အစွန်း မြင့်မားစွာ ရရှိနိုင်ရုံမျှမက အလွန်အမင်း ထိရောက် ထက်မြက်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့် ရှိနိုင်ကြောင်း သက်သေပြနိုင်ခဲ့ပါသည်။ လွန်ခဲ့သော (၁၂) လတာ ကာလအတွင်း ကျွန်ုပ်တို့၏ မျှော်မှန်းချက်များကို ပြတ်သားသော လုပ်ဆောင်ချက်များအဖြစ် မည်သို့ပြောင်းလဲ အကောင်အထည်ဖော်ခဲ့သည်ကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

၁။ AI နှင့် ဒစ်ဂျစ်တယ် နည်းပညာ တိုးတက်ပြောင်းလဲမှု - အဓိက မောင်းနှင်အားကို ကျွန်ုပ်တို့ တည်ဆောက်ခဲ့ခြင်း

ကျွန်ုပ်တို့သည် နည်းပညာကို အသုံးပြုရုံမျှသာ မဟုတ်ဘဲ မိမိတို့၏ လုပ်ငန်းလည်ပတ်မှု မဟာဗျူဟာကို နည်းပညာက ဦးဆောင်လမ်းပြစေခဲ့ပါသည်။ လွန်ခဲ့သော ဘဏ္ဍာရေးနှစ်အတွင်း ကျွန်ုပ်တို့၏ ကုမ္ပဏီအဖွဲ့အစည်းတစ်ခုလုံး၏ စနစ်များအတွင်း Odoo Enterprise စနစ်ကို အပြည့်အဝ ထည့်သွင်းတပ်ဆင်နိုင်ခဲ့ရာ အချက်အလက်များ သီးခြားစီ ကွဲပြားနေမှုကို ပပျောက်စေခဲ့ပြီး ဦးဆောင်ညွှန်ကြားရေးအဖွဲ့အတွက် ဆုံးဖြတ်ချက်များ မှန်ကန်တိကျစွာ ချမှတ်နိုင်ရန် အချိန်နဲ့တစ်ပြေးညီ တိကျသော အချက်အလက်များကို ပံ့ပိုးပေးနိုင်ခဲ့ပါသည်။

သို့သော် ကျွန်ုပ်တို့သည် ထိုမျှဖြင့် ရပ်တန့်မနေခဲ့ပါ။ အဆင့်မြင့် အချက်အလက် ခွဲခြမ်းစိတ်ဖြာမှုစနစ်များ (Data Analytics) နှင့် အလိုအလျောက် စနစ်များကို အစဉ်တစဉ် လုပ်ငန်းစဉ်များအတွင်း စနစ်တကျ ပေါင်းစပ်ထည့်သွင်းခဲ့ပါသည်။ ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence) ကို အသုံးချခြင်းဖြင့် ပစ္စည်းလက်ကျန် စီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး သုံးစွဲသူများ၏ အတွေ့အကြုံများကို ပိုမိုချောမွေ့ စနစ်ကျစေကာ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အချက်အလက်များကို အမှန်တကယ် ယှဉ်ပြိုင်နိုင်စွမ်းရှိသော အားသာချက်တစ်ခုအဖြစ် ပြောင်းလဲနိုင်ခဲ့ပါသည်။ ကွန်ကော့ဒီးယားသည် ဆေးဘက်ဆိုင်ရာ ထုတ်ကုန် ဖြန့်ဖြူးရေး ကုမ္ပဏီတစ်ခု အဖြစ်သာမကဘဲ နည်းပညာကို အခြေခံသည့် စျေးကွက်ဦးဆောင်သူတစ်ဦးအဖြစ် ရောက်ရှိနေပြီ ဖြစ်ပါသည်။

၂။ မရှိမဖြစ်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဖြေရှာမှုများကိုတိုးချဲ့ဆောင်ရွက်ခြင်း

ကမ္ဘာ့အဆင့်မီ ကျန်းမာရေးစောင့်ရှောက်မှု အခြေခံအဆောက်အအုံများအတွက် ဝယ်လိုအားမှာ မြင့်မားလျက်ရှိပြီး ကွန်ကော့ဒီးယားသည်လည်း ထိုကဲ့သို့ တိုးတက်မှုနှုန်းကောင်းမွန်သည့် ပတ်ဝန်းကျင်တွင် စနစ်တကျ ရပ်တည်လျက်ရှိပါသည်။ ကျွန်ုပ်တို့သည် အဓိကကျသော ကဏ္ဍကြီး (၄) ခုတွင် မိမိတို့၏ ဈေးကွက်လွှမ်းမိုးမှုကို ထိရောက်စွာ တိုးချဲ့နိုင်ခဲ့ပါသည် -

- **ကျောက်ကပ်တု သွေးသန့်စင်ခြင်း (Renal Dialysis)** - လူနာများထံ သို့ အသက်ကယ်တင်နိုင်သော အစဉ်အဆက်မပြတ် ဆန်းသစ်သည့် စောင့်ရှောက်မှု ကွန်ရက်များကို ပိုမိုနီးကပ်စွာ ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။
- **မှန်ပြောင်းကြည့် ရောဂါရှာဖွေကုသခြင်း (Endoscopy)** - နိုင်ငံတစ်ဝန်းရှိ ဆရာဝန်များ ရောဂါရှာဖွေကုသရာတွင် ပိုမိုစွမ်းဆောင် အထောက်အကူပေးနိုင်သည့် အဆင့်မြင့် ရောဂါရှာဖွေရေး စက်ပစ္စည်းများကို ဖြန့်ကျက်တပ်ဆင်ပေးနိုင်ခဲ့ပါသည်။
- **အဆင့်မြင့်ရောဂါရှာဖွေပုံရိပ်ဖော် နည်းပညာများ (Advanced Imaging Technologies)** - ရောဂါရှာဖွေရာ၌ ရှင်းလင်းတိကျမှုတွင် ပြိုင်ဘက်ကင်းသော ပုံရိပ်ဖော် နည်းပညာများဖြင့် ဆေးရုံများအား ပံ့ပိုးပေးနိုင်ခဲ့ပါသည်။
- **ဆေးရုံ အခြေခံအဆောက်အအုံများ (Hospital Infrastructure)** - အနာဂတ်အတွက် စမတ်ကျပြီး ကြံ့ခိုင်သန်မာသော ဆေးဘက်ဆိုင်ရာ အဆောက်အအုံများကို ပုံစံထုတ် ပုံဖော်ပေးနိုင်ခဲ့ပါသည်။

ကျွန်ုပ်တို့၏ ထုတ်ကုန်လိုင်းများကို စုံလင်ကွဲပြားအောင် ဆောင်ရွက်ခြင်းနှင့် ထိပ်တန်း နိုင်ငံတကာ မိတ်ဖက် ဆက်ဆံရေးများကို ခိုင်မာစွာ တည်ဆောက်ခြင်းတို့ဖြင့် ဈေးကွက်ဝေစုကို ရယူနိုင်ရန် အသင့်ဖြစ်နေသည့် လွန်စွာ ကြံ့ခိုင်သော စီးပွားရေးမော်ဒယ်တစ်ခုကို တည်ဆောက်နိုင်ခဲ့ပါသည်။

၃။ လျင်မြန်ထက်မြက်သော အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်ကို အပြည့်အဝ ပုံဖော်ထုတ်ယူခြင်း

မည်မျှပင် ရည်မှန်းချက်ကြီးမားသော မဟာဗျူဟာဖြစ်ပါစေ အကောင်အထည်ဖော်ဆောင်ရွက်မည့် လျင်မြန်ထက်မြက်သော အဖွဲ့အစည်းမရှိပါက အဓိပ္ပာယ်ရှိမည် မဟုတ်ပါ။ လွန်ခဲ့သောနှစ်၏ အဓိကကျသော ကုမ္ပဏီအဖွဲ့အစည်းဆိုင်ရာ ပြန်လည်ဖွဲ့စည်းပုံဖော်မှုများအပြီးတွင် ကျွန်ုပ်တို့သည် The Coaching Firm နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို စဉ်ဆက်မပြတ် မြှင့်တင်ပေးနိုင်ရန်အတွက် စနစ်ကျသော ကုမ္ပဏီတွင်း အီလက်ထရောနစ် သင်ယူမှုစနစ် (eLearning Ecosystem) ကို အကောင်အထည်ဖော်ခဲ့ပါသည်။

ကျွန်ုပ်တို့သည် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ရှိခြင်း၊ ခိုင်မာစွာ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လျင်မြန်စွာ ဆန်းသစ်တီထွင်ခြင်းဆိုင်ရာ လုပ်ငန်းခွင်ယဉ်ကျေးမှုတစ်ခုကို စနစ်တကျ ပျိုးထောင်ပေးလျက် ရှိပါသည်။ ကျွန်ုပ်တို့၏ ဝန်ထမ်းများသည် ပိုမိုထက်မြက်၊ လျင်မြန်လာကြပြီး လျင်မြန်စွာ ပြောင်းလဲတိုးတက်နေသော ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍကို အပြည့်အဝ ဦးဆောင်စိန်ခေါ်နိုင်သည့် အရည်အသွေးများ ပိုင်ဆိုင်ထားပြီး ဖြစ်ပါသည်။

၄။ ရေရှည်တည်တံ့ခိုင်မြဲရေး - ဆယ်စုနှစ်တစ်ခုစာ တိုက်ရိုက်အကောင်အထည်ဖော် ဆောင်ရွက်ချက်များ

ကွန်ကော့ဒီးယား အတွက် လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း (Corporate Social Responsibility - CSR) ဆိုသည်မှာ ဟန်ပြလုပ်ဆောင်ချက်တစ်ခုမျှ မဟုတ်ဘဲ ကျွန်ုပ်တို့၏ ပင်ကိုယ်အမှတ်သင်္ကေတတစ်ခုအဖြစ် အဓိက မဏ္ဍိုင်တစ်ခုအနေဖြင့် တည်ရှိနေခြင်း ကျွန်ုပ်တို့၏ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ခြင်းသည် အစုရှယ်ယာရှင်များ၏ ရေရှည်တန်ဖိုးကို တိုက်ရိုက် ကာကွယ်ပေးခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ ယခုနှစ်တွင် ကျွန်ုပ်တို့သည် အဓိကကျသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်များကို အောက်ပါအတိုင်း တိုးချဲ့ဆောင်ရွက်ခဲ့ပါသည် -

- **၁၀ နှစ်ကျော်တိုင်တိုင် လက်တွေ့ဆောင်ရွက်ချက်များ** - နှစ်စဉ်ကျင်းပမြဲဖြစ်သော ကမ်းခြေသန့်ရှင်းရေး အစီအစဉ်များ၏ (၁၀) နှစ်ကျော် မနားတမ်း ဆောင်ရွက်ခဲ့မှုများကို ဂုဏ်ပြုမှတ်တမ်းတင်နိုင်ခဲ့ပါသည်။
- **ဂေဟစနစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း** - သန္ဓာကျောက်တန်းများ ထိန်းသိမ်းရေးနှင့် ပင်လယ်ရေဝပ်ဒေသ ပြန်လည်ကောင်းမွန်ရေး ကြိုးပမ်းဆောင်ရွက်ချက်များကို တက်ကြွစွာ မောင်းနှင် ဆောင်ရွက်နိုင်ခဲ့ပါသည်။
- **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များ** - ကျွန်ုပ်တို့၏ လုပ်ငန်းခွင် အဆောက်အအုံများအတွင်း တစ်ခါသုံး ပလတ်စတစ် အသုံးပြုမှုများကို တိုင်းတာနိုင်သော ပမာဏအထိလျှော့ချ နိုင်ခဲ့ပါသည်။

အနာဂတ်မျှော်မှန်းချက် - အကောင်းဆုံးသော အချိန်များ ရောက်ရှိလာတော့မည်

ကျွန်ုပ်တို့၏ စည်းစနစ်ကျသော အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ပိုမိုထက်မြက်သည့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ထိရောက်မှုများနှင့် ပစ်မှတ်ထားဆောင်ရွက်သည့် လုပ်ငန်းတိုးချဲ့မှုများသည် အလွန်ပင် ခိုင်မာတောင့်တင်းသည့် ဘဏ္ဍာရေး အခြေအနေတစ်ရပ်ကို ပုံဖော်ပေးနိုင်ခဲ့ပါသည်။ ကျွန်ုပ်တို့သည် အမြတ်အစွန်း ရရှိနေပြီး၊ လုပ်ငန်းစဉ်များ ကျစ်လစ်ခိုင်မာကာ နောက်ထပ်အခန်းကဏ္ဍ အသစ်တစ်ခုအတွက် အပြည့်အဝ အသင့်ဖြစ်လျက် ရှိပါသည်။

ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (Concordia Public Co., Ltd.) သည် ရှေ့ဆက်ရမည့် ခရီးစဉ်အတွက် စတင်ပြင်ဆင်ရုံမျှသာ ရှိပါသေးသည်။ ဒေသတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှု ပံ့ပိုးပေးမှုများကို အသွင်သစ်ဖြင့် ပုံဖော်ရန်၊ ဒစ်ဂျစ်တယ် နည်းပညာ ပေါင်းစပ်မှုကို ဦးဆောင်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေးကို ရှေ့ဆောင်လမ်းပြရန်အတွက် ကျွန်ုပ်တို့သည် ထူးခြားစွာ အသင့်ဖြစ်လျက် ရှိပါသည်။

ဤထူးခြားဆန်းသစ်သော ခရီးစဉ်အတွင်း သင်တို့၏ မမှေးမှိန်သော ယုံကြည်မှု၊ ဘုံမျှော်မှန်းချက်များနှင့် ခိုင်မာသော မိတ်ဖက်ပြုမှုတို့အတွက် အထူးပင် ကျေးဇူးတင်ရှိပါသည်။ အနာဂတ်သည် အလင်းရောင်များ တောက်ပလျက်ရှိပြီး သင်တို့နှင့်အတူ ပူးပေါင်းတည်ဆောက်သွားရန် မနားတမ်း စိတ်လှုပ်ရှား လှုံ့ဆော်လျက် ရှိပါသည်။



လှိုက်လှဲစွာ လေးစား အသိအမှတ်ပြုလျက် -

ဒေါက်တာသန်းဝင်း

ဥက္ကဋ္ဌ

ကွန်ကော့ဒီးယားအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်



ဒါရိုက်တာအဖွဲ့ဝင်များ

ဒါရိုက်တာနှင့် အမှုဆောင်အရာရှိချုပ် (CEO)

ဒေါက်တာသန်းဝင်းကို ၁၉၆၂ ခုနှစ်တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ ဆေးဘက်ဆိုင်ရာ ဘွဲ့ (M.B.B.S.) ကို ရရှိခဲ့ပါသည်။ ၎င်းသည် Australian Medical Council Certificate ကို (၁၉၉၀ ပြည့်နှစ် မတ်လ ၁၇ ရက်နေ့တွင်) ရရှိခဲ့ပြီး FRACS Part I စာမေးပွဲကိုလည်း (၁၉၉၂ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင်) အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ အွန်လိုင်း မဟာစီးပွားရေးစီမံခန့်ခွဲမှုဘွဲ့ (Online MBA) ကို ဆက်လက် ဆည်းပူးအောင်မြင်ခဲ့ပါသည်။

ဒေါက်တာသန်းဝင်းသည် ၁၉၈၉ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ သြစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့တွင် ဆေးဘက်ဆိုင်ရာ ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် ၁၉၉၃ ခုနှစ်တွင် ယခုကုမ္ပဏီကို စတင်တည်ထောင်ခဲ့ပြီး စတင်တည်ထောင်စဉ်ကတည်းကပင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ၂၀၂၂ ခုနှစ်တွင် ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် (CEO) အဖြစ် ခန့်အပ်ခြင်းခံခဲ့ရပါသည်။ ကွန်ကော့ဒီးယားတွင် တာဝန်ယူထားသည့် အခန်းကဏ္ဍအပြင် ၎င်းသည် ABMT Myanmar Co., Ltd နှင့် Myanmar Sports Holiday Co., Ltd. တို့၏ အမှုဆောင်အရာရှိချုပ် (CEO) အဖြစ်လည်း တာဝန်ယူဆောင်ရွက်လျက် ရှိပါသည်။

ထို့အပြင် ၎င်းသည် ABMT Myanmar Co., Ltd၊ Myanmar Sports Holiday Co., Ltd၊ Concordia Thai Co., Ltd.၊ Mahar Yoma Public Co., Ltd.၊ Han Yoma Energy Co., Ltd၊ Royal Yoma Star Public Co., Ltd၊ Rakhine Development Corporation Public Co., Ltd. တို့တွင် ဒါရိုက်တာအဖြစ် လည်းကောင်း၊ Myanmar Kyauk Phyu SEZ Consortium Public Co., Ltd. တွင် ဒါရိုက်တာနှင့် အစုရှယ်ယာရှင်အဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒို အဖွဲ့ချုပ် (MTF) တွင် ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း တာဝန်ယူ ဆောင်ရွက်လျက် ရှိပါသည်။ ဒေါက်တာသန်းဝင်းသည် မြန်မာဘာသာစကားကို မိခင်ဘာသာစကားအဖြစ် ပြောဆိုပြီး အင်္ဂလိပ်ဘာသာစကားကိုလည်း ကျွမ်းကျင်စွာ ပြောဆိုသုံးစွဲနိုင်သူ ဖြစ်ပါသည်။

၎င်း၏ ဦးဆောင်မှုအောက်တွင် ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (Concordia Public Co., Ltd.) သည် ဝန်ထမ်းအင်အား (၄၀၀) နီးပါး၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံအတွင်း ရုံးသုံးစက်ပစ္စည်းများ၊ ဆေးဘက်ဆိုင်ရာ စက်ပစ္စည်းများနှင့် အင်ဂျင်နီယာဆိုင်ရာ စက်ပစ္စည်းများကို အဓိက တင်သွင်းဖြန့်ဖြူးသည့် ထိပ်တန်းကုမ္ပဏီတစ်ခု ဖြစ်လာခဲ့ပါသည်။ ကုမ္ပဏီသည် စဉ်ဆက်မပြတ် တိုးတက်လာမှုနှင့် အဖွဲ့အစည်း ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေး ကတိကဝတ်များကို ထင်ဟပ်ပေါ်လွင်စေလျက် ရန်ကုန်စတော့ အိတ်ချိန်း (YSX) တွင် စာရင်းဝင်ကုမ္ပဏီအဖြစ် ပါဝင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။

၎င်းသည် ၂၀၁၄ ခုနှစ်တွင် အဏ္ဏဝါပညာပေးရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကို မြှင့်တင်ရန်အတွက် အကျိုးအမြတ်မယူသော မြန်မာနိုင်ငံ ရေအောက်အဖွဲ့ချုပ် (Myanmar Underwater Federation) ကို တည်ထောင်ခဲ့ပြီး ကမ်းခြေသန့်ရှင်းရေးနှင့် သန္တာကျောက်တန်း ထိန်းသိမ်းရေး လုပ်ငန်းများကို အဓိကထား လုပ်ဆောင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်မှစ၍ ငွေဆောင်ကမ်းခြေ၌ ရေငုပ်စခန်းတစ်ခု ကိုလည်း ဖွင့်လှစ်ခဲ့ပြီး အမေရိကန်ပြည်ထောင်စု၊ ရေငုပ်နည်းပြများအသင်း (PADI) မှ ပေးအပ်သော Dive Master လက်မှတ်ကိုလည်းရရှိထားသူဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတွင် ဦးဆောင်ပါဝင်ခဲ့မှုကြောင့် MUF သည် မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာပေးခြင်းနှင့် ရေရှည်တည်တံ့သော ပင်လယ်ရေဝပ်ဒေသ ထိန်းသိမ်းရေးတို့တွင် စဉ်ဆက်မပြတ် ပါဝင်ကူညီပေးခဲ့မှုကို အသိအမှတ်ပြုသည့်အနေဖြင့် ကုလသမဂ္ဂ အိုးအိမ်နှင့် မြို့ပြဖွံ့ဖြိုးရေး အစီအစဉ် (UN-Habitat) မှ ကျင်းပသော Myanmar Climate Action Forum ၏ ၂၀၂၄ ခုနှစ်အတွက် သံတမန် (2024 Ambassador) အဖြစ် ဂုဏ်ပြုချီးမြှင့်ခြင်း ခံခဲ့ရပါသည်။



ဒါရိုက်တာအဖွဲ့ဝင်များ

ဒါရိုက်တာ

ဒေါ်တင်တင်အေး သည် ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (၁၉၉၆ ခုနှစ်မှစ၍)၊ ABMT Myanmar Co., Ltd. (၂၀၁၄ ခုနှစ်မှစ၍) နှင့် Myanmar Sports Holiday Co., Ltd. (၂၀၁၆ ခုနှစ်မှစ၍) တို့တွင် ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။ ၎င်းသည် မြန်မာဘာသာစကားကို မိခင်ဘာသာစကားအဖြစ် ပြောဆိုပြီး အင်္ဂလိပ်ဘာသာစကား ကိုလည်း ကျွမ်းကျင်စွာ ပြောဆိုသုံးစွဲနိုင်သူ ဖြစ်ပါသည်။

၎င်းသည် ဩစတြေးလျ စီးပွားရေးဆိုင်ရာ အင်စတီကျု (Australian Institute of Business) မှ မဟာစီးပွားရေးစီမံခန့်ခွဲမှုဘွဲ့ (MBA) ကို ရရှိထားသူ ဖြစ်ပါသည်။

ဒေါ်တင်တင်အေးကို မြန်မာနိုင်ငံတွင် မွေးဖွားခဲ့ပြီး ဩစတြေးလျနိုင်ငံ၌ ကြီးပြင်းခဲ့ပါသည်။ ၁၉၉၆ ခုနှစ်တွင် မိမိကိုယ်ပိုင် စီးပွားရေးလုပ်ငန်းဖြစ်သော ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ကို စတင်တည်ထောင်ရန် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုမီ ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၆ ခုနှစ်အထိ ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့ရှိ ဩစတြေးလျ သန်းခေါင်စာရင်းဌာန (Australian Census) နှင့် ထင်ရှားသော ဆက်သွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Optus တို့တွင် တန်ဖိုးရှိသော အလုပ်အကိုင် အတွေ့အကြုံများကို ဆည်းပူးခဲ့ပါသည်။

ဒေါ်တင်တင်အေးသည် ဒါရိုက်တာတစ်ဦးအဖြစ် အဖွဲ့အစည်းဆိုင်ရာ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်၊ မဟာဗျူဟာမြောက် လမ်းညွှန်မှုများနှင့် ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကို ပံ့ပိုးပေးခြင်းဖြင့် ကုမ္ပဏီအတွက် ဆက်လက်ပါဝင်ကူညီလျက် ရှိပါသည်။ ၎င်း၏ နိုင်ငံတကာ အတွေ့အကြုံများ၊ စီးပွားရေး အမြင်များနှင့် ကာလရှည်ကြာ ဦးဆောင်မှု အခန်းကဏ္ဍတို့သည် မြန်မာနိုင်ငံအတွင်း ကုမ္ပဏီ၏ တိုးတက်ပြောင်းလဲမှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများအတွက် များစွာ အထောက်အကူပြုခဲ့ပါသည်။



ဒါရိုက်တာအဖွဲ့ဝင်များ

ဒါရိုက်တာနှင့် ဒုတိယအမှုဆောင်အရာရှိချုပ်

ဦးဘရန်ဒန်မောင်ဝင်း ကို ၁၉၉၆ ခုနှစ်တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့ပြီး အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်၊ လော့စ်အိန်ဂျလိစ်မြို့ရှိ ဂုဏ်သိက္ခာကြီးမားသော ဂျက်ဆွစ် (Jesuit) အဖွဲ့အစည်းဆိုင်ရာ တက္ကသိုလ် တစ်ခုဖြစ်သည့် Loyola Marymount University မှ စီးပွားရေး စီမံခန့်ခွဲမှု ဆိုင်ရာဘွဲ့ (Bachelor's Degree in Business Management and Administration) ကို ရရှိခဲ့ပါသည်။ ထို့အပြင် Marymount California University မှ Associate's Degree (AA) ကိုလည်း ရရှိထားသူ ဖြစ်ပါသည်။ ၎င်းသည် မြန်မာဘာသာစကားကို မိခင်ဘာသာစကားအဖြစ် ပြောဆိုပြီး အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်စွာ ပြောဆိုသုံးစွဲနိုင်သည့်အပြင် ထိုင်းဘာသာစကားကိုလည်း အသင့်အတင့် ပြောဆိုနိုင်သူ ဖြစ်ပါသည်။

၎င်းသည် ပညာသင်ကြားပြီးစီးပြီးနောက် အမေရိကန်ပြည်ထောင်စု၏ ထိပ်တန်း ဆက်သွယ်ရေးကွန်ရက် တစ်ခုဖြစ်သည့် Verizon တွင် အကောင့်မန်နေဂျာ (Account Manager) အဖြစ် စတင်ဝင်ရောက် လုပ်ကိုင်ခဲ့ပါသည်။ ထိုသို့ တာဝန်ထမ်းဆောင်စဉ်အတွင်း အဖွဲ့ဝင်များ အမှန်တကယ် ထိရောက်ထက်မြက်ပြီး ယုံကြည်မှုရှိလာစေရန် လေ့ကျင့်သင်ကြားပေးခြင်းနှင့် လမ်းညွှန်ပြသပေးခြင်း အပါအဝင် မတူညီသော ဦးဆောင်မှု အခန်းကဏ္ဍများကို တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ ၎င်းသည် ဆွေးနွေးပွဲများ ဦးစီးကျင်းပခြင်း၊ ဝန်ထမ်းသစ်များအား အင်တာဗျူးစစ်ဆေးခြင်းနှင့် ကုမ္ပဏီအတွက် စွမ်းဆောင်ရည်မြင့်မားသော အဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရေး ထိပ်တန်းအရာရှိကြီးများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို လုပ်ဆောင်ခဲ့ပါသည်။

၎င်းသည် ၂၀၂၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ အမေရိကန်ပြည်ထောင်စုရှိ CLA Global Inc./Verizon တွင် အကောင့်မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ထိုကာလအတွင်း ဆက်သွယ်ရေး လုပ်ငန်းကဏ္ဍဆိုင်ရာ အသက်မွေးဝမ်းကျောင်း အတွေ့အကြုံများကို ပျိုးထောင်ဆည်းပူးခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စုတွင် လုပ်ကိုင်ခဲ့သည့် အလုပ်အကိုင်ဆိုင်ရာ ဗဟုသုတများနှင့် အတွေ့အကြုံများစွာကို ရရှိခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီး ယခုအခါ ကွန်ကော့ဒီးယားတွင် ဒုတိယအမှုဆောင်အရာရှိချုပ် (Deputy Chief Executive Officer) အဖြစ် မိမိ၏ ကျွမ်းကျင်မှုများကို ထည့်ဝင်ပံ့ပိုးလျက် ရှိပါသည်။ ၎င်းသည် စီးပွားရေး စွမ်းဆောင်ရည်၊ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများကို ပိုမိုခိုင်မာအားကောင်းလာစေရန် အမေရိကန် လုပ်ငန်းခွင်ယဉ်ကျေးမှုမှ အယူအဆ အသစ်များကို ယူဆောင်လာပြီး ကုမ္ပဏီ၏ မဟာဗျူဟာမြောက်နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ တိုးတက်မှု များတွင် လက်ရှိ ပံ့ပိုးကူညီပေးလျက် ရှိပါသည်။ ထို့အပြင် ABMT Myanmar Co., Ltd၊ Myanmar Sports Holiday Co., Ltd နှင့် Royal Yoma Star Public Co., Ltd. တို့တွင်လည်း ဒါရိုက်တာအဖြစ် တာဝန်ယူ ဆောင်ရွက်လျက် ရှိပါသည်။



ဒါရိုက်တာအဖွဲ့ဝင်များ

ဒါရိုက်တာ

ဒေါ်အေမီမီမိုင်း သည် ရာဇဝတ်ဗေဒနှင့် ဥပဒေပညာရပ်များတွင် ခိုင်မာသော ပညာရေးအခြေခံကို ပိုင်ဆိုင်ထားပြီး လူမှုအကျိုးပြု ထူးချွန်ထက်မြက်သူတစ်ဦး ဖြစ်ပါသည်။ ၎င်းသည် အမေရိကန်ပြည်ထောင်စု၏ ထိပ်တန်း **Ivy League** တက္ကသိုလ်တစ်ခုဖြစ်သည့် University of Pennsylvania မှ ရာဇဝတ်ဗေဒ အထူးပြုဖြင့် ဝိဇ္ဇာဘွဲ့ (Bachelor of Arts in Criminology) ကို အထူးဂုဏ်ထူးဆောင်တန်း (Summa Cum Laude) ဖြင့် အောင်မြင်ခဲ့ပြီး University of Maryland, College Park တွင်လည်း ပညာသင်ကြားခဲ့ပါသည်။ ၎င်း၏ ပညာရေးခရီးစဉ်သည် လူမှုတရားမျှတမှု၊ လူ့အခွင့်အရေးနှင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများပေါ်တွင် နက်ရှိုင်းသော ကတိကဝတ်ပြုထားမှုကို ထင်ဟပ်ပေါ်လွင်စေပါသည်။

၂၀၂၂ ခုနှစ် နိဝင်ဘာလမှ ၂၀၂၃ ခုနှစ် ဇူလိုင်လအထိ HIAS Pennsylvania အဖွဲ့အစည်းတွင် Immigrant Wellness Case Manager အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ရွှေ့ပြောင်းအခြေချသူ လူ့အသိုင်းအဝိုင်းများအတွက် စာနာနားလည်မှု၊ ကျွမ်းကျင်ပြည့်ဝမှုတို့ဖြင့် ကူညီပံ့ပိုးပေးခြင်းနှင့် ကူညီကာကွယ်ပေးခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ ၎င်းသည် မြန်မာဘာသာစကားကို မိခင်ဘာသာစကားအဖြစ် ပြောဆိုပြီး အင်္ဂလိပ်ဘာသာစကားကိုလည်း ကျွမ်းကျင်စွာ ပြောဆိုသုံးစွဲနိုင်သူဖြစ်ရာ လူ့အသိုင်းအဝိုင်း၏ သာယာဝပြောရေးကို မြှင့်တင်ရန်အတွက် ယဉ်ကျေးမှုနှင့် ဘာသာစကားဆိုင်ရာ ကွာဟချက်များကို ထိရောက်စွာ ပေါင်းကူးပေးနိုင်ခဲ့ပါသည်။

ဒေါ်အေမီ၏ လူမှုကျိုးပြုလုပ်ငန်းများအပေါ် စိတ်ဆန္ဒထက်သန်မှုသည် University of Maryland ရှိ Mental Health Help Centre Hotline နှင့် အရှေ့တောင်အာရှ ဒုက္ခသည်များအတွက် လူမှုအသိုင်းအဝိုင်း အစီအစဉ်များ အပါအဝင် အဖွဲ့အစည်းပေါင်းစုံတွင် စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ဆောင်ရွက်ခဲ့မှုများအထိ ကျယ်ပြန့်ခဲ့ပါသည်။ ၎င်း၏ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထူးချွန်မှုများကို တက္ကသိုလ်အဆင့် အင်္ဂလိပ်စာသင်ရိုးများတွင် သင်ကြားရေးအကူ (Teaching Assistant)၊ ရာဇဝတ်ဗေဒ စာအုပ်စာစောင်များ ဆိုင်ရာ သုတေသနအကူ (Research Assistant) နှင့် ကျောင်းပြင်ပ ပညာရေးဆောင်ရွက်ချက်များတွင် ပါဝင်ကူညီသူအဖြစ် တာဝန်ယူခဲ့သည့် အခန်းကဏ္ဍများတွင် ပိုမိုတွေ့ရှိနိုင်ပါသည်။ ထို့အပြင် ၎င်း၏ ထူးချွန်သော ပညာရည်စွမ်းဆောင်ရည်နှင့် သုတေသနဆိုင်ရာ အောင်မြင်မှုများကြောင့် Dean's List Award နှင့် Guttman Doyle Research Opportunities Fund ဆုတို့ကို ဂုဏ်ပြုချီးမြှင့်ခြင်း ခံခဲ့ရပါသည်။

ဒေါ်အေမီမီမိုင်းသည် လက်ရှိတွင် ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် နှင့် ABMT Myanmar Co., Ltd. တို့၌ ဒါရိုက်တာအဖြစ် တာဝန်ယူ ဆောင်ရွက်လျက် ရှိပါသည်။ ၎င်းသည် မိမိ၏ ပညာရေးအခြေခံ၊ နိုင်ငံတကာ အတွေ့အကြုံများနှင့် လူမှုအသိုင်းအဝိုင်းအပေါ် အခြေပြုသော လုပ်ငန်းအတွေ့အကြုံများကို အသုံးချ၍ ကုမ္ပဏီ၏ အဖွဲ့အစည်းဆိုင်ရာ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်၊ မဟာဗျူဟာမြောက် စီမံခန့်ခွဲမှုနှင့် ရေရှည်တည်တံ့သော တိုးတက်ရေး လုပ်ငန်းစဉ်များတွင် ထည့်ဝင်ပံ့ပိုးပေးလျက် ရှိပါသည်။ ၎င်း၏ ပါဝင်ဆောင်ရွက်မှုသည် ကုမ္ပဏီ၏ ဦးဆောင်မှု စွမ်းဆောင်ရည်ကို ပိုမိုအားကောင်းစေပြီး မြန်မာနိုင်ငံ၏ လျင်မြန်စွာ ပြောင်းလဲတိုးတက်နေသော စီးပွားရေးပတ်ဝန်းကျင်အတွင်း ကုမ္ပဏီ ဆက်လက်ဖွံ့ဖြိုး တိုးတက်ရေးအတွက် များစွာ အထောက်အကူပြုလျက် ရှိပါသည်။

(မှတ်ချက် - Ivy League ဆိုသည်မှာ အမေရိကန်ပြည်ထောင်စု အရှေ့မြောက်ပိုင်းရှိ ထူးချွန်ထက်မြက်သော ပညာရေးစံနှုန်းများ၊ စိစစ်ရွေးချယ်မှု မြင့်မားသော ကျောင်းဝင်ခွင့်များနှင့် သမိုင်းဝင် ထင်ရှားကျော်ကြားမှု တို့ကြောင့် လူသိများသည့် ထိပ်တန်းတက္ကသိုလ် (၈) ခုဖြစ်သော Harvard, Yale, Princeton, Columbia, Brown, Dartmouth, Cornell နှင့် University of Pennsylvania တို့ကို ညွှန်းဆိုခြင်း ဖြစ်ပါသည်။)



ဒါရိုက်တာအဖွဲ့ဝင်များ

လွတ်လပ်သော ဒါရိုက်တာနှင့် အမည်စာရင်းတင်သွင်းရေးကော်မတီဥက္ကဋ္ဌ

ဒေါက်တာသာထွန်းဦး သည် မီဒီယာ၊ စာပေထုတ်ဝေရေး၊ စျေးကွက်မြှင့်တင်ရေး၊ ဖြန့်ဖြူးရေး၊ လက်လီရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍတို့တွင် ဆယ်စုနှစ်များစွာ အတွေ့အကြုံရှိသည့် လေးစားဖွယ် စီးပွားရေးခေါင်းဆောင်တစ်ဦးနှင့် မဟာဗျူဟာကျွမ်းကျင်သူ ဖြစ်ပါသည်။ သူသည် ရန်ကုန်မြို့မှ တိရစ္ဆာန်ဆေးပညာဘွဲ့ကို ရရှိထားပြီး ကယ်လီဖိုးနီးယားပြည်နယ်၊ Stanford တက္ကသိုလ်မှ Stanford Professional Publishing Course (SPPC) နှင့် AOTS (ဂျပန်) ၏ ပြည်ပနည်းပညာ ပညာသင်ဆု အစီအစဉ်များ (Overseas Technical Scholarship Program - AOTS) မှတစ်ဆင့် နိုင်ငံတကာ သင်တန်းများကို ရယူခဲ့ကာ ပညာရပ်ဆိုင်ရာ ထူးချွန်မှုနှင့် လက်တွေ့ကျသော ကျွမ်းကျင်မှုများကို ပေါင်းစပ်ဖော်ဆောင်ထားသူ ဖြစ်ပါသည်။

၎င်းသည် လက်ရှိတွင် Today Media and Information Limited (၁၉၉၃ ခုနှစ်မှစ၍)၊ TODAY Publishing House Limited၊ Myanmar SPA TODAY Forest Advertising Limited၊ Premium Marketing Limited၊ Treasure Troth Limited၊ TODAY Ogilvy Myanmar၊ Myanmar Convenience Stores Company Limited နှင့် Media Intelligence (Myanmar) Co. Ltd. တို့တွင် ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။ ဒေါက်တာသာထွန်းဦးသည် ဤသီးခြားလွတ်လပ်သော အဖွဲ့အစည်းများနှင့် ဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်မှုများမှတစ်ဆင့် မြန်မာနိုင်ငံ၏ မီဒီယာ၊ စာပေထုတ်ဝေရေး၊ ကြော်ငြာ၊ စျေးကွက်မြှင့်တင်ရေးနှင့် လက်လီရောင်းဝယ်ရေး စက်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော ထည့်ဝင်ပံ့ပိုးမှုများကို ပြုလုပ်ခဲ့ပါသည်။

ဒေါက်တာသာထွန်းဦးသည် ထင်ရှားသော စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်း အသင်းအဖွဲ့များတွင် ခေါင်းဆောင်မှုရာထူးများစွာကို တာဝန်ယူခဲ့ဖူးသူ ဖြစ်ပါသည်။ ၎င်းသည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) တွင် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် တစ်ဦးအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် စာအုပ်ရောင်းချသူများအသင်း (MPBA) ကို ပူးတွဲထူထောင်သူနှင့် ပထမဆုံး အသင်းဥက္ကဋ္ဌအဖြစ် (၂၀၁၂-၂၀၁၈) လည်းကောင်း၊ အာဆီယံ စာပေထုတ်ဝေသူနှင့် စာအုပ်ရောင်းချသူများအသင်း၏ ဥက္ကဋ္ဌအဖြစ် (၂၀၁၇-၂၀၁၈) လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့ပြင် မြန်မာနိုင်ငံ ကြော်ငြာအေဂျင်စီများအသင်း (AAAM) ကို ပူးတွဲထူထောင်သူနှင့် ပထမဆုံး အသင်းဥက္ကဋ္ဌအဖြစ် (၂၀၁၆-၂၀၂၆) တာဝန်ယူခဲ့ပြီး အမျိုးသား YMCA (Young Men's Christian Association) ၏ ဒုတိယဥက္ကဋ္ဌအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ စာပေထုတ်ဝေရေး လုပ်ငန်းကဏ္ဍတွင် TODAY Publishing House Limited အောက်ရှိ TODAY၊ LifeStyle၊ ဒီဂရု ကျန်းမာရေး၊ PC World၊ CEO နှင့် ပလုတ်တုတ် ကလေးမဂ္ဂဇင်း အပါအဝင် ထုတ်ဝေကဏ္ဍ အမြောက်အမြားတွင် အယ်ဒီတာချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

လက်ရှိတွင် ဒေါက်တာသာထွန်းဦးသည် ရန်ကုန်မြို့ ်Immanuel နှစ်ခြင်းအသင်းတော်၏ ကြီးကြပ်ရေး ဘုတ်အဖွဲ့ဝင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ ဒီဂျစ်တယ်စီးပွားရေးအသင်း၏ အလုပ်အမှုဆောင် ကော်မတီဝင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ထို့ပြင် ပထမပုဂ္ဂလိကဘဏ် (First Private Bank - FPB) ၏ အကြံပေးအဖြစ်လည်း ဆောင်ရွက်လျက်ရှိပါသည်။ ၎င်း၏ စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ တာဝန်ယူမှုများအပြင် စာအုပ်ပေါင်း ၂၀ ကျော်နှင့် ဆောင်းပါးပေါင်း ရာပေါင်းများစွာကို ရေးသားထုတ်ဝေခဲ့သော အောင်မြင်သည့် စာရေးဆရာတစ်ဦးဖြစ်ပြီး အတွေ့အကြုံရှိ အများပြည်သူဆိုင်ရာ ဟောပြောသူတစ်ဦးလည်း ဖြစ်ပါသည်။

ဒေါက်တာသာထွန်းဦးသည် ၎င်း၏ ကျယ်ပြန့်သော အတွေ့အကြုံ၊ ခေါင်းဆောင်မှုနှင့် စီးပွားရေး၊ အသက်မွေးဝမ်းကျောင်း အသင်းအဖွဲ့များ၊ စာပေထုတ်ဝေရေးနှင့် လူမှုအသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုများမှတစ်ဆင့် အဖိုးတန်သော မဟာဗျူဟာမြောက် အမြင်များ၊ ကျယ်ပြန့်သော စက်မှုလုပ်ငန်းဆိုင်ရာ ဗဟုသုတများနှင့် လက်တွေ့ကျသော ကျွမ်းကျင်မှုများကို ဒါရိုက်တာအဖွဲ့ထံ ပံ့ပိုးပေးလျက်ရှိပြီး ကုမ္ပဏီ၏ မဟာဗျူဟာမြောက် ဦးတည်ချက်နှင့် အုပ်ချုပ်မှုပုံစံကို အထောက်အကူ ပြုလျက်ရှိပါသည်။



ဒါရိုက်တာအဖွဲ့ဝင်များ

လွတ်လပ်သော ဒါရိုက်တာနှင့် အခကြေးငွေကော်မတီ ဥက္ကဋ္ဌ

ဒေါ်လင်းလင်းတင်ထွန်း သည် စီးပွားရေးဆိုင်ရာ ဦးဆောင်မှု၊ ဈေးကွက်မြှင့်တင်ရေးနှင့် ဆက်သွယ်ရေး လုပ်ငန်းများတွင် လက်တွေ့အတွေ့အကြုံ (၂၅) နှစ်ကျော် ရှိထားသည့် အတွေ့အကြုံရင့် စီးပွားရေးလုပ်ငန်းရှင်နှင့် ဈေးကွက်မြှင့်တင်ရေး မဟာဗျူဟာကျွမ်းကျင်သူတစ်ဦး ဖြစ်ပါသည်။ ၎င်းသည် မိမိ၏ အခန်းကဏ္ဍများတွင် လက်တွေ့ကျသော အမြင်များနှင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများကို ပေါင်းစပ်ထည့်သွင်းနိုင်သူဖြစ်ရာ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေး ကဏ္ဍနှစ်ခုလုံးတွင် လေးစားခံရသည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါသည်။

၎င်းသည် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ကုန်သွယ်ရေးဘွဲ့ (Bachelor of Commerce) ကို ရရှိခဲ့ပြီး ဆန်းသစ်တီထွင်မှု၊ စီးပွားရေးလုပ်ငန်းစတင်တည်ထောင်မှု၊ အဇ္ဈတ်ပြုမှုဆိုင်ရာ လုပ်ငန်းများ၊ ဦးဆောင်မှုနှင့် ဒစ်ဂျစ်တယ် ဈေးကွက်မြှင့်တင်ရေး စသည့် နယ်ပယ်ပေါင်းစုံတွင် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ စွမ်းဆောင်ရည်များကို ဆက်လက် ဆည်းပူးခဲ့သူ ဖြစ်ပါသည်။

LadyBella နှင့် MamaBella အမျိုးသမီး ဝတ်စုံအမှတ်တံဆိပ်များ၏ မိခင်ကုမ္ပဏီဖြစ်သော KKKL Company Limited ၏ တည်ထောင်သူနှင့် ဒါရိုက်တာအဖြစ် လည်းကောင်း၊ Mango Advertising and Media Group Myanmar ၏ ပူးတွဲတည်ထောင်သူနှင့် ဒါရိုက်တာအဖြစ် လည်းကောင်း မြန်မာနိုင်ငံ၏ မီဒီယာနှင့် လက်လီရောင်းဝယ်ရေး စက်မှုကဏ္ဍများကို မြှင့်တင်ရာတွင် ရှေ့ဆောင်လမ်းပြ အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ ၎င်းသည် Khit Thit Thalun Co., Ltd ၏ အမှုဆောင်ဒါရိုက်တာအဖြစ် တာဝန်ယူထားပြီး ၎င်း၏ ဦးဆောင်မှုဖြင့် အမျိုးသမီး စီးပွားရေးလုပ်ငန်းများကို တိုးတက်စေခဲ့ကာ မြန်မာနိုင်ငံ၏ မီဒီယာနှင့် လက်လီရောင်းဝယ်ရေး စက်မှုကဏ္ဍများကို ခိုင်မာအားကောင်းစေခဲ့ပါသည်။

၎င်း၏ ကုမ္ပဏီဆိုင်ရာ တာဝန်များအပြင် မြန်မာနိုင်ငံ ကြော်ငြာအေဂျင်စီများအသင်းနှင့် မြန်မာအမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်များ ကွန်ရက်အသင်း (MYWEN) တို့တွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်လျက် ရှိပါသည်။ ထို့အပြင် Rotary International အတွင်း၌ အသင်းဝင် ရိုတာရီယန်၊ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ၊ အသင်းအတွင်းရေးမှူး စသည့် အဓိကတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ရန်ကုန် ရိုတာရီကလပ်၏ ရွေးချယ်ခံဥက္ကဋ္ဌ (President Elect 2025–2026) အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။

လမ်းညွှန်ပြသပေးခြင်းနှင့် လူမှုအသိုင်းအဝိုင်း စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းတို့တွင် စိတ်စေတနာ ထက်သန်မှုကြောင့် လူသိများသူဖြစ်ပြီး လူငယ်စီးပွားရေးလုပ်ငန်းရှင်များကို တက်ကြွစွာ ပံ့ပိုးပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ စွမ်းဆောင်ရည်များ မြှင့်တင်ပေးခြင်းနှင့် မဟာဗျူဟာမြောက် ဈေးကွက်မြှင့်တင်ရေး လုပ်ငန်းများကို လက်တွေ့ကျသော ရလဒ်များနှင့် ပေါင်းကူးပေးခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။ ဤထူးခြားသော အရည်အသွေးများသည် ကုမ္ပဏီ၏ တိုးတက်မှု၊ အမှတ်တံဆိပ် မဟာဗျူဟာနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ထည့်ဝင်ပံ့ပိုးပေးနိုင်သည့် အဓိကနေရာတစ်ခု၌ ၎င်းအား ရပ်တည်စေလျက် ရှိပါသည်။



ဒါရိုက်တာအဖွဲ့ဝင်များ

လွတ်လပ်သော ဒါရိုက်တာနှင့် စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေကော်မတီ ဥက္ကဋ္ဌ

ဦးမင်းဟန်ထွန်း သည် စာရင်းစစ်စနစ်၊ အဖွဲ့အစည်းဆိုင်ရာ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်၊ ဘဏ္ဍာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေး နယ်ပယ်တို့တွင် ထင်ရှားသည့် အောင်မြင်မှု မှတ်တမ်းများ ပိုင်ဆိုင်ထားသူဖြစ်ပြီး မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ဘဏ္ဍာရေး ကဏ္ဍများတွင် လေးစားသမှု ခံယူထားရသူတစ်ဦး ဖြစ်ပါသည်။ ၎င်းသည် အမေရိကန်ပြည်ထောင်စု၊ ပင်ဆယ်လ်ဗေးနီးယား ပြည်နယ်ရှိ Elizabethtown College မှ ဘဏ္ဍာရေးဆိုင်ရာ အထူးပြုဖြင့် နိုင်ငံတကာစီးပွားရေးဆိုင်ရာ သိပ္ပံဘွဲ့ (Bachelor of Science in International Business) ကို ရရှိခဲ့ပြီး အတန်းထဲတွင် အမြဲတမ်း ထိပ်တန်းအဆင့်မှ အောင်မြင်ခဲ့သူ ဖြစ်ပါသည်။

လက်ရှိတွင် ဦးမင်းဟန်ထွန်းသည် United Paints Group Co., Ltd. (UPG) ၏ ကုမ္ပဏီတွင်း စာရင်းစစ်ဌာန ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိပြီး ထိုကုမ္ပဏီ၏ စာရင်းစစ်ကော်မတီ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ အဖွဲ့အစည်းဆိုင်ရာ အုပ်ချုပ်မှုစနစ် ပြင်ဆင်ရေး ကော်မတီ၏ အတွင်းရေးမှူး အဖြစ် လည်းကောင်း တာဝန်ယူ၍ အုပ်ချုပ်မှုစနစ်နှင့် ကုမ္ပဏီတွင်း ထိန်းချုပ်မှုများ ပိုမိုအားကောင်းလာစေရေး လုပ်ငန်းစဉ်များကို ဦးဆောင်ဆောင်ရွက်လျက် ရှိပါသည်။

ထို့ အပြင် H Valley Myanmar Co., Ltd. နှင့် Matrix Strategic Holding Co., Ltd. တို့၏ ဘုတ်အဖွဲ့ဝင် တစ်ဦးအဖြစ်လည်း ပါဝင်ဆောင်ရွက်လျက် ရှိပြီး ဧည့်ဝတ်ပြုမှုဆိုင်ရာ လုပ်ငန်းများ၊ အိမ်ခြံမြေနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်များတွင် မဟာဗျူဟာမြောက် လမ်းညွှန်မှုများကို ပံ့ပိုးပေးလျက် ရှိပါသည်။

၎င်းသည် Matrix Institute of Professionals ၏ ပူးတွဲတည်ထောင်သူနှင့် ပညာရေးဆိုင်ရာ ဒါရိုက်တာအဖြစ် လည်းကောင်း၊ Matrix Solutions (MX Business Advisory Group) ၏ ပါတနာအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့မှုများမှတစ်ဆင့် စီးပွားရေးလုပ်ငန်းများကို ရေရှည်တည်တံ့သော တိုးတက်မှုနှင့် လုပ်ငန်းလည်ပတ်မှု ထိရောက်ထက်မြက်ရေးတို့အတွက် အကြံဉာဏ်များ ပေးအပ်ရင်း မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှင့် စာရင်းစစ်ဆိုင်ရာ မျိုးဆက်သစ် လူငယ်များကို မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ ထို့အပြင် British Council Myanmar ၏ လူမှုစီးပွားရေး အကြံပေးပုဂ္ဂိုလ်တစ်ဦးအဖြစ် ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဘဏ္ဍာရေးဆိုင်ရာ ရေရှည်တည်တံ့မှု တိုးတက်လာစေရန် ကူညီပံ့ပိုးပေးခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စုနှင့် မြန်မာနိုင်ငံတို့တွင် ဘဏ္ဍာရေးနှင့် စိစစ်ဆန်းစစ်မှုဆိုင်ရာ တာဝန်များကို ထမ်းဆောင်ခဲ့ဖူးသည့် ၎င်း၏ အတွေ့အကြုံ နောက်ခံသည် နိုင်ငံတကာအမြင်နှင့် နည်းပညာဆိုင်ရာ နက်ရှိုင်းသော ကျွမ်းကျင်မှုများကို ပိုင်ဆိုင်စေခဲ့ပါသည်။

ဦးမင်းဟန်ထွန်း၏ စာရင်းစစ်စနစ်၊ အဖွဲ့အစည်းဆိုင်ရာ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် ပညာရေးဆိုင်ရာ ဦးဆောင်မှု အရည်အသွေးများသည် ကုမ္ပဏီ၏ စည်းမျဉ်းလိုက်နာမှု၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်တည်တံ့သော တိုးတက်မှုတို့အတွက် လွန်စွာ တန်ဖိုးရှိသော ထည့်ဝင်ပံ့ပိုးသူတစ်ဦး ဖြစ်စေပါသည်။

အဓိက စီမံခန့်ခွဲသူများ

ဒေါက်တာသူရိန်ထွန်း (Chief Sales Officer)



ဒေါက်တာသူရိန်ထွန်း သည် ဆေးဘက်ဆိုင်ရာ ဘွဲ့ (M.B.B.S.) ကို ရရှိထားသူဖြစ်ပြီး ကျန်းမာရေး စောင့်ရှောက်မှု ကဏ္ဍအတွင်း အရောင်းနှင့် ဆေးဘက်ဆိုင်ရာ စက်ပစ္စည်း လုပ်ငန်းများတွင် အတွေ့အကြုံ (၁၅) နှစ်ကျော် ရှိထားသည့် အတွေ့အကြုံရင့် ကျွမ်းကျင်သူတစ်ဦး ဖြစ်ပါသည်။ ၎င်းသည် ဆေးဘက်ဆိုင်ရာ စက်ပစ္စည်းများ၊ တင်ဒါ စီမံခန့်ခွဲမှုနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းစဉ်များတွင် နက်ရှိုင်းသော ကျွမ်းကျင်မှု ပိုင်ဆိုင်ထားသူ ဖြစ်ပါသည်။

၎င်းသည် လက်ရှိတွင် ကုမ္ပဏီ၏ Chief Sales Officer အဖြစ် တာဝန်ထမ်းဆောင်လျက် ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရောင်းအဖွဲ့ကို ဦးဆောင်ခြင်း၊ ကုမ္ပဏီ၏ ဘဏ္ဍာရေး ဝင်ငွေ မဟာဗျူဟာများကို မောင်းနှင်ခြင်းနှင့် စီးပွားရေး လုပ်ငန်းစဉ်များကို အဓိက ကြီးကြပ်ခြင်းတို့ ဆောင်ရွက်လျက် ရှိပါသည်။ ကုမ္ပဏီအတွင်း ၎င်း၏ တာဝန်များတွင် ဘဏ္ဍာရေး ရရှိမှု စီမံခန့်ခွဲခြင်း (P&L ownership)၊ စီမံခန့်ခွဲမှုဆိုင်ရာ ကုန်ကျစရိတ်များ ထိန်းချုပ်ခြင်း (SGA controls) နှင့် အရောင်း ခန့်မှန်းတွက်ချက်ခြင်း အပါအဝင် ဝင်ငွေဆိုင်ရာ စီမံခန့်ခွဲမှု အပြည့်အဝ ပါဝင်ပါသည်။

ကွန်ကော့ဒီးယားသို့ မဝင်ရောက်မီ ဒေါက်တာသူရိန်ထွန်းသည် Fresenius Medical Care (မြန်မာရုံးခွဲ) ၏ Country Manager အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ကျောက်ကပ်ဆေးခြင်းဆိုင်ရာ ပြုစုစောင့်ရှောက်မှု ကဏ္ဍ၏ ဈေးကွက်အတွင်း ဝင်ရောက်မှုနှင့် လုပ်ငန်းလည်ပတ်မှုများကို အောင်မြင်စွာ ဦးဆောင်နိုင်ခဲ့ပါသည်။ ၎င်း၏ ထူးချွန်သော ဦးဆောင်မှုကြောင့် ၂၀၁၉ ခုနှစ်၊ စတုတ္ထသုံးလပတ်တွင် Asia Pacific CEO Award ကို ဆွတ်ခူးရရှိခဲ့ပါသည်။

ဒေါက်တာသူရိန်ထွန်းသည် ကျန်းမာရေးဝန်ကြီးဌာနနှင့် PMED ကဏ္ဍများအတွင်း ရှုပ်ထွေးသော ဝယ်ယူစုဆောင်းခြင်း လုပ်ငန်းစဉ်များကို စီမံခန့်ခွဲနိုင်သည့် တင်ဒါလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုကြောင့် ကုမ္ပဏီ၏ အရေးပါသောသူ တစ်ယောက်ဖြစ်စေပါသည်။

ဦးသန်းထွန်းဦး (Chief Financial Officer)



ဦးသန်းထွန်းဦး သည် ဘဏ်လုပ်ငန်း၊ မိုက်ခရိုဖိုင်နန်း (အသေးစားချေးငွေ)၊ အင်ဂျင်နီယာ၊ ဖြန့်ဖြူးရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု ကဏ္ဍတို့တွင် ထိပ်တန်းဦးဆောင်မှု အတွေ့အကြုံ ဆယ်စုနှစ် တစ်ခုကျော် ရှိထားသည့် ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကျွမ်းကျင်သူ တစ်ဦး ဖြစ်ပါသည်။ ၎င်းသည် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ဘဏ္ဍာရေး အဖွဲ့အစည်းများနှင့် အဓိက စီးပွားရေး ကဏ္ဍစုံ လုပ်ငန်းကြီးများ၏ ဦးဆောင်မှု အခန်းကဏ္ဍများမှ ရရှိခဲ့သော ဘဏ္ဍာရေး စီမံခန့်ခွဲမှု ကျွမ်းကျင်မှု၊ ဘေးအန္တရာယ်နှင့် စည်းမျဉ်း လိုက်နာမှုဆိုင်ရာ အတွေ့အကြုံနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အမြင်များကို ကုမ္ပဏီထံ ယူဆောင်လာပေးခဲ့ပါသည်။ ဦးသန်းထွန်းဦးသည် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ မဟာဘွဲ့ (Master of Banking and Finance) နှင့် ရန်ကုန် ဆေးတက္ကသိုလ် (၁) မှ ဆေးဘက်ဆိုင်ရာ ဘွဲ့ (M.B.B.S.) တို့ကို ရရှိထားသူ ဖြစ်ပါသည်။

ကုမ္ပဏီသို့ မဝင်ရောက်မီ ဦးသန်းထွန်းဦးသည် မိုးသီးဆေးရုံ၏ ဒုတိယအမှုဆောင်အရာရှိချုပ် (Deputy CEO) အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အဖွဲ့အစည်း၏ ဘဏ္ဍာရေး အစီအစဉ်ရေးဆွဲခြင်းနှင့် စီစစ်ဆန်းစစ်ခြင်း၊ ကုမ္ပဏီတွင်း ထိန်းချုပ်မှု စနစ်၊ ဝင်ငွေလည်ပတ်မှု စီမံခန့်ခွဲခြင်းနှင့် မတည်ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ် စီစစ်ခြင်းများကို ဦးဆောင်ခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံသားများဘဏ် (MCB) တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ်ခွဲတိုးချဲ့ရေးနှင့် ဝယ်ယူစုဆောင်းရေးဆိုင်ရာ ဌာနမှူးအဖြစ် တာဝန်ယူခဲ့ပြီး ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုအသစ်များ မိတ်ဆက်ခြင်း၊ ဘဏ်ခွဲတိုးချဲ့ခြင်း အစီအစဉ်များနှင့် ဒစ်ဂျစ်တယ် ဘဏ်လုပ်ငန်းဆိုင်ရာ လုပ်ငန်းစဉ်များကို ဦးဆောင်ခဲ့ပါသည်။ Great Alliance Engineering & Supply Co. Ltd. တွင် ဦးသန်းထွန်းဦးသည် Head of Business နှင့် Head of Finance & Control တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ဘဏ္ဍာရေး စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များကို ဦးဆောင်ခဲ့သည့်အပြင် အင်ဂျင်နီယာနှင့် စက်ပစ္စည်း စီမံကိန်းများအတွက် အစိုးရ တင်ဒါနှင့် ပစ္စည်းထောက်ပံ့မှု စာချုပ်များကို စီမံခန့်ခွဲခဲ့ပါသည်။ ထို့ပြင် ဒေသတွင်း Microfinance ကုမ္ပဏီများ၏ ပူးတွဲတည်ထောင်သူ၊ အမှုဆောင်ဒါရိုက်တာနှင့် နည်းပညာ အကြံပေးအဖြစ် တာဝန်ယူခဲ့ပြီး ကုမ္ပဏီ တည်ထောင်ခြင်း၊ ဘဏ္ဍာရေး စည်းမျဉ်းထိန်းသိမ်းရေး ဦးစီးဌာနမှ မိုက်ခရိုဖိုင်နန်း လုပ်ငန်းလိုင်စင် ရယူခြင်းနှင့် လုပ်ငန်းလည်ပတ်မှု၊ ချေးငွေနှင့် စည်းမျဉ်းလိုက်နာမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်းတို့ကို ဦးဆောင်ကာ ကုမ္ပဏီ၏ ဘဏ္ဍာရေး စွမ်းဆောင်ရည်၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် စည်းမျဉ်း လိုက်နာမှုတို့အတွက် တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။

ကြပ်မတ်ကွပ်ကဲမှုအောက်တွင် လုပ်ကိုင်ရသော ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အင်ဂျင်နီယာနှင့် အစိုးရ တင်ဒါ စာချုပ်ချုပ်ဆိုမှုများ၊ ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍတို့မှ ရရှိခဲ့သော ဦးသန်းထွန်းဦး၏ ဘဏ္ဍာရေး စီမံခန့်ခွဲမှု၊ ဘေးအန္တရာယ်နှင့် စည်းမျဉ်းလိုက်နာမှုဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှု စီစစ်မှုဆိုင်ရာ အတွေ့အကြုံများ ပေါင်းစပ်ထားမှုသည် ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ အုပ်ချုပ်မှုစနစ်၊ အစီရင်ခံစာဆိုင်ရာ တိကျခိုင်မာမှုနှင့် မဟာဗျူဟာမြောက် ရည်မှန်းချက်များကို ထိရောက်စွာ အထောက်အကူပြုလျက် ရှိပါသည်။

ဒေါ်ခင်မြင့်သန်း (Chief Auditor)



ဒေါ်ခင်မြင့်သန်း သည် ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ Chief Auditor ဖြစ်ပြီး ဘဏ္ဍာရေး၊ စွမ်းဆောင်ရည်နှင့် လုပ်ငန်းလည်ပတ်မှု ဆိုင်ရာ စာရင်းစစ်ခြင်း လုပ်ငန်းများတွင် အထူးပြု၍ စာရင်းစစ် အတွေ့အကြုံ အနှစ် (၄၀) ကျော် ပိုင်ဆိုင်ထားသူ ဖြစ်ပါသည်။ ၎င်းသည် ၁၉၇၁ ခုနှစ်မှစ၍ လက်မှတ်ရပြည်သူ့စာရင်းကိုင် (CPA) တစ်ဦးဖြစ်ခဲ့ပြီး ပြည်ထောင်စုစာရင်း စစ်ချုပ်ရုံး (ရန်ကုန်တိုင်းဒေသကြီး) တွင် ဒုတိယ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ မတူညီသော စာရင်းစစ် အဖွဲ့များကို ဦးဆောင်စီမံ ခန့်ခွဲခဲ့သူ ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်မှစ၍ ကွန်ကော့ဒီးယား၏ ဌာနအသီးသီးနှင့် ဘဏ်ခွဲများ အသီးသီးတွင် စည်းမျဉ်းလိုက်နာမှု၊ တိကျမှန်ကန်မှုနှင့် ပွင့်လင်းမြင်သာမှုများ ရှိစေရေးအတွက် ဘက်ပေါင်းစုံ စာရင်း စစ်ဆေးမှုများကို ကြီးကြပ်ဆောင်ရွက်ခဲ့ပါသည်။ ၎င်း၏ တာဝန်များတွင် ဝင်ငွေနှင့် အသုံးစရိတ် စာရင်းစစ်ဆေးခြင်း၊ အခွန်ဆိုင်ရာ စည်းမျဉ်းလိုက်နာမှုများ၊ တင်ဒါ

စိစစ်သုံးသပ်မှုများနှင့် ဘဏ္ဍာရေး အစီရင်ခံစာ တင်ပြမှုများကို ကြီးကြပ်ခြင်းတို့ ပါဝင်ပါသည်။ ၎င်းသည် တိုင်းဒေသကြီး ဘဏ်ခွဲများအတွက် ပုံမှန် စာရင်းစစ်ဆေးမှုများကို ဆောင်ရွက်လျက် ရှိပါသည်။ ဒေါ်ခင်မြင့်သန်း၏ သေချာ စေ့စပ်သော လုပ်ငန်းဟန်ပန်နှင့် ဦးဆောင်မှုသည် ကုမ္ပဏီ၏ အတွင်းပိုင်း ထိန်းချုပ်မှုများနှင့် အဖွဲ့အစည်း ဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှုများကို ပိုမိုအားကောင်းစေခဲ့ပါသည်။

ဦးကောင်းထွဋ် (Audit Manager)



ဦးကောင်းထွဋ် သည် ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ Audit Manager ဖြစ်ပြီး စာရင်းကိုင်၊ ဘဏ္ဍာရေးနှင့် စာရင်းစစ် နယ်ပယ်တို့တွင် အတွေ့အကြုံ (၁၁) နှစ်ကျော် ပိုင်ဆိုင်ထားသူ ဖြစ်ပါသည်။ ၎င်းသည် အတွင်းပိုင်း စာရင်းစစ်အဖွဲ့ (ISO 9001:2015) ကို ဦးဆောင်လျက်ရှိပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကို ပံ့ပိုးပေးလျက် ရှိပါသည်။ ယခင်က FGL Institute တွင် Master Trainer နှင့် Finance Director အဖြစ် တာဝန်ထမ်းဆောင်စဉ် တိကျမှုနှင့် ထိရောက်မှုကို မြှင့်တင်ပေးနိုင်သည့် ဘဏ္ဍာရေး အစီရင်ခံစာစနစ်တစ်ခုကို မိတ်ဆက်ပေးခဲ့ပါသည်။ CB Life Insurance တွင် Assistant Finance Manager အဖြစ် တာဝန်ယူစဉ် ဘဏ္ဍာရေး အစီရင်ခံခြင်းနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ KAMA Industry နှင့် Kaung Shwe Lyann Legal & Law Firm တို့တွင် Chief Accountant အဖြစ် တာဝန်ထမ်းဆောင်စဉ် လုပ်ငန်းစဉ်များကို စနစ်တကျ ပြုပြင်ခဲ့ပြီး ဘဏ္ဍာရေး ထိန်းချုပ်မှုများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခဲ့ပါသည်။ Royal Modern Furniture နှင့် SP Bakery တို့တွင် လုပ်ကိုင်ခဲ့သည့် အခန်းကဏ္ဍများတွင် ပစ္စည်းလက်ကျန် စီမံခန့်ခွဲမှုများကို ထိရောက်အောင် ဆောင်ရွက်ခြင်းနှင့် ဘဏ္ဍာရေး အစီရင်ခံခြင်းများကို တိုးတက်ကောင်းမွန်အောင် ပြုလုပ်ခြင်းတို့ ပါဝင်ခဲ့ပါသည်။ ဦးကောင်းထွဋ်၏ ကျွမ်းကျင်မှုများသည် စာရင်းစစ်ဆေးခြင်း၊ ဘဏ္ဍာရေး စိစစ်ဆန်းစစ်ခြင်း နှင့် အဖွဲ့အစည်းဆိုင်ရာ ဦးဆောင်မှု နယ်ပယ်များအထိ ကျယ်ပြန့်စွာ ပါဝင်ပါသည်။

ဦးဇာနည်မိုးဝင်း (National Sales Manager, Office Automation)



ဦးဇာနည်မိုးဝင်း သည် ကွန်ကော့ဒီးယား ၏ Office Automation ဌာနမှ National Sales Manager ဖြစ်ပြီး B2B၊ B2G နှင့် B2C ကဏ္ဍများအနှံ့ အရောင်း၊ ဈေးကွက်မြှင့်တင်ရေးနှင့် ထုတ်ကုန် စီမံခန့်ခွဲမှု နယ်ပယ်တို့တွင် အတွေ့အကြုံ (၁၇) နှစ်ကျော် ပိုင်ဆိုင်ထားသူ ဖြစ်ပါသည်။ ၎င်းသည် မြန်မာနိုင်ငံ အောက်ပိုင်း၊ အလယ်ပိုင်းနှင့် အထက်ပိုင်း ဒေသတစ်ခုလုံး၏ လုပ်ငန်းစဉ်များကို ကြီးကြပ်ကွပ်ကဲလျက် ရှိပြီး Office Automation နယ်ပယ်တွင် လုပ်ငန်းတိုးတက်မှုများကို မောင်းနှင်ခြင်း၊ ကုန်ပစ္စည်းထောက်ပံ့သူများနှင့် ထုတ်ကုန်ဆိုင်ရာ ဆက်ဆံရေးများကို စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။ကွန်ပျူတာတက္ကသိုလ် (ရန်ကုန်) မှ ဘွဲ့ရရှိခဲ့ပြီးနောက် ကွန်ပျူတာနည်းပညာရှင်အဖြစ် အသက်မွေးဝမ်းကျောင်း လုပ်ငန်းကို စတင်ခဲ့ပြီး ထိုမှတစ်ဆင့် ကွန်ကော့ဒီးယားတွင် အရောင်းပိုင်းသို့ ကူးပြောင်းကာ Fuji Xerox အမှတ်တံဆိပ်အတွက် ဈေးကွက်အခွင့်အလမ်းများကို

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုးချဲ့ပေးနိုင်ခဲ့ပါသည်။ ၎င်း၏ ကျွမ်းကျင်မှုများသည် စီးပွားရေးစီမံခန့်ခွဲမှု၊ ကုန်စည်ပို့ဆောင်ရေးဆိုင်ရာ စီမံခန့်ခွဲမှု၊ အသုံးစွဲသူ ဆက်ဆံရေး စီမံခန့်ခွဲမှု (CRM) နှင့် ဈေးကွက်မြှင့်တင်ရေး နယ်ပယ်တို့အထိ ကျယ်ပြန့်ပါသည်။ ၎င်းသည် အရောင်းပစ်မှတ်များ သတ်မှတ်ခြင်း၊ ဘဏ္ဍာရေးလျာထားချက်များနှင့် ဈေးကွက်မြှင့်တင်ရေး အစီအစဉ်များ ရေးဆွဲခြင်း၊ ထုတ်ကုန်များကို စီမံခန့်ခွဲခြင်း၊ တင်ဒါလုပ်ငန်းစဉ်များကို ပံ့ပိုးပေးခြင်းနှင့် ထိပ်တန်းအဆင့် သုံးစွဲသူဝန်ဆောင်မှုများ ရရှိစေရေးတို့ကို တာဝန်ယူ ဆောင်ရွက်လျက် ရှိပါသည်။

ဒေါက်တာကောင်းမြတ်ထက် (Head of Sales, Medical)



ဒေါက်တာကောင်းမြတ်ထက် သည် ကွန်ကော့ဒီးယား အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ Head of Sales ဖြစ်ပြီး မြန်မာနိုင်ငံ၏ ဆေးဘက်ဆိုင်ရာ စက်ပစ္စည်း လုပ်ငန်းကဏ္ဍတွင် အရောင်းဆိုင်ရာ ဦးဆောင်မှု၊ စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် မဟာဗျူဟာမြောက် စီမံခန့်ခွဲမှုတို့၌ ထူးချွန်စွာဖြင့် အတွေ့အကြုံ (၁၀) နှစ်ကျော် ပိုင်ဆိုင်ထားသူ ဖြစ်ပါသည်။ ယခင်က Biomed Myanmar Co., Ltd တွင် Sales and Marketing Manager အဖြစ် တာဝန်ထမ်းဆောင်စဉ် ဝန်ဆောင်မှုရယူသူများနှင့် ဆက်ဆံရေး စီမံခန့်ခွဲမှုနှင့် အရောင်းဆိုင်ရာ အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များတွင် ကျွမ်းကျင်မှုကို ပိုမိုထက်မြက်အောင် ပျိုးထောင်နိုင်ခဲ့ပါသည်။

AA Group Ltd တွင် တာဝန်ထမ်းဆောင်စဉ် ဌာနပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ဈေးကွက်တိုးချဲ့နိုင်ခဲ့ပြီး အဓိက ဝင်ငွေတိုးတက်မှုများကို မောင်းနှင်ပေးနိုင်ခဲ့ပါသည်။ Careplusone Myanmar Co., Ltd တွင် Business Development Manager အဖြစ် တာဝန်ယူစဉ် အရောင်းမဟာဗျူဟာများကို ပိုမိုစနစ်ကျအောင် ပြုလုပ်ခဲ့ပြီး အသုံးစွဲသူများနှင့် ထိတွေ့ဆက်ဆံမှုများကို မြှင့်တင်ပေးနိုင်ခဲ့ပါသည်။

လက်ရှိတွင် ကွန်ကော့ဒီးယား၌ National Sales Manager (Medical) အဖြစ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရောင်းအဖွဲ့ကို ဦးဆောင်ခြင်း၊ အဓိက မိတ်ဖက်အဖွဲ့အစည်းများကို စီမံခန့်ခွဲခြင်း၊ ဈေးကွက်မဟာဗျူဟာများ ရေးဆွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး အဖွဲ့အစည်း တိုးတက်ရေးနှင့် စီးပွားရေး ရေရှည်တည်တံ့ရေးတို့ကို မြှင့်တင်ပေးရင်း အရောင်းပစ်မှတ်များကိုလည်း စဉ်ဆက်မပြတ် ပြည့်မီအောင် ဆောင်ရွက်လျက် ရှိပါသည်။

ဒေါ်ချစ်ချစ်ချော (Head of Sales, In Vitro Diagnostics)



ဒေါ်ချစ်ချစ်ချော သည် ဖန်ပြွန်အတွင်း ရောဂါရှာဖွေ စစ်ဆေးခြင်း (In Vitro Diagnostics - IVD) ကဏ္ဍတွင် အတွေ့အကြုံ (၉) နှစ်ကျော် ရှိထားသည့် အောင်မြင်သော အရောင်းဆိုင်ရာ ကျွမ်းကျင်သူတစ်ဦး ဖြစ်ပါသည်။ ၎င်းသည် ဆေးဝါးကျွမ်းကျင်မှုဆိုင်ရာ ဝိဇ္ဇာဘွဲ့ (Bachelor of Pharmacy) ကို ရရှိထားပြီး လက်ရှိတွင် မဟာစီးပွားရေးစီမံခန့်ခွဲမှုဘွဲ့ (MBA) ကို ဆက်လက် ဆည်းပူးလျက် ရှိကာ အရောင်းမဟာဗျူဟာ၊ ဈေးကွက်တိုးချဲ့ခြင်းနှင့် စီးပွားရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်တို့တွင် ထူးချွန်မှုကို ပြသနိုင်ခဲ့သူ ဖြစ်ပါသည်။

ကွန်ကော့ဒီးယား သို့ မဝင်ရောက်မီ Siemens Healthineers တွင် Diagnostics (IVD) ၏ Business Development Manager အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး မြန်မာနိုင်ငံ ဈေးကွက်ကို စီမံခန့်ခွဲခြင်းနှင့် စီးပွားရေးတိုးတက်မှုများကို မောင်းနှင်ခြင်းတို့အတွက် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ Siemens တွင် ရရှိခဲ့သည့် အတွေ့အကြုံများသည် ၎င်းအား ဈေးကွက်စိစစ်ဆန်းစစ်ခြင်း၊ မဟာဗျူဟာမြောက် စီမံကိန်းရေးဆွဲခြင်းနှင့် မိတ်ဖက်အဖွဲ့အစည်းများ တည်ထောင်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုများကို ပိုမိုအားကောင်းစေခဲ့ပါသည်။

ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တွင် လက်ရှိ၌ IVD အရောင်းအဖွဲ့ကို ဦးဆောင်လျက်ရှိပြီး ဝင်ငွေတိုးတက်မှုများကို မောင်းနှင်ပေးနေသည့်အပြင် ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍမှ ကျွမ်းကျင်သူများ၏ ပြောင်းလဲတိုးတက်နေသော လိုအပ်ချက်များနှင့် ကိုက်ညီသည့် ဝန်ဆောင်မှုရယူသူများအတွက် သီးသန့်အဆင်ပြေစေမည့် ဖြေရှင်းနည်းများကို ပံ့ပိုးပေးလျက် ရှိပါသည်။ ၎င်း၏ ဦးဆောင်မှုသည် သိသာထင်ရှားသော ဈေးကွက်ဝေစုကို ရရှိစေရန်နှင့် ရေရှည် စီးပွားရေး အောင်မြင်မှုများကို ဖော်ဆောင်ပေးနိုင်ရန်အတွက် အဓိကကျသော အထောက်အကူ ဖြစ်ခဲ့ပါသည်။

ဒေါ်ချစ်ချစ်ချော ၏ သက်သေပြပြီးသား အောင်မြင်မှု မှတ်တမ်းများ၊ မဟာဗျူဟာမြောက် အတွေးအခေါ်များနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဖြေရှင်းနည်းများကို မြှင့်တင်ပေးလိုသည့် စိတ်စေတနာတို့သည် အဖွဲ့အစည်းများကို ထိရောက်စွာ ဦးဆောင်နိုင်မှုနှင့် ပြိုင်ဆိုင်မှုပြင်းထန်သော ဈေးကွက်များကို ယုံကြည်ချက်ရှိစွာဖြင့် ကျော်ဖြတ်နိုင်သည့် စွမ်းဆောင်ရည်ကို ထင်ဟပ်ပေါ်လွင်စေပါသည်။

ဦးစိုးဝင်းညွန့် (Head of Sales, Engineering)



ဦးစိုးဝင်းညွန့် သည် မြေတိုင်းစက်ပစ္စည်းများ၊ GPS နှင့် ကုန်ကြမ်းပစ္စည်း စမ်းသပ်စစ်ဆေးသည့် စက်ပစ္စည်းများတွင် အထူးပြု၍ အရောင်း၊ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းလည်ပတ်မှု နယ်ပယ်တို့၌ အတွေ့အကြုံ (၁၈) နှစ်ကျော် ပိုင်ဆိုင်ထားသည့် အတွေ့အကြုံရင့် ကျွမ်းကျင်သူတစ်ဦး ဖြစ်ပါသည်။ ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တွင် စီနီယာမန်နေဂျာ (Senior Manager) အဖြစ် နေ့စဉ် လုပ်ငန်းစဉ်များကို ကြီးကြပ်ခြင်း၊ ဈေးကွက်သုတေသန ပြုလုပ်ခြင်း၊ စာချုပ်စာတမ်းများ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ထုတ်လုပ်မှုစွမ်းအားနှင့် တိုးတက်မှုများကို မောင်းနှင်ရန် အဖွဲ့အစည်းများကို လမ်းညွှန်ပြသပေးခြင်းတို့တွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့ပါသည်။ ၎င်း၏ အသက်မွေးဝမ်းကျောင်း ခရီးစဉ်အတွင်း လုပ်ငန်းခွင် ဘူမိဗေဒပညာရှင်၊ ကွင်းဆင်းလုပ်ငန်းတာဝန်ခံ (Site In Charge) နှင့် အရောင်းကိုယ်စားလှယ် အခန်းကဏ္ဍတို့တွင် ပါဝင်ခဲ့ပြီး စီမံကိန်း စီမံခန့်ခွဲမှု၊ လုပ်သားအင်အား ပေါင်းစပ်ညှိနှိုင်းမှုနှင့် သုံးစွဲသူ ဝန်ဆောင်မှုဆိုင်ရာ ကျွမ်းကျင်မှုများကို ပျိုးထောင်ခဲ့ပါသည်။ Microsoft Office ဆော့ဖ်ဝဲလ်များကို ကျွမ်းကျင်စွာ သုံးစွဲနိုင်ပြီး စိစစ်ဆန်းစစ်နိုင်စွမ်းနှင့် ပြဿနာဖြေရှင်းနိုင်စွမ်း အရည်အသွေးများကြောင့် အသိအမှတ်ပြုခံရသူ ဖြစ်သည့်အပြင် အသေးစိတ် အချက်အလက်များအထိ သေချာစေ့စပ်၍ ဆက်သွယ်ပြောဆိုရေးတွင် ထိရောက်သူတစ်ဦး ဖြစ်ပါသည်။ ၎င်း၏ ဦးဆောင်မှု၊ မဟာဗျူဟာမြောက် စီမံကိန်းရေးဆွဲမှုနှင့် ဆက်ဆံရေး တည်ဆောက်မှုဆိုင်ရာ ကျွမ်းကျင်မှုများသည် မည်သည့် အဖွဲ့အစည်းအတွက်မဆို အရေးပါသောသူ တစ်ယောက်ဖြစ်စေပါသည်။



ဦးထွန်းအောင်ကျော် သည် ၂၀၂၁ ခုနှစ်မှစ၍ National Service Manager အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် Office Automation၊ ဆေးဘက်ဆိုင်ရာ စက်ပစ္စည်းများနှင့် အင်ဂျင်နီယာဆိုင်ရာ စက်ပစ္စည်း ဝန်ဆောင်မှုဌာနများ၏ နည်းပညာ ဆိုင်ရာ ဦးဆောင်မှုနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ထူးချွန်ထက်မြက်မှု များကို ဖော်ဆောင်ပေးလျက် ရှိပါသည်။ ၎င်း၏ လမ်းညွှန်မှုအောက်တွင် ထူးကဲဆန်းသစ်သော သုံးစွဲသူ အတွေ့အကြုံများကို အဓိကဗဟိုပြု၍ ထက်မြက်ပြီး အကောင်းဆုံး ဝန်ဆောင်မှုပေးသူ ဖြစ်လာစေရန် မဟာဗျူဟာမြောက် ရည်မှန်းချက်ဖြင့် ကြိုတင်ကာကွယ် ထိန်းသိမ်းခြင်း၊ ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း၊ လျင်မြန်စွာ ပြဿနာရှာဖွေဖြေရှင်းခြင်း၊ တိကျစွာ တပ်ဆင်ပေးခြင်းနှင့် ကျွမ်းကျင်စွာ သုံးစွဲသူ သင်တန်းပေးခြင်း စသည့် ဘက်ပေါင်းစုံ ဝန်ဆောင်မှုများကို အကောင်အထည်ဖော် ပေးလျက် ရှိပါသည်။ ၎င်းသည် ၂၀၁၄ ခုနှစ် မတ်လတွင် ကွန်ကော့ဒီးယား အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် သို့ စတင်ဝင်ရောက်ခဲ့ပြီး ဓာတ်ခွဲခန်းသုံး စက်ပစ္စည်းများတွင် အထူးပြု၍ ခိုင်မာသော နည်းပညာအခြေခံကို တည်ဆောက်ခဲ့ပါသည်။ မဝင်ရောက်မီ ၂၀၁၃ ခုနှစ်တွင် Champion Decoration (နိုင်ဂရု ဆောက်လုပ်ရေးကုမ္ပဏီ) တွင် Site Engineer နှင့် Supervisor အဖြစ် ဆီဒိုးနား ဟိုတယ် ပြုပြင်မွမ်းမံရေး စီမံကိန်းကို ကြီးကြပ်ကွပ်ကဲရင်း အဓိက အင်ဂျင်နီယာဆိုင်ရာ အတွေ့အကြုံများကို ဆည်းပူးခဲ့ပါသည်။

ဒေါ်သူဇာ (Head of Finance & Accounts)



ဒေါ်သူဇာ သည် ဘဏ္ဍာရေးနှင့် စာရင်းကိုင် နယ်ပယ်တွင် တိုးတက်ပြောင်းလဲလာသော အတွေ့အကြုံ (၁၁) နှစ်ကျော် ပိုင်ဆိုင်ထားပြီး ရလဒ်ကောင်းများ ဖော်ဆောင်နိုင်သည့် အောင်မြင်သော Head of Finance and Account တစ်ဦး ဖြစ်ပါသည်။ ၎င်းသည် လက်ရှိတွင် ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ၏ စာရင်းကိုင် လုပ်ငန်းစဉ်များ၊ မဟာဗျူဟာမြောက် စီမံကိန်း ရေးဆွဲခြင်း၊ ဘဏ္ဍာရေး လျာထားချက်များ ရေးဆွဲခြင်းနှင့် ဘက်ပေါင်းစုံ ဘဏ္ဍာရေး အစီရင်ခံစာ တင်ပြခြင်းများကို ကြီးကြပ်ဆောင်ရွက်လျက် ရှိပါသည်။ ၎င်း၏ အဓိက ကျွမ်းကျင်မှုများတွင် အဆင့်မြင့် ဘဏ္ဍာရေး ပုံစံရေးဆွဲခြင်း၊ ERP စနစ်များ အောင်မြင်စွာ တည်ဆောက်အကောင်အထည်ဖော်ခြင်းနှင့် စည်းမျဉ်းစည်းကမ်း စံနှုန်းများကို တိကျစွာ လိုက်နာရေးတို့ ပါဝင်ပါသည်။

ဒေါ်သူဇာသည် စက်မှုဓာတုဗေဒ အထူးပြုဖြင့် သိပ္ပံဘွဲ့ (B.Sc.) နှင့် ဘဏ္ဍာရေး စာရင်းကိုင် ဒီပလိုမာ (Diploma in Financial Accounting) တို့ကို ရရှိထားပြီး နိုင်ငံတကာ ကုန်သွယ်ရေး ဘဏ္ဍာရေးဆိုင်ရာ၊ ဘဏ္ဍာရေး စိစစ်ဆန်းစစ်မှုဆိုင်ရာနှင့် စီမံကိန်း စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းဆင်း လက်မှတ်များကိုလည်း ရရှိထားသူ ဖြစ်ပါသည်။ ၎င်းသည် မဟာဗျူဟာမြောက် ဘဏ္ဍာရေး ဦးဆောင်မှု စွမ်းဆောင်ရည်များကို ပိုမိုတိုးတက်စေရန် FPAC ဘွဲ့တံဆိပ်နှင့် CFA Level 1 တို့ကို တက်ကြွစွာ ဆက်လက် ဆည်းပူးလျက် ရှိပါသည်။

ဦးဇော်နိုင်လင်း (Head of Corporate Affairs & Strategic Management)



ဦးဇော်နိုင်လင်း သည် ၂၀၂၄ ခုနှစ် မတ်လတွင် Finance Manager အဖြစ် စတင်ခန့်အပ်ခြင်း ခံခဲ့ရပြီး လက်ရှိတွင် Head of Corporate Affairs & Strategic Management အဖြစ် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။ ၎င်းသည် အတွေ့အကြုံ (၁၈) နှစ်ကျော် ရှိထားသည့် ထူးချွန်သော ဘဏ္ဍာရေးဆိုင်ရာ ကျွမ်းကျင်သူတစ်ဦး ဖြစ်ပြီး စီးပွားရေး အဖွဲ့အစည်းများ၏ အရေးပါသော ဘဏ္ဍာရေးနှင့် မဟာဗျူဟာမြောက် လုပ်ငန်းစဉ်များကို ပံ့ပိုးပေးခြင်း၊ လုပ်ငန်းလည်ပတ်မှု ထိရောက်ထက်မြက်စေရန် မောင်းနှင်ပေးခြင်းတို့ ကြောင့် အသိအမှတ်ပြုခံရသူ ဖြစ်ပါသည်။

၎င်းသည် စင်ကာပူနိုင်ငံတွင် ရရှိခဲ့သည့် နိုင်ငံတကာ အတွေ့အကြုံများအပြင် စာရင်းကိုင်နှင့် ERP စနစ်ပေါင်းစုံ၊ ဘဏ္ဍာရေး စီမံကိန်းရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်းနှင့် စိစစ်ဆန်းစစ်ခြင်းတို့တွင် ကျယ်ပြန့်သော ကျွမ်းကျင်မှုများကို ယူဆောင်လာပေးခဲ့ပါသည်။ မန်နေဂျာအဆင့် အတွေ့အကြုံ (၁၁) နှစ်ကျော်ဖြင့် ခိုင်မာသော နည်းပညာဆိုင်ရာ ကျွမ်းကျင်မှု၊ မဟာဗျူဟာမြောက် ရှုထောင့်များနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုနှင့် တန်ဖိုးဖန်တီးမှုတို့အတွက် ခိုင်မာသော ကတိကဝတ်ပြုထားမှုများကို ထင်ဟပ်ပြသလျက် ရှိပါသည်။

ဒေါ်ခိုင်ချိဦး (Head of Marketing and Business Development)



ဒေါ်ခိုင်ချိဦး သည် ကုန်သွယ်ရေး၊ ဖြန့်ဖြူးရေးနှင့် ဝန်ဆောင်မှု လုပ်ငန်းကဏ္ဍတို့တွင် အတွေ့အကြုံ (၁၃) နှစ်ကျော် ရှိထားသည့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ဈေးကွက်မြှင့်တင်ရေးဆိုင်ရာ ထူးချွန်သော ကျွမ်းကျင်သူတစ်ဦး ဖြစ်ပါသည်။ လက်ရှိတွင် ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ၏ Head of Business Development and Marketing အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး မဟာဗျူဟာမြောက် တိုးတက်မှုများ၊ အရောင်းစွမ်းဆောင်ရည် စိစစ်ဆန်းစစ်မှုများနှင့် ဒစ်ဂျစ်တယ် ဈေးကွက်မြှင့်တင်ရေး လုပ်ငန်းစဉ်များတွင် အထူးပြု ဆောင်ရွက်လျက် ရှိပါသည်။ ၎င်း၏ အသက်မွေးဝမ်းကျောင်း ခရီးစဉ်အတွင်း အဖွဲ့အစည်းဆိုင်ရာ ပြန်လည်ဖွဲ့စည်းပြင်ဆင်ရေး စီမံကိန်းများကို ဦးဆောင်ခြင်း၊ အရောင်းနှင့် ဈေးကွက်မြှင့်တင်ရေး လုပ်ငန်းစဉ်များကို စီမံခန့်ခွဲခြင်းနှင့် စီးပွားရေးလုပ်ငန်း တိုးချဲ့မှုများကို မောင်းနှင်ခြင်း စသည့် ထူးချွန်သော စွမ်းဆောင်ရည်များကို ပြသနိုင်ခဲ့ပါသည်။

ဒေါ်ခိုင်ချိဦးသည် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်) မှ ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲခန်းပညာ သိပ္ပံဘွဲ့ကို ရရှိခဲ့ပြီး ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့ရှိ Swiss School of Business and Management မှ Global MBA ဘွဲ့ကို ဆက်လက် ဆည်းပူးလျက် ရှိပါသည်။ ထို့အပြင် သုံးစွဲသူ ဆက်ဆံရေး စီမံခန့်ခွဲမှု (CRM)၊ အဆင့်မြင့် ဈေးကွက်မြှင့်တင်ရေး၊ စီးပွားရေး စီမံကိန်း ရေးဆွဲခြင်းနှင့် ဦးဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းဆင်း လက်မှတ်များကိုလည်း ရရှိထားသူဖြစ်ရာ ပြိုင်ဆိုင်မှုပြင်းထန်သော ဈေးကွက်များအတွင်း ထူးချွန်ထက်မြက်စေရန် အဘက်ဘက်မှ ပြည့်စုံသော


ကျွမ်းကျင်မှုများကို ပိုင်ဆိုင်ထားသူ ဖြစ်ပါသည်။ ၎င်း၏ ကျွမ်းကျင်မှုများတွင် အရောင်း စီစစ်ဆန်းစစ်ခြင်း၊ စီးပွားရေး စီမံကိန်း ရေးဆွဲခြင်း၊ အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ISO နှင့် IPO လုပ်ငန်းစဉ်များကဲ့သို့သော ကုမ္ပဏီ၏ အရေးပါသည့် အဖွဲ့အစည်းဆိုင်ရာ စီမံကိန်းများကို ကြီးကြပ်ခြင်းတို့ ပါဝင်ပါသည်။ ၎င်း၏ ဦးဆောင်မှုနှင့် ဆန်းသစ်တီထွင်သော ချဉ်းကပ်ပုံများကြောင့် လူသိများပြီး တိုင်းတာရရှိနိုင်သော ရလဒ်များ ဖော်ဆောင်ပေးရန်နှင့် ကုမ္ပဏီ တိုးတက်မှုကို ပံ့ပိုးပေးနိုင်ရန်အတွက် စီးပွားရေးဆိုင်ရာ ရည်မှန်းချက်များကို ဈေးကွက်မြင့်တင်ရေး မဟာဗျူဟာများနှင့် စဉ်ဆက်မပြတ် ဟန်ချက်ညီအောင် ဆောင်ရွက်လျက် ရှိပါသည်။

ဒေါ် ဥဝါဝါအောင် (Manager, Business Intelligence)



ဒေါ် ဥဝါဝါအောင် သည် စီးပွားရေး တိုးတက်မှုကို မောင်းနှင်ရန်အတွက် ဒေတာ စီစစ်ဆန်းစစ်ခြင်း၊ အချက်အလက်များအား ရုပ်ပုံ/ဇယားများဖြင့် ဖော်ပြခြင်း (Data Visualization) နှင့် ပြဿနာ ဖြေရှင်းခြင်း နယ်ပယ်တို့တွင် အထူးပြုထားသည့် အတွေ့အကြုံရင့် ကျွမ်းကျင်သူတစ်ဦး ဖြစ်ပါသည်။ ၁၉၉၂ ခုနှစ်၊ မတ်လ (၉) ရက်နေ့တွင် မွေးဖွားခဲ့ပြီး ဒဂုံတက္ကသိုလ်မှ သိပ္ပံဘွဲ့ (B.Sc.) ကို ရရှိထားကာ LCCI Level III Accounting၊ Power BI သင်တန်းဆင်း လက်မှတ်များကို ရရှိထားသူဖြစ်သည့်အပြင် ဘဏ္ဍာရေး စီမံကိန်း ရေးဆွဲခြင်းနှင့် စီစစ်ဆန်းစစ်ခြင်း (FP&A) ပညာရပ်ကိုလည်း ဆက်လက် ဆည်းပူးလျက် ရှိပါသည်။ ၎င်းသည် SML Advanced Medical Laboratory တွင် စာရင်းကိုင်အဖြစ် အသက်မွေးဝမ်းကျောင်း ခရီးစဉ်ကို စတင်ခဲ့ပြီး ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တွင် မတူညီသော အခန်းကဏ္ဍ အသီးသီးကို အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ လက်ရှိတွင် Business Intelligence ဌာန၏ Manager အဖြစ် တာဝန်ယူထားပြီး ၎င်း၏ ကျွမ်းကျင်မှုများတွင် ဘဏ္ဍာရေး အစီရင်ခံစာ တင်ပြခြင်း၊ အမြတ်ရာခိုင်နှုန်း တွက်ချက်ခြင်း၊ SAP စနစ် စီမံခန့်ခွဲခြင်းနှင့် Power BI၊ Excel တို့ကို အသုံးပြု၍ စွမ်းဆောင်ရည်ပြ ဒက်ရှ်ဘုတ်များ (Dashboards) တည်ဆောက်ခြင်းတို့ ပါဝင်ပါသည်။ ဒေါ်ဥဝါဝါအောင်သည် စီးပွားရေးဆိုင်ရာ လိုအပ်ချက်များကို စိစစ်ဆန်းစစ်ခြင်း၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စွမ်းဆောင်ရည် တိုးတက်စေရန် ဒေတာ အချက်အလက်များ ထောက်ပံ့ပေးခြင်းတို့တွင် ကျွမ်းကျင်သူတစ်ဦး ဖြစ်ပါသည်။

ကုမ္ပဏီ၏ မှတ်တိုင်များ




- **၁၉၉၃:** Concordia ကို အင်ဂျင်နီယာဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများဖြင့် စတင်တည်ထောင်ခဲ့ပါသည်။
- **၁၉၉၇:** ဆေးဘက်ဆိုင်ရာ လုပ်ငန်းကဏ္ဍသို့ စတင်တိုးချဲ့ဝင်ရောက်ခဲ့ပြီး စီးပွားရေးလုပ်ငန်းများကို စုံလင်အောင် ဆောင်ရွက်ခဲ့ပါသည်။
- **၂၀၀၀ မှစ၍:** ဆေးဘက်ဆိုင်ရာနှင့် အင်ဂျင်နီယာကဏ္ဍ အပါအဝင် လုပ်ငန်းနယ်ပယ်အသီးသီးသို့ တိုးချဲ့ဝင်ရောက်ခဲ့ပြီး ရုံးခွဲ (၄) ခုအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။
- **၂၀၀၃:** ခေတ်မီ စီးပွားရေးဆိုင်ရာ နည်းပညာဖြေရှင်းချက်များကို ပံ့ပိုးပေးနိုင်ရန် ရုံးသုံး အလိုအလျောက်စနစ် (Office Automation) ကဏ္ဍသို့ စတင်တိုးချဲ့ခဲ့ပါသည်။
- **၂၀၁၀ မှစ၍:** တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေးကို အဓိကထား၍ မြန်မာတစ်နိုင်ငံလုံးရှိ ဈေးကွက်အတွင်းသို့ လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ခဲ့ပါသည်။
- **၂၀၁၉:** အွန်လိုင်းဈေးကွက်များသို့ တိုးချဲ့နိုင်ရေးအတွက် www.concordiamyanmar.com ဝဘ်ဆိုက်ကို စတင်မိတ်ဆက်ပြီး ဒစ်ဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်းခဲ့ပါသည်။
- **၂၀၂၁-၂၀၂၂:** COVID-19 ကပ်ရောဂါနှင့် နိုင်ငံရေးအပြောင်းအလဲများကြောင့် ဖြစ်ပေါ်လာသော စိန်ခေါ်မှုများကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ပြီး လုပ်ငန်းများကို မပြတ်မတောက် စဉ်ဆက်မပြတ် တိုးတက်လည်ပတ်နိုင်ခဲ့ပါသည်။
- **၂၀၂၃:** အပြည်ပြည်ဆိုင်ရာ အရည်အသွေးစံချိန်စံညွှန်းများအပေါ် ကတိကဝတ်ပြုမှုကို မီးမောင်းထိုးပြနိုင်ခဲ့သည့် ISO 9001:2015 အသိအမှတ်ပြုလက်မှတ်ကို ရရှိခဲ့ပါသည်။
- **၂၀၂၄:** Concordia Public Co., Ltd. အဖြစ် တရားဝင် ပြောင်းလဲဖွဲ့စည်းနိုင်ခဲ့ခြင်းသည် ကုမ္ပဏီ၏ တိုးတက်မှုကိုရောင်ပြန်ဟပ်စေခဲ့သည် သာမက အများပြည်သူသို့ အစုရှယ်ယာများ ကနဦး ရောင်းချခြင်း (IPO) နှင့် စာရင်းဝင်ခြင်း (Listing) သွားရန် ပြင်ဆင်ဆောင်ရွက်ခြင်း ကိစ္စရပ်များတွင်လည်း တိုးတက်မှုများ ဖြစ်ပေါ်စေခဲ့ပါသည်။

- **၂၀၂၅:** ဝင်ငွေ မြန်မာကျပ်ငွေ ၂၁.၈ ဘီလီယံ ရရှိခဲ့ပါသည်။ Cloud အခြေပြု မိုဘိုင်းတွင် အသုံးပြုနိုင်သော အပြည့်အဝ ERP စနစ်ကို စတင်မိတ်ဆက်ခဲ့ပြီး IPO ပြင်ဆင်သည့်အနေဖြင့် ကျောက်ကပ်ထိန်းသိမ်းစောင့်ရှောက်မှု (Renal Care) ဈေးကွက်သို့ စတင်တိုးချဲ့ခဲ့ပါသည်။
- **၂၀၂၆:** Concordia သည် ဝင်ငွေ မြန်မာကျပ်ငွေ ၂၃,၅၇၁ သန်း ရရှိခဲ့ပြီး ဆေးဘက်ဆိုင်ရာဌာနသည် ကုမ္ပဏီ၏ ဝင်ငွေအများဆုံးရရှိသော ဌာနဖြစ်လာကာ ယခင်နှစ်ထက် ရောင်းအား ၂၁.၇% တိုးတက်လာခဲ့ပါသည်။ ထို့ပြင် ကျောက်ကပ်သွေးသန့်စင်ခြင်း (Hemodialysis)၊ AI အသုံးပြု ဆေးရုံသတင်းအချက်အလက်စနစ် (AI-enabled HIS) နှင့် မှန်ပြောင်းကြည့်ရှုကုသခြင်းဆိုင်ရာ ဖြေရှင်းချက်များ (Endoscopy Solutions) တို့ဖြင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုနှင့် ကျန်းမာရေးကဏ္ဍ လုပ်ငန်းများကို ပိုမိုခိုင်မာအောင် ဆောင်ရွက်ခဲ့ပါသည်။

နည်းပညာဆိုင်ရာ မှတ်တိုင်များ

နည်းပညာဆိုင်ရာ တိုးတက်ပြောင်းလဲမှုများ (Technolog ical Evolution)



- **၂၀၁၅ မတိုင်မီ:** Concordia သည် လုပ်ငန်းစဉ်များ လည်ပတ်နိုင်ရေးအတွက် MBC နှင့် Evolva စနစ်များကို အသုံးပြုခဲ့ပါသည်။
- **၂၀၁၅:** လုပ်ငန်းတစ်ခုလုံးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ERP) အတွက် SAP စနစ်ကို စတင်ပြောင်းလဲအသုံးပြုခဲ့ပြီး၊ စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များနှင့် အစီရင်ခံစာများ ထုတ်ပြန်နိုင်ရန် Lumira စနစ်ကို မိတ်ဆက်အသုံးပြုခဲ့ပါသည်။
- **၂၀၂၁:** အဆင့်မြင့် ဒေတာဆန်းစစ်လေ့လာမှုနှင့် အချက်အလက်များကို ပုံရိပ်ဖော်ပြသနိုင်ရန် Power BI စနစ်ကို ပေါင်းစပ်အသုံးပြုခဲ့ပြီး၊ ဆုံးဖြတ်ချက်ချမှတ်မှုနှင့် အစီရင်ခံစာ ထုတ်ပြန်နိုင်စွမ်းများကို မြှင့်တင်ခဲ့ပါသည်။
- **၂၀၂၄:** သုံးစွဲသူများနှင့် ဆက်ဆံရေး စီမံခန့်ခွဲမှု (CRM) စနစ် ပိုမိုကောင်းမွန်စေရန် Odoo CRM ဆော့ဖ်ဝဲလ်သို့ စတင်ကူးပြောင်းခဲ့ပြီး၊ အရောင်းနှင့် ဝန်ဆောင်မှု လုပ်ငန်းစဉ်များကို ပိုမိုမြန်ဆန်စနစ်ကျစေခဲ့ပါသည်။
- **၂၀၂၅:** Cloud အခြေပြု မိုဘိုင်းလ်တွင် အသုံးပြုနိုင်သော Odoo CRM Enterprise စနစ်ကို အပြည့်အဝ စတင်အသုံးပြုခဲ့ပြီး၊ သုံးစွဲသူများနှင့် ထိတွေ့ဆက်ဆံမှုများနှင့် စီးပွားရေးလုပ်ငန်းစဉ်များကို ပိုမိုခိုင်မာအားကောင်းစေခဲ့ပါသည်။

ဘဏ္ဍာရေးဆိုင်ရာ သုံးသပ်ချက်များ

ကွန်ကော့ဒီးယား ပတ်ဘလစ် ကုမ္ပဏီ လီမိတက်၏ စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းများမှ


[လွယ်ကူရှင်းလင်းစေရန်အတွက် ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၅ ကို ၂၀၂၅ ဟုလည်းကောင်း၊ ဘဏ္ဍာရေးနှစ် ၂၀၂၅-၂၆ ကို ၂၀၂၆ ဟုလည်းကောင်း ဖော်ပြထားပါသည်။ အခြားဖော်ပြထားခြင်း မရှိပါက ပမာဏအားလုံးကို မြန်မာကျပ်ငွေ သန်းပေါင်းများစွာဖြင့် ဖော်ပြထားပြီး အနီးစပ်ဆုံးသန်းဂဏန်းအပြည့်ဖြင့် ဖော်ပြထားပါသည်။ စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာကျပ်ငွေ ထောင်ဂဏန်းဖြင့် ဖော်ပြထားပါသည်။]

(၁) ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည် (FINANCIAL PERFORMANCE)

ဝင်ငွေ (Revenue): ဝင်ငွေသည် ၂၀၂၅ ခုနှစ်တွင် မြန်မာကျပ်ငွေ ၂၁,၈၀၃ သန်း ရှိခဲ့ရာမှ ၂၀၂၆ ခုနှစ်တွင် မြန်မာကျပ်ငွေ ၂၃,၅၇၁ သန်းသို့ တိုးတက်လာခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် (YoY) ၈.၁% တိုးတက်မှုကို ဖော်ပြနေပါသည်။ ရုံးသုံးအလိုအလျောက်စက်ပစ္စည်း (Office Automation) ကဏ္ဍ၏ ဝင်ငွေ ကျဆင်းခဲ့သော်လည်း ဆေးဝါး/ဆေးပစ္စည်း (Medical) နှင့် အင်ဂျင်နီယာ (Engineering) ကဏ္ဍများ၏ ပံ့ပိုးမှုကြောင့် အဓိက တိုးတက်လာခြင်း ဖြစ်ပါသည်။

အကြမ်းအမြတ် (Gross Profit): အကြမ်းအမြတ်သည် ၂၀၂၅ ခုနှစ်တွင် မြန်မာကျပ်ငွေ ၁၀,၃၅၂ သန်း ရှိခဲ့ရာမှ ၂၀၂၆ ခုနှစ်တွင် မြန်မာကျပ်ငွေ ၁၀,၆၈၅ သန်းသို့ တိုးတက်လာခဲ့ရာ မြန်မာကျပ်ငွေ ၃၃၃ သန်း သို့မဟုတ် ၃.၂% တိုးတက်လာခဲ့ပါသည်။ သို့သော်လည်း ရောင်းကုန်စရိတ် ပိုမိုမြင့်မားလာခြင်း၊ ထုတ်ကုန် ရောင်းချမှုအချိုးအစား ပြောင်းလဲသွားခြင်းနှင့် စေျးကွက်ပြိုင်ဆိုင်မှု အခြေအနေများကြောင့် အကြမ်းအမြတ်ရာခိုင်နှုန်း (Gross Profit Margin) မှာ ၄၇.၅% မှ ၄၅.၃% သို့ လျော့နည်းသွားခဲ့ပါသည်။

အသားတင်အမြတ် (Net Profit): အသားတင်အမြတ်သည် ၂၀၂၅ ခုနှစ်တွင် မြန်မာကျပ်ငွေ ၂,၁၃၉ သန်း ရှိခဲ့ရာမှ ၂၀၂၆ ခုနှစ်တွင် မြန်မာကျပ်ငွေ ၁,၇၆၆ သန်းသို့ လျော့နည်းသွားခဲ့ပြီး ၁၇.၄% လျော့နည်းခဲ့ပါသည်။ လုပ်ငန်းလည်ပတ်စရိတ်များ ပိုမိုမြင့်မားလာခြင်း၊ နိုင်ငံခြားငွေလဲလှယ်မှု အရှုံးပမာဏ ပိုမိုများပြားလာခြင်းနှင့် ဘဏ္ဍာရေးစရိတ် (Finance Cost) ပိုမိုမြင့်မားလာခြင်းတို့ကြောင့် အဓိကအားဖြင့် အသားတင်အမြတ်ရာခိုင်နှုန်း (Net Profit Margin) မှာ ၉.၈% မှ ၇.၅% သို့ လျော့နည်းသွားခဲ့ပါသည်။





(၂) ဘဏ္ဍာရေးအခြေအနေ (FINANCIAL POSITION)

ရပိုင်ခွင့်များ (Assets): စုစုပေါင်း ရပိုင်ခွင့်များသည် ၂၀၂၅ ခုနှစ်တွင် မြန်မာကျပ်ငွေ ၂၅,၀၆၅ သန်း ရှိခဲ့ရာမှ ၂၀၂၆ ခုနှစ်တွင် မြန်မာကျပ်ငွေ ၂၇,၀၂၁ သန်းသို့ တိုးတက်လာခဲ့ပြီး ၇.၈% တိုးတက်မှုကို ဖော်ပြနေပါသည်။ ကုန်လက်ကျန်များ လျော့နည်းသွားခဲ့သော်လည်း ငွေသားနှင့် ရရန်ရှိသည့် ကြွေးမြီများ ပိုမိုများပြားလာခြင်းကြောင့် အဓိက တိုးတက်လာခြင်း ဖြစ်ပါသည်။

ပေးရန်တာဝန်များ (Liabilities): စုစုပေါင်း ပေးရန်တာဝန်များသည် ၂၀၂၅ ခုနှစ်တွင် မြန်မာကျပ်ငွေ ၄,၉၄၀ သန်း ရှိခဲ့ရာမှ ၂၀၂၆ ခုနှစ်တွင် မြန်မာကျပ်ငွေ ၅,၃၇၇ သန်းသို့ တိုးတက်လာခဲ့ပြီး ၈.၉% တိုးတက်မှုကို ဖော်ပြနေပါသည်။ ရပိုင်ခွင့်များအပေါ် ပေးရန်တာဝန်များ အချိုး (Liabilities-to-Assets Ratio) မှာ ၁၉.၇% မှ ၁၉.၉% သို့ အနည်းငယ် တိုးတက်လာခဲ့သော်လည်း လျော့နည်းသော အခြေအနေတွင်ပင် ဆက်လက်ရှိနေပါသည်။

ပိုင်ရှင်များ၏ ရင်းနှီးမြှုပ်နှံမှု ပိုင်ဆိုင်ခွင့်များ (Equity): စုစုပေါင်း ပိုင်ရှင်များ၏ ရင်းနှီးမြှုပ်နှံမှု ပိုင်ဆိုင်ခွင့်များသည် ၂၀၂၅ ခုနှစ်တွင် မြန်မာကျပ်ငွေ ၂၀,၁၆၅ သန်း ရှိခဲ့ရာမှ ၂၀၂၆ ခုနှစ်တွင် မြန်မာကျပ်ငွေ ၂၁,၆၄၄ သန်းသို့ တိုးတက်လာခဲ့ပြီး ၇.၅% တိုးတက်မှုကို ဖော်ပြနေပါသည်။ ရပိုင်ခွင့်များအပေါ် ပိုင်ရှင်များ၏ ရင်းနှီးမြှုပ်နှံမှု ပိုင်ဆိုင်ခွင့်များ အချိုး (Equity-to-Assets Ratio) မှာ ခန့်မှန်းခြေ ၈၀.၁% ဖြင့် ခိုင်မာစွာ ဆက်လက်ရှိနေပြီး တည်ငြိမ်သော အရင်းအနှီးအခြေခံကို ဖော်ပြနေပါသည်။






(၃) ငွေသားစီးဆင်းမှု (CASH FLOW)

ငွေသားစီးဆင်းမှု အနှစ်ချုပ် - ဘဏ္ဍာရေးနှစ် ၂၀၂၅-၂၆ (Cash Flow Summary - FY 2025-26): ဘဏ္ဍာရေးနှစ် အစတွင် ငွေသားနှင့် ငွေသားနှင့်အလားတူ လက်ကျန်ငွေမှာ မြန်မာကျပ်ငွေ ၂,၅၄၅ သန်း ရှိခဲ့ပြီး ဘဏ္ဍာရေးနှစ် အကုန်တွင် မြန်မာကျပ်ငွေ ၄,၀၂၄ သန်း ရှိခဲ့ပါသည်။ အသားတင် ငွေသားစီးဆင်းမှုမှာ မြန်မာကျပ်ငွေ ၁,၄၈၀ သန်း သို့မဟုတ် ၅၈.၁% တိုးတက်လာခဲ့ပါသည်။

လုပ်ငန်းလည်ပတ်မှုမှ ငွေသားစီးဆင်းမှု (Operating Cash Flow): လုပ်ငန်းလည်ပတ်မှု ဆောင်ရွက်ချက်များမှ ရရှိသော အသားတင် ငွေသားမှာ ၂၀၂၅ ခုနှစ်တွင် မြန်မာကျပ်ငွေ ၁,၁၀၈ သန်း ရှိခဲ့ရာမှ ၂၀၂၆ ခုနှစ်တွင် မြန်မာကျပ်ငွေ ၂,၂၂၀ သန်းသို့ တိုးတက်လာခဲ့ပါသည်။ ကုန်လက်ကျန်များ လျော့ချနိုင်ခြင်းနှင့် လည်ပတ်မတည်ငွေကြေး ပြောင်းလဲမှု ကောင်းမွန်ခြင်းတို့၏ ပံ့ပိုးမှုကြောင့် လုပ်ငန်းလည်ပတ်မှုများမှ ငွေသား ပိုမိုရရှိလာကြောင်း ဖော်ပြနေပါသည်။

လည်ပတ်မတည်ငွေကြေး အထူးဂရုပြုရန်အချက် (Working Capital Attention): ကုန်လက်ကျန်များ ၂၉.၄% လျော့နည်းသွားခဲ့သော်လည်း ရောင်းကုန်အတွက် ရရန်ရှိသည်များ (Trade and other receivables) မှာ ၃၈.၄% တိုးတက်လာခဲ့ပါသည်။ ကုန်လက်ကျန် လျော့နည်းသွားခြင်းက ငွေဖြစ်လွယ်မှုကို တိုးတက်စေသော်လည်း ရရန်ရှိသည့် ကြွေးမြီများ ကောက်ခံမှုကိုမူ အနီးကပ် ဆက်လက် စောင့်ကြည့်သွားရန် လိုအပ်ပါသည်။



(၄) ဝင်ငွေ ပါဝင်ဖွဲ့စည်းပုံ (REVENUE COMPOSITION)

ဝင်ငွေ ပါဝင်ဖွဲ့စည်းပုံကို စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းများ၏ မှတ်စု ၁၅ (Note 15) မှ စုစည်းဖော်ပြထားခြင်း ဖြစ်ပါသည်။ စာရင်းစစ်ဆေးပြီး စုစုပေါင်း ဝင်ငွေနှင့် ကိုက်ညီမှု ရှိစေရန်အတွက် "အခြားဝင်ငွေ / လျှော့ဈေး (Other Revenue / Discount)" ကို ထည့်သွင်း ညှိနှိုင်းထားပါသည်။


အပိုင်း	ဘဏ္ဍာနှစ် ၂၀၂၄-၂၅ ဝင်ငွေ	ဘဏ္ဍာနှစ် ၂၀၂၅-၂၆ ဝင်ငွေ	ဘဏ္ဍာနှစ် ၂၀၂၅-၂၆ ဖွံ့စည်းမှု	နှစ်အလိုက် ပြောင်းလဲမှု
ရုံးသုံးအလိုအလျောက်စနစ်	ကျပ်သန်း ၄,၇၉၀	ကျပ်သန်း ၃,၄၉၂	၁၄.၈၀%	-၂၇.၁၀%
ဆေးဘက်ဆိုင်ရာ	ကျပ်သန်း ၁၄,၇၈၄	ကျပ်သန်း ၁၇,၉၉၂	၇၆.၃၀%	၂၁.၇၀%
အင်ဂျင်နီယာ	ကျပ်သန်း ၁,၇၃၀	ကျပ်သန်း ၁,၉၉၀	၈.၄၀%	၁၅.၀၀%
ဖက်စပ်လုပ်ငန်း ဝင်ငွေ	ကျပ်သန်း ၅၈	ကျပ်သန်း ၆၉	၀.၃၀%	၁၈.၉၀%
အခြားဝင်ငွေ / လျှော့ဈေး	ကျပ်သန်း ၄၄၁	ကျပ်သန်း ၂၈	၀.၁၀%	-၉၃.၈၀%
စုစုပေါင်းဝင်ငွေ	**ကျပ်သန်း ၂၁,၈၀၃**	**ကျပ်သန်း ၂၃,၅၇၁**	**၁၀၀.၀၀%**	**၈.၁၀%**

ရုံးသုံးအလိုအလျောက်စက်ပစ္စည်း (Office Automation): ရုံးသုံးအလိုအလျောက်စက်ပစ္စည်း (OA) ကဏ္ဍ၏ ဝင်ငွေသည် ၂၀၂၅ ခုနှစ်တွင် မြန်မာကျပ်ငွေ ၄,၇၉၀ သန်း ရှိခဲ့ရာမှ ၂၀၂၆ ခုနှစ်တွင် မြန်မာကျပ်ငွေ ၃,၄၉၂ သန်းသို့ လျော့နည်းသွားခဲ့ပြီး ၂၇.၁% လျော့နည်းခဲ့ပါသည်။ OA ကဏ္ဍသည် စုစုပေါင်း ဝင်ငွေ၏ ၁၄.၈% ကို ကိုယ်စားပြုပါသည်။

ဆေးဝါး/ဆေးပစ္စည်း (Medical): ဆေးဝါး/ဆေးပစ္စည်း ကဏ္ဍသည် ဝင်ငွေ အများဆုံး ပါဝင်ထည့်ဝင်သည့် ကဏ္ဍအဖြစ် ဆက်လက် တည်ရှိနေပြီး ၂၀၂၅ ခုနှစ်တွင် မြန်မာကျပ်ငွေ ၁၄,၇၈၄ သန်း ရှိခဲ့ရာမှ ၂၀၂၆ ခုနှစ်တွင် မြန်မာကျပ်ငွေ ၁၇,၉၉၂ သန်းသို့ တိုးတက်လာခဲ့ပါသည်။ စုစုပေါင်း ဝင်ငွေ၏ ၇၆.၃% ကို ကိုယ်စားပြုထားရာ ကုမ္ပဏီ၏ လုပ်ငန်းများကို ဆေးဝါး/ဆေးပစ္စည်း စီးပွားရေး လုပ်ငန်းမှ အဓိက အားသွန်းခွန်စိုက် မောင်းနှင်နေဆဲဖြစ်ကြောင်း ဖော်ပြနေပါသည်။

အင်ဂျင်နီယာ (Engineering): အင်ဂျင်နီယာ ကဏ္ဍ၏ ဝင်ငွေသည် ၂၀၂၅ ခုနှစ်တွင် မြန်မာကျပ်ငွေ ၁,၇၃၀ သန်း ရှိခဲ့ရာမှ ၂၀၂၆ ခုနှစ်တွင် မြန်မာကျပ်ငွေ ၁,၉၉၀ သန်းသို့ တိုးတက်လာခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ပြန်လည်ဦးမော့လာခြင်းနှင့် တိုးတက်ကောင်းမွန်လာခြင်းတို့ကို ဖော်ပြနေပါသည်။

ဖက်စပ်လုပ်ငန်း ဆောင်ရွက်မှုမှ ဝင်ငွေနှင့် အခြားဝင်ငွေ (Joint Operation Income and Other Revenue): ဖက်စပ်လုပ်ငန်း ဆောင်ရွက်မှုမှ ဝင်ငွေသည် မြန်မာကျပ်ငွေ ၆၉ သန်းသို့ တိုးတက်လာခဲ့ပါသည်။ ၂၀၂၅ ခုနှစ်တွင် ပို့ကုန်ဝင်ငွေ မြန်မာကျပ်ငွေ ၄၀၆ သန်း ရှိခဲ့သော်လည်း ၂၀၂၆ ခုနှစ်တွင် ပို့ကုန်ဝင်ငွေ လုံးဝမရှိခဲ့သဖြင့် အခြားဝင်ငွေမှာ အဓိကအားဖြင့် လျော့နည်းသွားခဲ့ပါသည်။



(၅) လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အဓိကပြောင်းလဲမှုများ (KEY OPERATIONAL CHANGES)

- **ထည့်ဝင်ပြီး မတည်ရင်းနှီးငွေ (Share Capital):** ထုတ်ဝေပြီးနှင့် အပြည့်အဝ ထည့်ဝင်ပြီး မတည်ရင်းနှီးငွေမှာ သာမန်ရှယ်ယာပေါင်း ၉,၀၀၀,၀၀၀ စုဖြင့် မြန်မာကျပ်ငွေ ၉,၀၀၀ မီလီယံတွင် အပြောင်းအလဲမရှိ ဆက်လက်တည်ရှိနေပါသည်။
- **ထုတ်ပေးခဲ့သည့် အမြတ်ဝေစု (Dividend Paid):** ကုမ္ပဏီသည် ဘဏ္ဍာရေးနှစ် ၂၀၂၅-၂၆ အတွင်း မြန်မာကျပ်ငွေ ၄၅၀ မီလီယံအား အမြတ်ဝေစုအဖြစ် ထုတ်ပေးခဲ့ပါသည်။
- **ကုန်ပစ္စည်းလက်ကျန် စီမံခန့်ခွဲမှု (Inventory Management):** ကုန်ပစ္စည်းလက်ကျန်မှာ မြန်မာကျပ်ငွေ ၁၁,၅၇၃ မီလီယံမှ ကျပ်ငွေ ၈,၁၆၅ မီလီယံသို့ ၂၉.၄% လျော့ကျသွားခဲ့ပါသည်။ ယင်းသည် ငွေသားစီးဆင်းမှု တိုးတက်ကောင်းမွန်ရေးကို အထောက်အကူပြုခဲ့သော်လည်း ရောင်းအားဝယ်လိုအားနှင့် ကုန်ပစ္စည်းပေးသွင်းသူများ၏ ကြိုတင်ပြင်ဆင်ချိန် (Supplier Lead Times) တို့အကြား ဟန်ချက်ညီစေရန် ထိန်းညှိဆောင်ရွက်ရမည် ဖြစ်ပါသည်။
- **ရရန်ရှိငွေများ စီမံခန့်ခွဲမှု (Receivable Management):** ကုန်သွယ်မှုနှင့် အခြားရရန်ရှိငွေများမှာ မြန်မာကျပ်ငွေ ၈,၁၂၀ မီလီယံမှ ကျပ်ငွေ ၁၁,၂၃၈ မီလီယံသို့ တိုးတက်လာခဲ့ပါသည်။ ငွေသားစီးဆင်းမှုကို ကာကွယ်နိုင်ရန်အတွက် ကြွေးမြီစီမံခန့်ခွဲမှု (Credit Control) နှင့် ရရန်ရှိငွေများ ကောက်ခံမှု စည်းကမ်းပိုင်းဆိုင်ရာများအပေါ် စဉ်ဆက်မပြတ် အထူးဂရုပြုဆောင်ရွက်သွားရန် အရေးကြီးမည် ဖြစ်ပါသည်။
- **စီးပွားရေးကဏ္ဍပေါင်းစုံ ပါဝင်မှု (Business Mix):** ၂၀၂၆ ခုနှစ်တွင် ဆေးဝါးနှင့် ဆေးပစ္စည်းကဏ္ဍ (Medical Segment) မှ ပိုမိုအားကောင်းလာခဲ့ပြီး ရုံးသုံးစက်ကိရိယာကဏ္ဍ (OA Contribution) ၏ ပါဝင်မှုမှာ လျော့နည်းသွားခဲ့ပါသည်။ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ဝင်ငွေအစုအဝေး လွန်ကဲစွာစုပုံနေမှု အန္တရာယ် (Revenue Concentration Risk) ကို အနီးကပ်စောင့်ကြည့်လျက်ရှိပြီး မျှတသော တိုးတက်မှုကို ထိန်းသိမ်းရန်အတွက် ရုံးသုံးစက်ကိရိယာ (OA) နှင့် အင်ဂျင်နီယာကဏ္ဍ (Engineering) များကို ပိုမိုမြှင့်တင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(၆) လိုက်နာဆောင်ရွက်မှုနှင့် အတွင်းပိုင်း ထိန်းချုပ်ကွပ်ကဲမှု (COMPLIANCE AND INTERNAL CONTROL)

- **လိုက်နာဆောင်ရွက်မှု (Compliance):** စာရင်းစစ်ဆေးပြီး စာရင်းဇယားများကို မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံစာဆိုင်ရာ စံချိန်စံညွှန်းများ (Myanmar Financial Reporting Standards) နှင့် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲပြုစုထားပါသည်။ စာရင်းစစ်မှ အဆိုပါ ဘဏ္ဍာရေးအစီရင်ခံစာများသည် ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေ၊ ဘဏ္ဍာရေးစွမ်းဆောင်ရည်နှင့် ငွေသားစီးဆင်းမှုများကို အရေးပါသော အချက်အလက်အားလုံးတွင် မှန်ကန်မျှတစွာ ဖော်ပြထားကြောင်း သဘောထားမှတ်ချက်ပေးထားပါသည်။
- **အတွင်းပိုင်း ထိန်းချုပ်ကွပ်ကဲမှု (Internal Control):** ကုမ္ပဏီသည် ကောင်းမွန်သော ကော်ပိုရိတ်အုပ်ချုပ်မှု (Governance) နှင့် IPO အတွက်ပြင်ဆင်မှုများ ကို အထောက်အကူပြုနိုင်ရန် ဘဏ္ဍာရေးအစီရင်ခံမှု လုပ်ထုံးလုပ်နည်းများ၊ ခွင့်ပြုချက်ဆိုင်ရာ ထိန်းချုပ်မှုများ၊ ကြွေးမြီစောင့်ကြည့် စစ်ဆေးမှုများ၊ ကုန်ပစ္စည်းလက်ကျန် ထိန်းချုပ်မှုများနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အစီရင်ခံမှုများကို ဆက်လက်မြှင့်တင် အားကောင်းစေလျက်ရှိပါသည်။

(၇) ဘဏ္ဍာရေးဆိုင်ရာ အန္တရာယ် စီမံခန့်ခွဲမှု (FINANCIAL RISK MANAGEMENT)

- **နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာ အန္တရာယ် (Foreign Exchange Risk):** ကုမ္ပဏီသည် ပြည်ပမှ တင်သွင်းသော ကုန်ပစ္စည်းများနှင့် နိုင်ငံခြားငွေဖြင့် ချိတ်ဆက်ဝယ်ယူမှုများကြောင့် နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာ အန္တရာယ်များနှင့် ဆက်လက်ရင်ဆိုင်နေရပါသည်။ နိုင်ငံခြားငွေလဲလှယ်မှု အရှုံးပမာဏမှာ ၂၀၂၅ ခုနှစ်တွင် မြန်မာကျပ်ငွေ ၄၈၄ မီလီယံရှိခဲ့ရာမှ ၂၀၂၆ ခုနှစ်တွင် ကျပ်ငွေ ၇၇၁ မီလီယံသို့ တိုးတက်လာခဲ့ပါသည်။ ဈေးနှုန်းသတ်မှတ်ခြင်း၊ ဈေးနှုန်းကမ်းလှမ်းချက် သက်တမ်း၊ ဝယ်ယူသည့် အချိန်အခါနှင့် ကုန်ပစ္စည်းပေးသွင်းသူများ၏ ငွေကြေးအမျိုးအစား စီမံခန့်ခွဲမှုများကို စနစ်တကျ စောင့်ကြည့်စစ်ဆေးလျက်ရှိပါသည်။
- **ငွေသားစီးဆင်းမှု စီမံခန့်ခွဲမှု (Liquidity Management):** နှစ်ကုန် ငွေနှင့် ငွေသားညီမျှခြင်းများမှာ မြန်မာကျပ်ငွေ ၄,၀၂၄ မီလီယံသို့ တိုးတက်လာခဲ့ပြီး လက်ငင်းအချိုး (Current Ratio) မှာလည်း ၄.၃ဖြ ဆခန့်ဖြင့် ခိုင်မာစွာ ဆက်လက်တည်ရှိနေပါသည်။ ယင်းသည် ရေတိုလုပ်ငန်းလည်ပတ်မှုများကို အထောက်အကူပြုပြီး ငွေသားလည်ပတ်မှုဆိုင်ရာ ဖိအားများကို လျော့ချပေးပါသည်။
- **အတိုးနှုန်းဆိုင်ရာ အန္တရာယ် (Interest Rate Risk):** ဘဏ္ဍာရေးနှစ်အတွင်း ရယူခဲ့သော ချေးငွေများကို အဆိုပါ ဘဏ္ဍာရေးနှစ်အတွင်း၌ပင် ပြန်လည်ပေးဆပ်ခဲ့သဖြင့် နှစ်ကုန်တွင် သိသာထင်ရှားသော ချေးငွေတာဝန်ရှိမှုမရှိဘဲ ကုမ္ပဏီ၏ အတိုးနှုန်းဆိုင်ရာ အန္တရာယ်မှာ ဆက်လက်ကန့်သတ်ထားနိုင်ဆဲ ဖြစ်ပါသည်။ ဘဏ္ဍာရေးစရိတ် (Finance Cost) မှာ မြန်မာကျပ်ငွေ ၁၄ မီလီယံမှ ကျပ်ငွေ ၁၀၀ မီလီယံသို့ တိုးတက်လာခဲ့သော်လည်း စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ရေတိုဘဏ္ဍာရေး လိုအပ်ချက်များ၊ အတိုးစရိတ်များနှင့် ပြန်လည်ပေးဆပ်မှု အစီအစဉ်များကို နီးကပ်စွာ ဆက်လက်စောင့်ကြည့်လျက်ရှိပါသည်။
- **ကြွေးမြီတာဝန်မကျေပွန်မှုဆိုင်ရာ အန္တရာယ် (Credit Risk):** ဘဏ္ဍာရေးနှစ်အတွင်း ရရန်ရှိငွေများ သိသာထင်ရှားစွာ တိုးတက်လာခဲ့သော်လည်း ငွေသားစီးဆင်းမှုကို ကာကွယ်ရန်နှင့် ရရန်ရှိငွေများ၏ အရည်အသွေးကို ထိန်းသိမ်းရန်အတွက် စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ပုံမှန်ကြွေးကျန်ကာလ စိစစ်သုံးသပ်ခြင်း၊ ဝယ်ယူသူများ၏ ကြွေးဝယ်ခွင့်ကန့်သတ်ချက် သတ်မှတ်ခြင်းနှင့် အချိန်မှန် အရေးယူဆောင်ရွက်ခြင်းတို့မှတစ်ဆင့် ကြွေးမြီကောက်ခံမှုဆိုင်ရာ အန္တရာယ်များကို နီးကပ်စွာ ဆက်လက်စောင့်ကြည့်လျက်ရှိပါသည်။

(၈) အစီရင်ခံစာတင်ပြပြီးနောက် ဖြစ်ပေါ်သည့် ဖြစ်ရပ်များနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု (EVENT AFTER REPORTING PERIOD AND FUTURE DEVELOPMENT)

- **စတော့အိပ်ချိန်းတွင် စာရင်းဝင်ခြင်းနှင့် အများပြည်သူသို့ အစုရှယ်ယာများ ကနဦးရောင်းချခြင်း အစီအစဉ် (Listing with IPO Plan):** ကုမ္ပဏီသည် ရန်ကုန်စတော့အိတ်ချိန်း (Yangon Stock Exchange) တွင် စာရင်းဝင်အများပိုင်ကုမ္ပဏီအဖြစ် ပါဝင်နိုင်ရေးအတွက် ပြင်ဆင်မှုများကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ စာရင်းစစ်ဆေးပြီး စာရင်းဇယားများအရ အများပြည်သူသို့ အစုရှယ်ယာ ရောင်းချခြင်း (Public Offering) မှတစ်ဆင့် မြန်မာကျပ်ငွေ ၈၀၀ မီလီယံခန့် ရန်ပုံငွေရှာဖွေရန် ပစ်မှတ်ထားဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားပါသည်။
- **အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု (Future Development):** ရှေ့ဆက်၍ ကုမ္ပဏီသည် ဈေးနှုန်းသတ်မှတ်မှုဆိုင်ရာ စည်းကမ်းချက်များ စနစ်တကျရှိရေး၊ စရိတ်စက ထိန်းချုပ်ရေး၊ ရရန်ရှိငွေများ ကောက်ခံရေး၊ ကုန်ပစ္စည်းလက်ကျန် အထိရောက်ဆုံး စီမံခန့်ခွဲရေးနှင့်

စီးပွားရေးကဏ္ဍပေါင်းစုံ ခွဲဝေဆောင်ရွက်ရေးတို့ကို ပိုမိုအားကောင်းစေခြင်းဖြင့် ရေရှည်တည်တံ့သော စီးပွားရေးတိုးတက်မှုအပေါ် အထူးဂရုပြု ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(၉) အဓိက ဘဏ္ဍာရေးဆိုင်ရာ အချိုးများနှင့် စံနှုန်းများ (KEY FINANCIAL RATIOS AND BENCHMARKS)

Internal Target Range သည် ကုမ္ပဏီအတွင်း နှိုင်းယှဉ်သုံးသပ်ရန်အတွက် ရည်ညွှန်းဖော်ပြထားသော အညွှန်းသဘောဆောင်သည့် သတ်မှတ်ချက်အပိုင်းအခြားသာ ဖြစ်ပါသည်။

အညွှန်းကိန်း	Concordia ရလဒ် [ယခင်နှစ်နှင့် လက်ရှိနှစ် နှိုင်းယှဉ်မှု]	ကုမ္ပဏီအတွင်း သတ်မှတ်ထားသော ရည်မှန်းချက်အပိုင်းအခြား	မှတ်ချက်	အရောင် ညွှန်ပြချက်
ဝင်ငွေတိုးတက်မှု	၂၃.၉% ▶ ၈.၁%	၁၀% – ၁၅%	အနည်းငယ်အောက်တွင်ရှိ	🟡
အကြွမ်းအမြတ်နှုန်း	၄၇.၅% ▶ ၄၅.၃%	၃၅% – ၅၀%	သတ်မှတ်အတိုင်းအတာအတွင်းရှိပြီး ၂၀၂၅ ခုနှစ်ထက် နိမ့်ကျ	🟢
အသားတင်အမြတ်နှုန်း	၉.၈% ▶ ၇.၅%	၈% – ၁၅%	အနည်းငယ်အောက်တွင်ရှိ	🟡
လုပ်ငန်းလည်ပတ်စရိတ် အချိုး	၃၁.၆% ▶ ၃၃.၂%	၃၀% – ၄၀%	သတ်မှတ်အတိုင်းအတာအတွင်းရှိ	🟢
ပိုင်ဆိုင်မှုများအပေါ် အကျိုးအမြတ်ပြန်ရနှုန်း	၈.၅% ▶ ၆.၅%	၅% – ၁၀%	သတ်မှတ်အတိုင်းအတာအတွင်းရှိ	🟢
အစုရှယ်ယာရှင်များ၏ ရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးအမြတ်ပြန်ရနှုန်း	၁၀.၆% ▸ ၈.၂%	၁၀% – ၂၀%	၂၀၂၆ ခုနှစ်တွင် သတ်မှတ်အတိုင်းအတာအောက်တွင်ရှိ	🟡
လက်ငင်း ပိုင်ဆိုင်မှုနှင့် ပေးရန်ရှိ အချိုး	**၄.၅၀x ▸ ၄.၃၆x**	၁.၅ အထက်	ငွေကြေးလည်ပတ်မှု အားကောင်းသည်	🟢
ပိုင်ဆိုင်မှုနှင့် ကြွေးမြီ အချိုး	၁၉.၇% ▸ ၁၉.၉%	၅၀% အောက်	ကြွေးမြီ ဝန်ထုပ်ဝန်ပိုး နည်းပါးသည်	🟢

ရုံးလုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများ

နိဒါန်း



ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ရုံးလုပ်ငန်းသုံးစက်ပစ္စည်းကိရိယာ ဆိုင်ရာဌာန (Office Automation Department) ကို ၂၀၀၃ ခုနှစ်တွင် စတင်တည် ထောင်ခဲ့ပါသည်။ ပထမဦးစွာ Fuji Xerox (ယခု Fujifilm BI) မိတ္တူကူးစက်များနှင့် ပရင်တာများကို ပြည်ပမှ တင်သွင်းဖြန့်ဖြူးခြင်းကို အဓိကထား ဆောင်ရွက်ခဲ့ ပါသည်။ ထို့နောက် DLP Projector များနှင့် Pantum ပရင်တာများကိုပါ ထပ်မံတိုးချဲ့ ရောင်းချခဲ့ပါသည်။ မိမိတို့ဌာနသည် လုပ်ငန်းလည်ပတ်မှု စွမ်းဆောင်ရည် ပိုမိုကောင်းမွန်စေရန်နှင့် တိုးတက်ပြောင်းလဲလာသော စျေးကွက်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပေါင်းစပ်စနစ်များ (Integrated Systems) နှင့် အဆင့်မြင့် နည်းပညာများကို အစဉ်တစိုက် ကျင့်သုံးဆောင်ရွက်လျက် ရှိပါသည်။

ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ (Products and Solutions)

- **Multi-function Devices (အမျိုးအစားစုံ သုံးနိုင်သော စက်ကိရိယာများ):** စာရွက်စာတမ်း ပုံနှိပ်ခြင်း (Printing)၊ စကင်ဖတ်ခြင်း (Scanning)၊ မိတ္တူကူးခြင်း (Copying) နှင့် ဖက်စ်ပို့ခြင်း (Faxing) တို့ကို စက်တစ်လုံးတည်းတွင် ပေါင်းစပ်ပေးထားပြီး ရုံးလုပ်ငန်းစဉ်များကို အထိရောက်ဆုံး ဖြစ်စေပါသည်။
- **Cloud Computing (ကလောက်ဒ် နည်းပညာ):** စာရွက်စာတမ်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး စနစ်များကို နေရာမရွေး လွယ်ကူစွာ အသုံးပြုနိုင်စေပြီး ပြောင်းလွယ်ပြင်လွယ်ရှိမှုနှင့် ကုန်ထုတ်လုပ်မှုကို ပိုမိုမြှင့်တင်ပေးပါသည်။
- **Smart Office Solutions (စမတ်ရုံးသုံး နည်းပညာများ):** မီးလင်းရေးစနစ်၊ အပူချိန် ထိန်းချုပ်ရေးစနစ်နှင့် လုံခြုံရေးစနစ်များအတွက် စိစစ်ထက်မြက်သော စနစ်များကို တပ်ဆင် ဆောင်ရွက်ပေးပါသည်။
- **Fujifilm BI:** ခိုင်မာစိတ်ချရသော စွမ်းဆောင်ရည်အတွက် အရည်အသွေးမြင့် မိတ္တူကူးစက်များနှင့် ပရင်တာများကို ထောက်ပံ့ပေးပါသည်။
- **Pantum:** သက်သာသော စျေးနှုန်းဖြင့် စိတ်ချယုံကြည်ရသော စာရွက်စာတမ်း ပုံနှိပ်ခြင်းဆိုင်ရာ ဝန်ဆောင်မှုများကို ပေးအပ်ပါသည်။
- **Advanced Projectors (အဆင့်မြင့် ပရိုဂျက်တာများ):** ရုပ်သံပြသမှု အရည်အသွေး ထူးချွန်ထက်မြက်စေပြီး အနာဂတ်တွင် ထိတွေ့အသုံးပြုနိုင်သော စကရင်များ (Interactive Displays) အထိ တိုးချဲ့ဆောင်ရွက်ရန် အစီအစဉ်များ ရှိပါသည်။
- **ပြည့်စုံသော ပြုပြင်ထိန်းသိမ်းမှု သဘောတူညီချက် (Full Service Maintenance Agreement - FSMA)**
- **ဘက်ပေါင်းစုံ ပါဝင်သော အာမခံပေးမှု (Comprehensive Coverage):** စာရွက်မှလွဲ၍ စစ်မှန်သော ကုန်ကြမ်း/အပိုပစ္စည်းများ (Consumables and Parts) အားလုံး ပါဝင်ပါသည်။

- **လစဉ် ပုံမှန် ပြုပြင်ထိန်းသိမ်းပေးခြင်း (Routine Monthly Maintenance):** စက်ကိရိယာများ၏ စွမ်းဆောင်ရည် ငြိမ်သက်ပြီး အကောင်းဆုံး အခြေအနေတွင် ရှိနေစေရန် အာမခံပါသည်။
- **လျင်မြန်သော တုံ့ပြန်ဆောင်ရွက်မှု (Rapid Response Time):** စက်ရပ်ဆိုင်းချိန် အနည်းဆုံးဖြစ်စေရန် ၆ နာရီအတွင်း ဝန်ဆောင်မှုပေးရန် အာမခံပါသည်။
- **တစ်နိုင်ငံလုံးတွင် အသုံးပြုသူ ၂၀၀ ကျော် စိတ်ချယုံကြည်မှု (Trusted by Over 200 Users Nationwide):** သုံးစွဲသူများ၏ စိတ်ချယုံကြည်မှုနှင့် ကုမ္ပဏီ၏ ခိုင်မာမှုကို သက်သေပြနေပါသည်။

ရည်မှန်းချက်များနှင့် မဟာဗျူဟာများ

- **ဆန်းသစ်တီထွင်ပြီး ကုန်ကျစရိတ်သက်သာသော ဖြေရှင်းချက်များ ပံ့ပိုးပေးခြင်း** - နည်းပညာ အသုံးချမှုမှတစ်ဆင့် လုပ်ငန်းခွင် ထိရောက်မှု တိုးမြှင့်ရန် အာရုံစိုက်ဆောင်ရွက်ခြင်း။
- **ဈေးကွက်ဦးဆောင်မှုကို ထိန်းသိမ်းခြင်း** - ထုတ်ကုန်အမျိုးအစားများ တိုးချဲ့ခြင်းနှင့် ဖောက်သည် ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်အောင် မြှင့်တင်ခြင်းမှတစ်ဆင့် ဆောင်ရွက်ခြင်း။
- **မဖွံ့ဖြိုးသေးသော ဈေးကွက်များသို့ တိုးချဲ့ဝင်ရောက်ခြင်း** - ပထဝီဝင်ဒေသများနှင့် လုပ်ငန်းကဏ္ဍများ အလိုက် တိုးတက်နိုင်မည့် အခွင့်အလမ်းများကို ရည်မှန်းဆောင်ရွက်ခြင်း။
- **လူစွမ်းအားအရင်းအမြစ်တွင် ရင်းနှီးမြှုပ်နှံခြင်း** - ပိုမိုကျယ်ပြန့်သော လွှမ်းခြုံပံ့ပိုးမှု ရရှိစေရန် နည်းပညာနှင့် အရောင်းအဖွဲ့များကို တိုးချဲ့ခြင်း။
- **FSMA အသုံးချမှုကို ပိုမိုခိုင်မာစေခြင်း** - ဖောက်သည်များအတွက် ယုံကြည်စိတ်ချရမှု၊ စနစ်အမြဲတမ်းအသုံးပြုနိုင်မှု (Uptime) နှင့် စိတ်ချမ်းသာမှုတို့ကို မြှင့်တင်ပေးရန် ဆောင်ရွက်ခြင်း။

အမှတ်တံဆိပ် ပူးပေါင်းဆောင်ရွက်မှုများနှင့် အဓိက ဝန်ဆောင်မှုများ (Brand Partnerships and Key Offerings)

မိမိတို့သည် ကမ္ဘာကျော် စိတ်ချယုံကြည်ရသော အမှတ်တံဆိပ်များမှ အဆင့်မြင့် မိတ္တူကူးစက်များ၊ ပရင်တာများနှင့် ပရိဂျက်တာများကို တင်သွင်းဖြန့်ဖြူးပေးလျက် ရှိပါသည်။ မိမိတို့၏ FSMA (Full Service Maintenance Agreement) ဝန်ဆောင်မှုပုံစံသည် သုံးစွဲသူများအတွက် စက်ပစ္စည်းများကို စိတ်ချလက်ချ အစဉ်အမြဲ အသုံးပြုနိုင်စေရန်နှင့် ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ စိုးရိမ်ကြောင့်ကြမှုများကို လျှော့ချပေးနိုင်ရန် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပြီး ဈေးကွက်အတွင်း အခြားသူများနှင့် မတူကွဲပြားသော အားသာချက်တစ်ခုအဖြစ် ရပ်တည်ပေးလျက် ရှိပါသည်။

အနာဂတ် မျှော်မှန်းချက် (Future Outlook)

၂၀၂၆-၂၀၂၇ ခုနှစ်သို့ လှမ်းမျှော်ကြည့်လျှင် ရုံးသုံးစက်ကိရိယာဆိုင်ရာဌာနသည် အဆင့်မြင့် နည်းပညာများနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးတို့တွင် ဆက်လက် ရင်းနှီးမြှုပ်နှံသွားမည် ဖြစ်ပါသည်။ မိမိတို့သည် မဟာဗျူဟာမြောက် ဈေးကွက်မြှင့်တင်ရေးနှင့် ဆန်းသစ်သော နည်းပညာဖြေရှင်းချက်များမှတစ်ဆင့် FSMA ဝန်ဆောင်မှုများကို တိုးချဲ့ရန်၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဈေးကွက်စိုးမိုးမှုကို တိုးမြှင့်ရန်နှင့် တိုးတက်ပြောင်းလဲလာသော စမတ်ရုံးသုံး ပတ်ဝန်းကျင်၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ရည်မှန်းထားပါသည်။

ဆေးဘက်ဆိုင်ရာစက်ပစ္စည်းကိရိယာများ

ကွန်ကော့ဒီးယား၏ ကျန်းမာရေးစောင့်ရှောက်မှု စီးပွားရေးကဏ္ဍ (Healthcare Business Unit) ကို အထူးပြုဌာနခွဲ နှစ်ခုဖြင့် ဖွဲ့စည်းထားပါသည် - ဆေးဘက်ဆိုင်ရာ စက်ကိရိယာများဌာနခွဲ (Medical Equipment Division) နှင့် ရောဂါရှာဖွေရေး စက်ကိရိယာများဌာနခွဲ (Diagnostics Division) တို့ဖြစ်ကြပါသည်။

ဆေးဘက်ဆိုင်ရာ စက်ကိရိယာများဌာနခွဲ (Medical Equipment Division): လူနာကုတင်များ၊ အဆင့်မြင့် ဓာတ်မှန်နှင့် ရုပ်ပုံဖော် စက်ကိရိယာများ၊ ခွဲစိတ်ခန်းနှင့် အထူးကြပ်မတ်ကုသဆောင် (ICU) သုံး စက်ကိရိယာများ၊ မျက်စိရောဂါကုသရေး ဖြေရှင်းချက်များနှင့် ကျောက်ကပ်တုဆေးကြောသည့် စက်များ အပါအဝင် ပြည့်စုံသော ကျန်းမာရေးဆိုင်ရာ နည်းပညာများကို ထောက်ပံ့ပေးလျက်ရှိပြီး ဆေးရုံများကို စိတ်ချယုံကြည်ရသည့် အရည်အသွေးမြင့် ဆေးဘက်ဆိုင်ရာ အခြေခံအဆောက်အအုံများဖြင့် ပံ့ပိုးပေးလျက် ရှိပါသည်။

ရောဂါရှာဖွေရေး စက်ကိရိယာများဌာနခွဲ (Diagnostics Division): သွေးဆဲလ် စိစစ်စမ်းသပ်ခြင်း (Hematology)၊ ဇီဝဓာတုဗေဒ စမ်းသပ်ခြင်း (Biochemistry)၊ ခုခံအားစနစ် စမ်းသပ်ခြင်း (Immunology) နှင့် တစ်ရှူးရောဂါဗေဒ စမ်းသပ်ခြင်း (Histopathology) စသည့် ပဓာနကျသော ဓာတ်ခွဲခန်းစနစ် အစုံအလင်ကို ထောက်ပံ့ပေးလျက် ရှိပါသည်။ ဤဖြေရှင်းချက်များသည် ရောဂါရှာဖွေမှု တိကျမှန်ကန်ရေးကို မြှင့်တင်ရန်၊ ဓာတ်ခွဲခန်း လုပ်ငန်းစဉ်များကို အထိရောက်ဆုံး ဖြစ်စေရန်နှင့် အမျိုးသား ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှု ပေးအပ်မှုများကို အားကောင်းစေရန် ရည်ရွယ်၍ ပုံစံထုတ်ထားခြင်း ဖြစ်ပါသည်။

ဆေးဘက်ဆိုင်ရာ စက်ကိရိယာများဌာနခွဲ (MEDICAL EQUIPMENT DIVISION)

နိဒါန်း (INTRODUCTION)



ဆေးဘက်ဆိုင်ရာ ဌာနသည် ကွန်ကော့ဒီးယား အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် အတွင်း ဝင်ငွေအများဆုံး ရရှိသည့် ဌာနအဖြစ် မိမိတို့၏ ရပ်တည်မှုကို ပိုမိုခိုင်မာစေခဲ့ပါသည်။ သန်မာသော ဈေးကွက်ဝယ်လိုအား၊ ခိုင်မာသော မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ဌာနခွဲ၏ ထူးချွန်ထက်မြက်သော လုပ်ဆောင်နိုင်စွမ်းတို့ကြောင့် ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက ရောင်းအား ၂၁.၇% အထိ ထူးခြားစွာ တိုးတက်ရရှိခဲ့ပါသည်။

အဓိက ထုတ်ကုန်လိုင်းများကို တိုးချဲ့ခြင်းနှင့် ခေတ်မီဆန်းသစ်သော AI နည်းပညာနှင့် မှန်ပြောင်းကြည့် စက်ကိရိယာများ (Endoscopic Technologies) ကို အောင်မြင်စွာ မိတ်ဆက်ပေးနိုင်ခဲ့ခြင်းတို့ဖြင့် ဆေးဘက်ဆိုင်ရာ ဌာနသည် ဤတိုးတက်မှု လမ်းကြောင်းကို ဆက်လက်ထိန်းသိမ်းရန်နှင့် ကုမ္ပဏီ၏ ရေရှည်အကျိုးအမြတ်ဖြစ်ထွန်းမှုကို မောင်းနှင်ရန် အကောင်းဆုံး အနေအထားတွင် တည်ရှိနေပါသည်။

ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ (PRODUCTS AND SOLUTIONS)



ကမ္ဘာ့အဆင့်မီ ဆေးဘက်ဆိုင်ရာ စက်ပစ္စည်း ထုတ်လုပ်သူများနှင့် ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုများကြောင့် ရရှိလာသည့် မိမိတို့ ကုမ္ပဏီ၏ အဓိက ဝင်ငွေရရှိရေး ဒေါက်တိုင်များမှာ -

- **Mindray Imaging Products (ဓာတ်မှန်နှင့် ရုပ်ပုံဖော် စက်ကိရိယာများ):** အရည်အသွေးမြင့် အာထရာဆောင်း (Ultrasound) နှင့် ဓာတ်မှန်ဆိုင်ရာ (Radiology) စက်ကိရိယာများ။
- **Mindray PMLS - Patient Monitoring & Life Support (လူနာစောင့်ကြည့်စစ်ဆေးရေးနှင့် အသက်ရှူအထောက်အကူပြု စက်ကိရိယာများ):** ခွဲစိတ်ခန်း (Operating Theater - OT) နှင့် အထူးကြပ်မတ်ကုသဆောင် (ICU) တို့အတွက် အလွန်အရေးပါသော စက်ကိရိယာများ။
- **Topcon Ophthalmology Products (မျက်စိရောဂါဆိုင်ရာ စက်ကိရိယာများ):** အဆင့်မြင့် မျက်စိစောင့်ရှောက်ရေးနှင့် ရောဂါရှာဖွေရေး စက်ကိရိယာများ။
- **B.Braun Hemodialysis Products (ကျောက်ကပ်တု ဆေးကြောရေးဆိုင်ရာ စက်ကိရိယာများ):** အဆင့်မြင့် ကျောက်ကပ်ပြုစုကုသရေး စက်များနှင့် စီးသုံးကုန်များ (Consumables)။

ရည်မှန်းချက်များနှင့် မဟာဗျူဟာများ (OBJECTIVES AND STRATEGY)

- **ရည်မှန်းချက် (၁) - ထုတ်ကုန်သစ်များ စွေးကွက်အတွင်း အရှိန်အဟုန်ဖြင့် သုံးစွဲလာစေရန် ဆောင်ရွက်ခြင်း (Accelerate Market Adoption of New Lines)**
  - **ပစ်မှတ်:** AI နည်းပညာ ပါဝင်သော Akhil HIS (ဆေးရုံသတင်းအချက်အလက်စနစ်) နှင့် Aohua Endoscopy (မှန်ပြောင်းကြည့် စက်ကိရိယာ) စနစ်များကို ဆေးရုံများတွင် လျှင်မြန်စွာ ပေါင်းစပ်အသုံးပြုနိုင်ရေး ဆောင်ရွက်ရန်။
  - **မဟာဗျူဟာ:** ဆေးဘက်ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်သူများထံ တိုက်ရိုက် AI လုပ်ငန်းစဉ်များနှင့် ကြည်လင်ပြတ်သားမှုမြင့်မားသော ရုပ်ပုံဖော်နိုင်စွမ်းများကို လက်တွေ့ပြသနိုင်ရန်အတွက် အဓိက ဆေးရုံကြီးများတွင် မဟာဗျူဟာမြောက် စံပြစင်တာ (Center of Excellence) ရည်ညွှန်းနေရာများကို တည်ထောင်သွားရန်။
- **ရည်မှန်းချက် (၂) - အဓိက ထုတ်ကုန်လိုင်းများကို ကာကွယ်ရန်နှင့် တိုးချဲ့ရန် (Protect and Grow the Core Portfolio)**
  - **ပစ်မှတ်:** Mindray၊ Topcon နှင့် B.Braun ထုတ်ကုန်လိုင်းများမှ မြင့်မားသော ဝင်ငွေပမာဏကို ဆက်လက်ထိန်းသိမ်းရန်။
  - **မဟာဗျူဟာ:** လက်ရှိ ICU နှင့် ကျောက်ကပ်ပြုစုကုသရေးဌာန သုံးစွဲသူများကို အသုံးချ၍ အပြန်အလှန် ချိတ်ဆက်ရောင်းချမှု မူဘောင် (Cross-selling framework) ကို ကျင့်သုံးရန်နှင့် ပုံမှန် သုံးစွဲပစ္စည်းများ ရောင်းချခြင်းမှ ရရှိသည့် ဝင်ငွေ ရေရှည်ရရှိစေရန်အတွက် ရေရှည် ဝန်ဆောင်မှုစာချုပ်များနှင့် ပေါင်းစပ်ဆောင်ရွက်ရန်။

အမှတ်တံဆိပ် ပူးပေါင်းဆောင်ရွက်မှုများနှင့် အဓိက ဝန်ဆောင်မှုများ (BRAND PARTNERSHIPS AND KEY OFFERINGS)

မိမိတို့သည် မြန်မာတစ်နိုင်ငံလုံးရှိ ဆေးရုံများနှင့် ဆေးခန်းများမှ အရည်အသွေးမြင့် ထုတ်ကုန်များကို ရရှိသုံးစွဲနိုင်စေရန်အတွက် ထိပ်တန်း ဆေးဘက်ဆိုင်ရာ စက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ မိမိတို့၏ ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှု (After-sales Service) သည် ရေရှည်ခိုင်မာသော ဆက်ဆံရေးကို ဖြစ်ထွန်းစေပြီး စက်ပစ္စည်းများကို စိတ်ချလက်ချ အစဉ်အမြဲ အသုံးပြုနိုင်ရေးကို အာမခံချက် ပေးနိုင်ပါသည်။

အနာဂတ် မျှော်မှန်းချက် (FUTURE OUTLOOK)

ယခုနှစ်အတွင်း ဆေးဘက်ဆိုင်ရာ ဌာန၏ ထူးချွန်ထက်မြက်သော စွမ်းဆောင်ရည်သည် မိမိတို့၏ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပုံစံ၏ ခိုင်မာကြံ့ခိုင်မှုနှင့် ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုကို သက်သေပြနေပါသည်။ မိမိတို့၏ အဓိက ထုတ်ကုန်လိုင်းများကို AI နည်းပညာအခြေခံ Akhil HIS (ဆေးရုံသတင်းအချက်အလက်စနစ်) နှင့် Aohua Endoscopy (မှန်ပြောင်းကြည့် စက်ကိရိယာ) ကဲ့သို့သော အနာဂတ်မျှော်မှန်း ဆန်းသစ်တီထွင်မှုများနှင့် ပေါင်းစပ်ခြင်းဖြင့် လာမည့် ဘဏ္ဍာရေးနှစ်တွင် ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အတွက် ပိုမိုကြီးမားသော အကျိုးအမြတ်များကို ဆောင်ကြဉ်းပေးနိုင်မည်ဟု အပြည့်အဝ ယုံကြည်ပါသည်။

မိမိတို့အား အစဉ်အမြဲ မပြတ်မတောက် ပံ့ပိုးကူညီပေးခဲ့ကြသော ဒါရိုက်တာအဖွဲ့ဝင်များ၊ ပါဝင်ပတ်သက်သူများ (Stakeholders) နှင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများ အားလုံးကို အထူးပင် ကျေးဇူးတင်ရှိအပ်ပါသည်။

ရောဂါရှာဖွေရေး စက်ကိရိယာများဌာနခွဲ - ဖန်ပြွန်တွင်း ရောဂါရှာဖွေခြင်း (DIAGNOSTICS DIVISION: IVD)

နိဒါန်း (INTRODUCTION)

မိမိတို့၏ ဓာတ်ခွဲခန်းသုံး ရောဂါရှာဖွေရေး စီးပွားရေးကဏ္ဍသည် သွေးဆဲလ် စိစစ်စမ်းသပ်ခြင်း (Hematology)၊ ဇီဝဓာတုဗေဒ စမ်းသပ်ခြင်း (Biochemistry)၊ ခုခံအားစနစ် စမ်းသပ်ခြင်း (Immunology)၊ ဓာတ်ဆားဓာတ် ပမာဏ စမ်းသပ်ခြင်း (Electrolyte)၊ သွေးခဲမှု အခြေအနေ စမ်းသပ်ခြင်း (Coagulation)၊ ဆီးစစ်ဆေးခြင်း (Urine)၊ တစ်ရှူးရောဂါဗေဒ စမ်းသပ်ခြင်း (Histopathology) နှင့် လိုအပ်သော အဓိက ဓာတ်ခွဲခန်းသုံး စက်ကိရိယာများ ပါဝင်သည့် ပြည့်စုံသော ဓာတ်ခွဲခန်းဆိုင်ရာ ဖြေရှင်းချက်များကို မြန်မာတစ်နိုင်ငံလုံးသို့ ဆက်လက် ထောက်ပံ့ပေးလျက် ရှိပါသည်။ မိမိတို့၏ သန္ဓိဋ္ဌာန်မှာ ဓာတ်ခွဲခန်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်၊ ရောဂါရှာဖွေမှု တိကျမှန်ကန်ရေးကို အာမခံရန်နှင့် လူနာများ၏ ကုသမှုရလဒ်များကို ပိုမိုကောင်းမွန်စေရန်အတွက် အရည်အသွေးမြင့် စက်ကိရိယာများ၊ ဓာတ်ခွဲစမ်းသပ်ဆေးများနှင့်သုံးကုန်ပစ္စည်းများ (Reagents and Consumables) ကို ပေးအပ်သွားရန် ဖြစ်ပါသည်။

ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ (PRODUCTS AND SOLUTIONS)

မိမိတို့သည် ဓာတ်ခွဲခန်းများ၏ ထူးချွန်ထက်မြက်သော စွမ်းဆောင်ရည်ကို ပံ့ပိုးပေးနိုင်ရန် ပုံစံထုတ်ထားသည့် အောက်ပါ ဖြေရှင်းချက် အစုံအလင်ကို ဝန်ဆောင်မှုပေးလျက် ရှိပါသည် -

- **ရောဂါရှာဖွေရေး စမ်းသပ်စက်များ (Diagnostic Analyzers):** တိကျမှုနှင့် ထိရောက်မှုကို အာမခံပေးနိုင်သော သွေးဆဲလ် စိစစ်စမ်းသပ်ခြင်း၊ ဇီဝဓာတုဗေဒ စမ်းသပ်ခြင်း၊ ခုခံအားစနစ်

စမ်းသပ်ခြင်း၊ ဓာတ်ဆားဓာတ် ပမာဏ စမ်းသပ်ခြင်း၊ သွေးခဲမှု အခြေအနေ စမ်းသပ်ခြင်းနှင့် ဆီးစစ်ဆေးခြင်းတို့အတွက် စွမ်းဆောင်ရည်မြင့် နည်းပညာစနစ်များ။

- **တစ်ရှူးရောဂါဗေဒ စနစ်များ (Histopathology Systems):** တစ်ရှူး ပြုပြင်ပြင်ဆင်သည့် စက်များ (Tissue Processors)၊ ဆေးရောင်စပ်စနစ်များ (Staining Systems) နှင့် ဆက်စပ်သုံးစွဲပစ္စည်းများ (Consumables) ပါဝင်သည့် ပြည့်စုံသော ဖြေရှင်းချက်များ။
- **Laboratory Essentials:** အဏုကြည့်မှန်ပြောင်းများ၊သွေးလှည့်စက်များနှင့် အခြားသော အဓိက ဓာတ်ခွဲခန်းသုံး ကိရိယာများကဲ့သို့သော အခြေခံစက်ပစ္စည်းများ။
- **Reagents & Consumables:** လုပ်ငန်းစဉ်များ ပုံမှန်မပြတ်မတောက် လည်ပတ်နိုင်ရေးအတွက် ထိပ်တန်းအရည်အသွေးမြင့် ဓာတ်ခွဲစမ်းသပ်ပစ္စည်းများနှင့် သုံးစွဲပစ္စည်းများကို အစဉ်အမြဲ ထောက်ပံ့ပေးခြင်း။
- **Reagent Rental Programs:** စတင် မတည်ရင်းနှီးငွေ လိုအပ်ချက်များကို လျှော့ချပေးပြီး လုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင်ပေးစဉ် ဓာတ်ခွဲခန်းများအတွက် ဓာတ်ခွဲပစ္စည်း ကုန်ကျစရိတ်ကို ခန့်မှန်းတွက်ချက်ရ လွယ်ကူစေကာ အဆင့်မြင့် စမ်းသပ်စစ်ဆေးသည့်စက်များကို အသုံးပြုနိုင်စေသည့် လိုက်လျောညီထွေရှိသော စနစ်များ။

ရည်မှန်းချက်များနှင့် မဟာဗျူဟာမြောက် ထုတ်ကုန်အဖြေများ

- **တိကျမှုနှင့် တည်ငြိမ်မှုရှိစေရန် သေချာစေခြင်း (Ensure Precision and Consistency)**
  စိတ်ချယုံကြည်ရသော စက်ပစ္စည်းများနှင့် ဓာတ်ခွဲစမ်းသပ်ပစ္စည်းများ စဉ်ဆက်မပြတ် ပံ့ပိုးပေးခြင်းဖြင့် လုပ်ဆောင်ပါသည်။
- **ဘဏ္ဍာရေးဆိုင်ရာ လက်လှမ်းမီမှုကို မြှင့်တင်ပေးခြင်း (Improve Financial Accessibility)**
  အသေးစားနှင့် အလတ်စား ဓာတ်ခွဲခန်းများအတွက် ဓာတ်ခွဲပစ္စည်းသုံး စက်ငှားရမ်းမှု စနစ်များမှတစ်ဆင့် ဆောင်ရွက်ပေးပါသည်။
- **နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်များကို တိုးချဲ့ခြင်း (Expand Technological Capabilities)**
  အလိုအလျောက် စနစ်များ (Automation)၊ မော်လီကျူး ရောဂါရှာဖွေရေး စနစ်များ (Molecular Diagnostics) နှင့် AI နည်းပညာ ပေါင်းစပ်အသုံးပြုမှုများဖြင့် တိုးချဲ့ဆောင်ရွက်ပါသည်။
- **ဝန်ဆောင်မှု အထောက်အကူပြု လုပ်ငန်းများကို မြှင့်တင်ခြင်း (Enhance Support Services)**
  ပိုမိုမြန်ဆန်သော တုံ့ပြန်ဆောင်ရွက်မှု၊ ကြိုတင်ကာကွယ် ထိန်းသိမ်းပြုပြင်မှုများနှင့် သုံးစွဲသူဆိုင်ရာ သင်တန်းများ ပေးအပ်ခြင်းတို့ဖြင့် ဆောင်ရွက်ပါသည်။
- **စျေးကွက်နေရာခိုင်မာမှုကို မြှင့်တင်ခြင်း (Strengthen Market Position)**
  ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခြင်းနှင့် ထုတ်ကုန်များကို အစဉ်မပြတ် ဆန်းသစ်တီထွင်ခြင်းတို့မှတစ်ဆင့် ဆောင်ရွက်ပါသည်။

အမှတ်တံဆိပ် ပူးပေါင်းဆောင်ရွက်မှုများနှင့် အဓိက ဝန်ဆောင်မှု/ထုတ်ကုန်များ

ကျွန်ုပ်တို့သည် ဆန်းသစ်တီထွင်ပြီး ယုံကြည်စိတ်ချရသော ဓာတ်ခွဲခန်းဆိုင်ရာ ဖြေရှင်းချက်များကို ပံ့ပိုးပေးနိုင်ရန် ကမ္ဘာတစ်ဝန်း အသိအမှတ်ပြုထားသည့် မိတ်ဖက်ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

- **Mindray:** သွေးဆဲလ်စစ်ဆေးစက် (Hematology)၊ ဇီဝဓာတုဗေဒဆိုင်ရာ စစ်ဆေးစက် (Biochemistry)၊ ခုခံအားစနစ်ဆိုင်ရာ စစ်ဆေးစက် (Immunology) နှင့် ဆီးစစ်ဆေးစက် (Urine Analyzer) တို့အပါအဝင် ၎င်းတို့နှင့်တွဲဖက်သုံး ရီအေဂျင့် (Reagents) များပါဝင်သည့် အခြေခံ ရောဂါရှာဖွေရေးဆိုင်ရာ စုံလင်လှသော စက်ပစ္စည်းနှင့် ဖြေရှင်းချက်များ။
- **Leica:** တစ်ရှူး အသားစများမှ တစ်ဆင့် ရောဂါရှာဖွေရေးရာတွင် အသုံးပြုသော စက်များနှင့် ဆက်စပ်ပစ္စည်းများ။
- **SFRI:** ပုံမှန် ရောဂါရှာဖွေစစ်ဆေးမှုများအတွက် အထူးထုတ်လုပ်ထားသော အီလက်ထရိုလိုင်း စစ်ဆေးစက် (Electrolyte Analyzers) နှင့် ဆက်စပ် သုံးစွဲကုန်ပစ္စည်းများ။

အနာဂတ် မျှော်မှန်းချက်

နောင်အနာဂတ်သို့ မျှော်ကြည့်လျှင် ကျွန်ုပ်တို့သည် စမ်းသပ်မှုအများအပြားကို အချိန်တိုအတွင်း ဆောင်ရွက်နိုင်သော ခွဲခြမ်းစိတ်ဖြာစက်များ (High-throughput analyzers)၊ ဒစ်ဂျစ်တယ် နည်းပညာ ချိတ်ဆက်မှုများနှင့် အသိဉာဏ်မြင့် လုပ်ငန်းစဉ်စီမံခန့်ခွဲမှု (Intelligent workflow management) တို့ကို ပေါင်းစပ်ထားသည့် အဆင့်မြင့်ပြီး အပြည့်အဝချိတ်ဆက်ပေါင်းစည်းထားသော ရောဂါရှာဖွေရေးစနစ်များကို ပံ့ပိုးပေးခြင်းဖြင့် ဆန်းသစ်တီထွင်မှုကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပါသည်။ ကမ္ဘာ့အဆင့်မီ အမှတ်တံဆိပ် မိတ်ဖက်အဖွဲ့အစည်းများနှင့် မျိုးဆက်သစ် နည်းပညာများကို ထိရောက်စွာ အသုံးပြုခြင်းဖြင့် ဓာတ်ခွဲခန်းများ၏ လုပ်ဆောင်ရည်ကို မြှင့်တင်ရန်၊ ရောဂါရှာဖွေစစ်ဆေးမှု အမှန်ကန်ဆုံးဖြစ်စေရန်နှင့် တိုးတက်ပြောင်းလဲလာသော ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ဘက်စုံသုံး ဖြေရှင်းချက်များကို ပံ့ပိုးပေးနိုင်ရန် ရည်မှန်းထားပါသည်။

အင်ဂျင်နီယာလုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများ

မိတ်ဆက်



၁၉၉၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော အင်ဂျင်နီယာဌာနသည် မြန်မာနိုင်ငံတွင် မြေတိုင်းနှင့် ပထဝီဝင်အချက်အလက် (Geospatial) ဆိုင်ရာ ပစ္စည်းကိရိယာများကို ပထမဆုံး စတင်မိတ်ဆက်ဖြန့်ချိခဲ့သော ရှေ့ဆောင်ဌာနတစ်ခု ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အင်ဂျင်နီယာနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအတွက် တိကျမှန်ကန်ပြီး ဆန်းသစ်၍ အသုံးပြုရလွယ်ကူသည့် တိုင်းတာရေးစက်ပစ္စည်းများကို ပံ့ပိုးပေးနိုင်ရန် အပြည့်အဝ အလေးထား ဆောင်ရွက်လျက် ရှိပါသည်။

ထုတ်ကုန်များနှင့် ဝန်ဆောင်မှု ဖြေရှင်းချက်များ

- **GPS တည်နေရာတိုင်းတာရေးစနစ်များနှင့် အီလက်ထရွန်နစ် မြေတိုင်းတာရေးကိရိယာများ (GPS Systems and Total Stations):** တည်နေရာနှင့် အကွာအဝေးများကို အလွန် တိကျစွာ တိုင်းတာနိုင်ရန်အတွက် ဖြစ်ပါသည်။
- **လေဆာစကင်နာများနှင့် ရွေ့လျားမြေပုံဆွဲစနစ်များ (Laser Scanners and Mobile Mapping):** ခေတ်မီ မြေတိုင်းတာရေး စီမံကိန်းများအတွက် အဆင့်မြင့် စက်ပစ္စည်းများ ဖြစ်ပါသည်။
- **ကြံ့ခိုင်မှု စမ်းသပ်စက်များ (Tensile Testing Equipment):** ဆောက်လုပ်ရေး သုံးပစ္စည်းများ၏ ခံနိုင်ရည်အားကို စစ်ဆေးရန်အတွက် ဖြစ်ပါသည်။
- **ဒရုန်းဖြင့် မြေတိုင်းတာခြင်း(Drone Surveying):** မြေမျက်နှာသွင်ပြင် ဆန်းစစ်လေ့လာမှုများတွင် ပိုမိုလွယ်ကူ လျင်မြန်စွာ ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးပါသည်။
- **သင်တန်း ပံ့ပိုးမှု ဝန်ဆောင်မှုများ (Training Services):** စက်ပစ္စည်းများကို ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် လက်တွေ့အသုံးချ သင်တန်းအစီအစဉ်များ ပံ့ပိုးပေးခြင်း ဖြစ်ပါသည်။

ရည်မှန်းချက်များနှင့် မဟာဗျူဟာများ

- **နည်းပညာ အပြောင်းအလဲများတွင် အမြဲရှေ့တန်းမှ ဦးဆောင်နိုင်ရန်** - AI နှင့် ရွေ့လျားမြေပုံရေးဆွဲခြင်း (Mobile mapping) နည်းပညာသုံး ကိရိယာများကို အသုံးချဆောင်ရွက်ခြင်း။
- **ဝန်ဆောင်မှု ပိုမိုလွယ်ကူ လျင်မြန်စွာ ရရှိနိုင်စေရန်** - ကျွမ်းကျင် နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှုများနှင့် ပြင်ပကွင်းဆင်း ဝန်ဆောင်မှုများမှတစ်ဆင့် ဆောင်ရွက်ခြင်း။
- **ထုတ်ကုန် အမျိုးအစားများကို ပိုမိုတိုးချဲ့ရန်** - ကမ္ဘာ့မြေတိုင်းတာရေး ကမ္ဘာလုံးဆိုင်ရာ မြေတိုင်းတာရေးနည်းပညာ ဆန်းသစ်တီထွင်မှုများနှင့်အညီ ဆောင်ရွက်ခြင်း။
- **သင်တန်း ပံ့ပိုးမှု အစီအစဉ်များကို ပိုမိုကောင်းမွန်အောင် မြှင့်တင်ရန်** - စက်ပစ္စည်းများကို လုပ်ငန်းခွင်အတွင်း အထိရောက်ဆုံးနှင့် အကောင်းဆုံး အသုံးချနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း။
- **ရေရှည် ခိုင်မာသော ဆက်ဆံရေးများ တည်ဆောက်ရန်** - သုံးစွဲသူများ၏ ကျေနပ်အားရမှုနှင့် ယုံကြည်စိတ်ချရသော ဝန်ဆောင်မှုများအပေါ် အခြေခံ၍ တည်ဆောက်ခြင်း။

အမှတ်တံဆိပ် မိတ်ဖက်ဆောင်ရွက်မှုများနှင့် အဓိက ဝန်ဆောင်မှုများ

ကျွန်ုပ်တို့ဌာနသည် ယုံကြည်စိတ်ချရသော မြေတိုင်းကိရိယာများကို ဖြန့်ဖြူးပေးနိုင်ရန် ထင်ရှားကျော်ကြားသည့် ထုတ်လုပ်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ဝယ်ယူမှုတိုင်းအတွက် ကျွမ်းကျင်သော သင်တန်းပို့ချမှုများနှင့် စဉ်ဆက်မပြတ် သုံးစွဲသူကူညီထောက်ပံ့ရေး ဝန်ဆောင်မှုများကို အပြည့်အဝ ပံ့ပိုးပေးထားပါသည်။

အနာဂတ် မျှော်မှန်းချက်များ

ကျွန်ုပ်တို့သည် သုံးစွဲသူများအတွက် သင်တန်းပို့ချပေးခြင်းနှင့် ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှု ပံ့ပိုးပေးခြင်းတို့တွင် ရင်းနှီးမြှုပ်နှံရင်း ပိုမိုဆန်းသစ်သော အလိုအလျောက် စနစ်များ (Automation) နှင့် စမတ်ကျသော နည်းလမ်းများကို မိတ်ဆက်ပေးရန် ပြင်ဆင်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ မျှော်မှန်းချက်မှာ ဆန်းသစ်တီထွင်မှု၊ တိကျသေချာမှုနှင့် ကျွမ်းကျင်မှုရှိသော ဝန်ဆောင်မှုတို့ဖြင့် အဆိုပါ လုပ်ငန်းကဏ္ဍတွင် ထိပ်တန်းမှ ဦးဆောင်သွားရန် ဖြစ်ပါသည်။

ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှု ပံ့ပိုးရေး

မိတ်ဆက်

ဝန်ဆောင်မှုစင်တာ (Service Centre) သည် Concordia Public Company Limited ၏ သုံးစွဲသူစိတ်ကျေနပ်မှု ရရှိရေးအတွက် အဓိကမဏ္ဍိုင်တစ်ခု ဖြစ်ပါသည်။ ရုံးသုံးအလိုအလျောက်စနစ်သုံး ပစ္စည်းများ (Office Automation)၊ ဆေးဘက်ဆိုင်ရာပစ္စည်းများနှင့် အင်ဂျင်နီယာဆိုင်ရာ စက်ကိရိယာများအတွက် အထူးပြုဌာနခွဲများဖြင့် နည်းပညာပိုင်းဆိုင်ရာ စိတ်ချယုံကြည်ရမှုနှင့် မြင့်မားသော ဝန်ဆောင်မှုစံချိန်စံညွှန်းများကို ကျွန်ုပ်တို့ အာမခံချက်ပေးထားပါသည်။



ထုတ်ကုန်များနှင့် နည်းလမ်းများ (Products and Solutions)

- **ရုံးသုံး အလိုအလျောက်စနစ်ဆိုင်ရာ ဝန်ဆောင်မှု (Office Automation Service):** ပရိုဂျက်တာများ၊ မိတ္တူကူးစက်များနှင့် ပရင်တာများအတွက် ထိန်းသိမ်းပြုပြင်ခြင်း ဝန်ဆောင်မှု။
- **ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာ ဝန်ဆောင်မှု (Medical Equipment Service):** ဓာတ်မှန်နှင့် ပုံရိပ်ဖော် စက်ကိရိယာများ၊ ခွဲစိတ်ကုသရေး၊ ရောဂါရှာဖွေရေးနှင့် မျက်စိဆေးဘက်ဆိုင်ရာ ကိရိယာများအတွက် ပံ့ပိုးပေးခြင်း ဝန်ဆောင်မှု။
- **အင်ဂျင်နီယာဆိုင်ရာ စက်ကိရိယာ ဝန်ဆောင်မှု (Engineering Equipment Service):** မြေတိုင်းကိရိယာများ၊ GPS စနစ်များနှင့် ဆွဲအားတိုင်းစက်များ (Tensile machines) အတွက် ပြုပြင်ထိန်းသိမ်းမှု ဝန်ဆောင်မှု။
- **ဝန်ဆောင်မှုစနစ်များ (Service Systems):** သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်လေ့လာနိုင်ရန်နှင့် လုပ်ဆောင်ချက်စွမ်းဆောင်ရည်များကို ဆန်းစစ်လေ့လာနိုင်ရန် Odoo နှင့် Power BI စနစ်များဖြင့် စနစ်တကျ လည်ပတ်ဆောင်ရွက်လျက်ရှိပါသည်။
- **သုံးစွဲသူများနှင့် ဆက်သွယ်ဆောင်ရွက်မှု အဆင့်မြှင့်တင်ခြင်း (Customer Communication Enhancements):** ဝန်ဆောင်မှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်သည့် Dashboard များ ထည့်သွင်းပေးခြင်းနှင့် ဝန်ဆောင်မှုတောင်းဆိုမှုများကို ဗဟိုထိန်းချုပ်စနစ်ဖြင့် စနစ်တကျ စောင့်ကြည့်စစ်ဆေးနိုင်ခြင်းတို့ ပါဝင်ပါသည်။

ရည်မှန်းချက်များနှင့် မဟာဗျူဟာ (OBJECTIVES AND STRATEGY)

- **ပထမအကြိမ် ပြုပြင်မှုဖြင့် အောင်မြင်စွာ ဖြေရှင်းနိုင်မှုနှုန်း (FTFR) ကို အမြင့်ဆုံးမြှင့်တင်ခြင်း** - နည်းပညာရှင်များ၏ စွမ်းဆောင်ရည်ကို စနစ်တကျ လေ့ကျင့်သင်ကြားပေးခြင်းနှင့် ပုံမှန် စောင့်ကြည့်စစ်ဆေးခြင်း တို့မှတစ်ဆင့် ဆောင်ရွက်ခြင်း။
- **လုပ်ငန်းလည်ပတ်မှု ရပ်တန့်ချိန် (Downtime) ကို လျှော့ချခြင်း** - လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ပေးသော ပြင်ပကွင်းဆင်း ဝန်ဆောင်မှုများ (Field Servicing) နှင့် ကြိုတင်ကာကွယ် ထိန်းသိမ်းပြင်ဆင်မှုများ ပေးအပ်ခြင်းဖြင့် ဆောင်ရွက်ခြင်း။
- **ဝန်ဆောင်မှု ပေးနိုင်စွမ်း ပမာဏကို တိုးမြှင့်ခြင်း** - တိုးချဲ့ဖွဲ့စည်းလျက်ရှိသော နည်းပညာအဖွဲ့နှင့် အဆင့်မြှင့်တင်ထားသည့် စက်ကိရိယာ အသုံးအဆောင်များဖြင့် ဆောင်ရွက်ခြင်း။

- **သုံးစွဲသူ အတွေ့အကြုံကို မြှင့်တင်ပေးခြင်း** - ပွင့်လင်းမြင်သာမှု ရှိစေရန်နှင့် တုံ့ပြန်အကြံပြုချက်များကို စနစ်တကျ စောင့်ကြည့်စစ်ဆေးနိုင်ရန် ဒီဂျစ်တယ် ပလက်ဖောင်းများကို အသုံးပြု၍ ဆောင်ရွက်ခြင်း။
- **ဌာနချင်းဆက် လုပ်ငန်းဆောင်ရွက်မှု ထိရောက်မှုကို မြှင့်တင်ခြင်း** - အရောင်းဌာနနှင့် ကုန်ပစ္စည်းလက်ကျန် ထိန်းသိမ်းရေး (Inventory) အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

စွမ်းဆောင်ရည်နှင့် အောင်မြင်မှုများ (Performance and Achievements)

၂၀၂၅ ခုနှစ်တွင် ဝန်ဆောင်မှုစင်တာအနေဖြင့် ဝန်ဆောင်မှုအကြိမ်ပေါင်း (၆,၅၀၆) ကြိမ်ကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပထမအကြိမ်တွင်ပင် အပြီးသတ် ပြုပြင်နိုင်မှုနှုန်း (FTFR) ၈၀% နှင့် သုံးစွဲသူများ၏ စိတ်ကျေနပ်မှုရမှတ် ၈၂% အထိ ရရှိခဲ့ပါသည်။ ဝန်ဆောင်မှုတောင်းဆိုမှုများကို ဗဟိုထိန်းချုပ်စနစ်ဖြင့် ဆောင်ရွက်ခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်နိုင်သော Dashboards များ အသုံးပြုခြင်းကဲ့သို့သော အစီအစဉ်သစ်များသည် သုံးစွဲသူများ၏ ယုံကြည်မှုကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန် အထောက်အကူပြုခဲ့ပါသည်။

အနာဂတ် မျှော်မှန်းချက်များ (Future Outlook)

ရှေ့ဆက်လက်၍ ကျွန်ုပ်တို့သည် AI နည်းပညာအခြေပြု ကြိုတင်ပြင်ဆင်မှုဆိုင်ရာ အသိပေးချက်စနစ်များ (AI-based maintenance alerts) တွင် ရင်းနှီးမြှုပ်နှံခြင်း၊ ဝန်ဆောင်မှု ပညာရှင်အင်အားကို တိုးချဲ့ခြင်းနှင့် သုံးစွဲသူများအတွက် အသိပညာပေး အစီအစဉ်များကို မိတ်ဆက်ပေးခြင်းတို့ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ Concordia ၏ ထူးချွန်ထက်မြက်မှုဆိုင်ရာ ကတိကဝတ်ကို ထိန်းသိမ်းရင်း စိတ်ချယုံကြည်ရပြီး လျင်မြန်ထက်မြက်သော ဝန်ဆောင်မှုကို ပေးအပ်သွားရန် ဖြစ်ပါသည်။

မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုများ



Concordia Public Company Limited သည် စီးပွားရေးလုပ်ငန်း တိုးချဲ့မှုကို အထောက်အကူပြုရုံမျှမက မြန်မာနိုင်ငံတစ်ဝန်းရှိ လူနာများအတွက် ကျန်းမာရေး စောင့်ရှောက်မှု ခံယူနိုင်ခွင့်၊ ရောဂါရှာဖွေစစ်ဆေး နိုင်စွမ်းနှင့် ကုသမှု အရည်အသွေးများကိုပါ တိုးတက်ကောင်းမွန် လာစေမည့် အလားအလာကောင်းသော ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍများတွင် ဦးတည်ချက်ရှိရှိ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းဖြင့် ရေရှည်တိုးတက်မှု မဟာဗျူဟာကို ဆက်လက်အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အတွင်း ကုမ္ပဏီသည် တိုးတက်လာသော ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များနှင့်အညီ ဆန်းသစ်ပြီး အဆင့်မြင့် ဆေးဘက်ဆိုင်ရာ နည်းလမ်းများကို ပေးအပ်သွားမည်ဆိုသည့် ကွန်ကော့ဒီးယား ၏ ကတိကဝတ်နှင့်အညီ မဟာဗျူဟာမြောက် ဦးဆောင်မှု လုပ်ငန်းစဉ် အများအပြားကို အရှိန်အဟုန်မြှင့် တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။

၁။ ကျောက်ကပ် သွေးသန့်စင်မှုဆိုင်ရာ နည်းလမ်းများ (Hemodialysis Solutions)

ကွန်ကော့ဒီးယား သည် ကျောက်ကပ် ထိန်းသိမ်း စောင့်ရှောက်မှုဆိုင်ရာ နည်းလမ်းများတွင် ကမ္ဘာတစ်ဝန်း အသိအမှတ်ပြု ခံထားရသော B. Braun (ဂျာမနီ) နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျောက်ကပ် သွေးသန့်စင်မှု (Hemodialysis) ကဏ္ဍသို့ ပိုမိုတိုးချဲ့ လှုပ်ရှားဆောင်ရွက်ခဲ့ပါသည်။ ကျောက်ကပ် သွေးသန့်စင်မှု စွေးကွက်သည် မြန်မာ့ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍအတွင်း လိုအပ်ချက်မြင့်မားပြီး မဟာဗျူဟာမြောက် အရေးပါသော ကဏ္ဍတစ်ခု ဖြစ်ပါသည်။ Concordia သည် ကျောက်ကပ် သွေးသန့်စင်စက်များနှင့် ဆက်စပ် သုံးစွဲကုန်များကို မိတ်ဆက်ပေးခြင်းဖြင့် တိုးတက်လာသော အဆိုပါ လိုအပ်ချက်ကို ဖြည့်ဆည်းရာတွင် ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်သူများကို အထောက်အကူပြုရန်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရည်အသွေးမြင့် ကျောက်ကပ် ထိန်းသိမ်းစောင့်ရှောက်မှု နည်းလမ်းများကို ပိုမိုလက်လှမ်းမီ ရရှိနိုင်စေရန် ရည်ရွယ်ပါသည်။

၂။ မှန်ပြောင်းကြည့် မှန်ပြောင်းကုသမှုဆိုင်ရာ နည်းလမ်းများ (Endoscopy Solutions)

Concordia သည် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ဆရာဝန်များနှင့် ကျန်းမာရေးစောင့်ရှောက်မှု အဆောက်အအုံများအတွက် ပိုမိုအရေးပါသော ရောဂါရှာဖွေရေး နည်းလမ်းတစ်ခုဖြစ်သည့် တရုတ်နိုင်ငံထုတ် Aohua Endoscope စနစ်များကို မိတ်ဆက်ပေးခြင်းဖြင့်လည်း မိမိ၏ ကျန်းမာရေးစောင့်ရှောက်မှု ထုတ်ကုန်ကဏ္ဍကို ပိုမိုတိုးချဲ့ခဲ့ပါသည်။ မှန်ပြောင်းကြည့် ရှာဖွေကုသခြင်း (Endoscopy) သည် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ စစ်ဆေးမှုနှင့် ကုသမှုများအတွက် ဆေးရုံများတွင် အသုံးပြုသည့် မရှိမဖြစ်လိုအပ်သော ရောဂါရှာဖွေရေး ကိရိယာတစ်ခု ဖြစ်လာခဲ့ပါသည်။ ယခုနှစ်အတွင်း Concordia သည် မြန်မာ့စွေးကွက်အတွင်း Aohua Endoscope စက်(၃)လုံးကို အောင်မြင်စွာ ရောင်းချနိုင်ခဲ့ပြီး လာမည့်နှစ်တွင် အပိုထပ်ဆောင်း အရောင်း ရလဒ်များနှင့်အတူ စွေးကွက်ဝေစုကို ပိုမိုတိုးချဲ့သွားနိုင်မည်ဟု မျှော်လင့်ရပါသည်။ အဆိုပါ ဆောင်ရွက်ချက်သည် အဆင့်မြင့် ရောဂါရှာဖွေရေး နည်းပညာများတွင် ရှိနှင့်ပြီးသား အခန်းကဏ္ဍကို

ပိုမိုခိုင်မာစေရန်နှင့် ဆေးဘက်ဆိုင်ရာ နည်းလမ်းများ ပါဝင်သော မိမိ၏ ထုတ်ကုန်ကဏ္ဍကို ပိုမိုကျယ်ပြန့်လာစေရန်ဆိုသည့် ကုမ္ပဏီ၏ မဟာဗျူဟာကို အထောက်အကူပြုပါသည်။

၃။ ဆေးရုံသတင်းအချက်အလက် စနစ် (HIS) နှင့် ဓာတ်ခွဲခန်းသတင်းအချက်အလက် စနစ် (LIS)

ဒစ်ဂျစ်တယ် ကျန်းမာရေးစောင့်ရှောက်မှု အသွင်ကူးပြောင်းရေးဆိုင်ရာ ကတိကဝတ်၏ အစိတ်အအပိုင်းတစ်ခုအဖြစ် Concordia သည် ဆေးရုံများနှင့် ဓာတ်ခွဲခန်းကွန်ရက်များအတွက် ဆေးရုံသတင်းအချက်အလက် စနစ် (HIS) နှင့် ဓာတ်ခွဲခန်းသတင်းအချက်အလက် စနစ် (LIS) နည်းလမ်းများကို ပံ့ပိုးပေးနိုင်ရန် အလားအလာရှိသော နည်းပညာ မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် Akhil နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ဆောင်ရွက်ချက်သည် သတင်းအချက်အလက် စီမံခန့်ခွဲမှု၊ လုပ်ငန်းစဉ် ထိရောက်မှုနှင့် လုပ်ငန်းလည်ပတ်မှု စိစစ်ထိန်းချုပ်မှုများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ထောက်ပံ့ပေးခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှု ပေးအပ်ရေးတွင် ဒစ်ဂျစ်တယ် နည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းရေးဆိုသည့် ကုမ္ပဏီ၏ မဟာဗျူဟာမြောက် အာရုံစိုက်မှုကို ထိန်းသိမ်း ထောက်ပြနေပါသည်။ Concordia သည် အဆိုပါ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ပိုမိုကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှု အခြေခံအဆောက်အအုံများအတွက် သာမက မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှု ပေးအပ်ရေး အဆင့်မြှင့်တင်မှုများအတွက်ပါ ပါဝင်ကူညီ ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။

ကျောက်ကပ်တ သွေးသန့်စင်မှု နည်းလမ်းများ၊ မှန်ပြောင်းကြည့် ရှာဖွေကုသမှု နည်းပညာများနှင့် ဒစ်ဂျစ်တယ် ကျန်းမာရေးစောင့်ရှောက်မှု စနစ်များတွင် ပြုလုပ်ခဲ့သော အဆိုပါ မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုများသည် ရေရှည်တည်တံ့သော တိုးတက်မှုအတွက် အခွင့်အလမ်းသစ်များကို ဖန်တီးပေးရင်း မြန်မာ့ကျန်းမာရေးစောင့်ရှောက်မှု ဂေဟစနစ် ခိုင်မာအားကောင်းစေရေးအတွက် Concordia ၏ စဉ်ဆက်မပြတ် ကတိကဝတ်ကို ထင်ဟပ်စေပါသည်။ မိမိ၏ ရင်းနှီးမြှုပ်နှံမှု ဦးစားပေးများကို ပြောင်းလဲတိုးတက်နေသော စျေးကွက်လိုအပ်ချက်များ၊ ရေရှည် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များနှင့် ဟန်ချက်ညီညီ ပေါင်းစပ် ဆောင်ရွက်ခြင်းဖြင့် Concordia သည် မြန်မာနိုင်ငံတွင် ယုံကြည်စိတ်ချရပြီး အနာဂတ်မျှော်မှန်းချက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှု နည်းလမ်းများ ပံ့ပိုးပေးသူအဖြစ် ဆက်လက် ရပ်တည်လျက်ရှိပါသည်။

အဖွဲ့အစည်းဆိုင်ရာ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် အစီရင်ခံစာ


အဖွဲ့အစည်းဆိုင်ရာ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် မူဘောင်

ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် သည် ကျင့်ဝတ်နှင့်ညီပြီး တာဝန်ယူမှုရှိသော စီးပွားရေး အလေ့အထများမှတစ်ဆင့် ရှယ်ယာရှင်များနှင့် လူမှုအသိုက်အဝန်း တစ်ရပ်လုံးအတွက် ရေရှည်တည်တံ့သော တန်ဖိုးများကို ဖန်တီးပေးရန်၊ အဖွဲ့အစည်းဆိုင်ရာ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ကျင့်သုံးရန်နှင့် မိမိ၏ လုပ်ငန်းကိစ္စရပ်များကို တရားမျှတ၍ ပွင့်လင်းမြင်သာသော နည်းလမ်းဖြင့် စီမံခန့်ခွဲရန် သန္နိဋ္ဌာန်ပြုထားပါသည်။

ကျွန်ုပ်တို့၏ အဖွဲ့အစည်းဆိုင်ရာ အုပ်ချုပ်မှုစနစ်သည် အမှီအခိုကင်းသော ဒါရိုက်တာများနှင့် အမှုဆောင် ဒါရိုက်တာများ ပူးပေါင်းပါဝင်ပြီး ဟန်ချက်ညီကာ အစုံအလင် ပါဝင်သော ဘုတ်အဖွဲ့ကို ထိန်းသိမ်းထားရှိပါသည်။ မဟာဗျူဟာ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ကွပ်ကဲမှုတို့အပေါ် အဓိကထား၍ ဘုတ်အဖွဲ့၏ အခန်းကဏ္ဍများကို ရှင်းလင်းစွာ သတ်မှတ်ထားရှိပါသည်။ ကျွန်ုပ်တို့သည် စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေကော်မတီ၊ အမည်စာရင်းတင်သွင်းရေးကော်မတီ၊ အခကြေးငွေကော်မတီ နှင့် အမှုဆောင်ကော်မတီ စသည့် အထူးပြု ကော်မတီများကို ဖွဲ့စည်းတည်ထောင်ထားပါသည်။

ကျွန်ုပ်တို့၏ ဘုတ်အဖွဲ့သည် ဒါရိုက်တာများနှင့် အမှီအခိုကင်းသော ဒါရိုက်တာများအတွင်း အကျိုးစီးပွား ပဋိပက္ခများ ရှောင်ရှားရေးကို အထူးအလေးပေး ဆောင်ရွက်ပါသည်။ ကုမ္ပဏီ၏ အုပ်ချုပ်မှုဆိုင်ရာ စံနှုန်းများသည် တာဝန်ယူမှု/တာဝန်ခံမှုရှိခြင်း၊ တရားမျှတခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် တာဝန်သိမှုရှိခြင်း စသည့် မူများကို စွဲကိုင်ထားသော ကုမ္ပဏီဆိုင်ရာ မူဝါဒများတွင် အမြစ်တွဲလျက် ရှိပါသည်။

ကျွန်ုပ်တို့၏ အဖွဲ့အစည်းဆိုင်ရာ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် မူဘောင်၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းများသည် ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (“ကုမ္ပဏီများဥပဒေ”) နှင့် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း (Constitution) တို့နှင့် ကိုက်ညီမှု ရှိပါသည်။ ကုမ္ပဏီသည် ဘုတ်အဖွဲ့၏ ဦးဆောင်မှုအောက်တွင် ဤအလေ့အထများကို မိမိ၏ စီးပွားရေး လုပ်ငန်းခွဲများအားလုံး၌ စနစ်တကျ မပျက်မကွက် အကောင်အထည်ဖော်ရန်နှင့် ဒေသတွင်း အဖွဲ့အစည်းဆိုင်ရာ အုပ်ချုပ်မှုစနစ် စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန် ဆက်လက် သန္နိဋ္ဌာန်ပြုထားပါသည်။



အပိုင်း (၁) - ဒါရိုက်တာအဖွဲ့ဆိုင်ရာ ကိစ္စရပ်များ

အပိုင်း (၁.၁) ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှုများ



ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ ရေရှည် အောင်မြင်ဖြစ်ထွန်းစေရေး အတွက် စီးပွားရေးလုပ်ငန်းများနှင့် ရေးရာကိစ္စရပ်များကို ဦးဆောင်ခြင်း၊ ထိန်းချုပ်ခြင်းနှင့် စုပေါင်းတာဝန်ယူ ကြီးကြပ်ခြင်းများကို ဆောင်ရွက်ပါသည်။ အဓိက စီမံခန့်ခွဲသူများ (Management) သည် ဒါရိုက်တာအဖွဲ့မှ ချမှတ်ထားသော မူဝါဒများနှင့် မဟာဗျူဟာများနှင့်အညီ ကုမ္ပဏီ၏ နေ့စဉ် လုပ်ငန်းလည်ပတ်မှုများနှင့် စီမံခန့်ခွဲရေး လုပ်ငန်းစဉ်များအတွက် တာဝန်ခံမှု ရှိပါသည်။ ကုမ္ပဏီသည် မိမိ၏ စီးပွားရေး အဖွဲ့အစည်းများအတွက် အုပ်ချုပ်မှုဒါရိုက်တာ (CEO) ကို ခန့်အပ်ထားရှိပါသည်။ CEO သည် သက်ဆိုင်ရာ စီးပွားရေး လုပ်ငန်းခွဲများအတွက် တာဝန်ရှိပြီး ဒါရိုက်တာအဖွဲ့၏ မူဝါဒများနှင့် မဟာဗျူဟာများကို လုပ်ငန်းလည်ပတ်မှု အဆင့်တွင် အကောင်အထည်ဖော် ဆောင်ရွက်ရပါသည်။ ထိရောက်သော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု နှင့် ကုမ္ပဏီ စီးပွားရေးလုပ်ငန်းများကို ပိုမိုကောင်းမွန်စွာ စိစစ်ဆန်းစစ်နိုင်မည့် မူဘောင်တစ်ခု ဖန်တီးပေးရန်၊ ပြန်လည်စိစစ်ခြင်းများနှင့် ထိန်းကျောင်းစစ်ဆေးခြင်းများ ရရှိစေရန်အတွက် ဘုတ်အဖွဲ့ကော်မတီများ (အောက်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း) ကို ဖွဲ့စည်းတည်ထောင်ထားရှိပါသည်။

ဒါရိုက်တာအဖွဲ့၏ အဓိက တာဝန်များ

(က) မဟာဗျူဟာမြောက် ကြီးကြပ်ကွပ်ကဲမှု

၁။ ဒါရိုက်တာအဖွဲ့သည် အဖွဲ့အစည်း၏ ရည်ရွယ်ချက်နှင့် အဓိက တန်ဖိုးများကို ထင်ဟပ်စေသည့် ကုမ္ပဏီ၏ မျှော်မှန်းချက် (Vision) နှင့် ရည်မှန်းချက် (Mission) တို့ကို သတ်မှတ်ခြင်းနှင့် အတည်ပြုခြင်းတို့အတွက် တာဝန်ရှိပါသည်။ ထို့အပြင် ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ အနာဂတ် တိုးတက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှင်းလင်းသော လမ်းညွှန်ချက်ကို ပေးစွမ်းနိုင်မည့် မျှော်မှန်းချက်၊ သမိုင်းပေးတာဝန်တို့နှင့် ကိုက်ညီသော ရေရှည်ရည်မှန်းချက်များကို ချမှတ်ပါသည်။

၂။ ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ အဖွဲ့အစည်းဆိုင်ရာ မဟာဗျူဟာများသည် ရေရှည်ရည်မှန်းချက်များနှင့် ကိုက်ညီမှု ရှိမရှိ ပြန်လည်စိစစ်ခြင်းနှင့် အတည်ပြုခြင်းတို့တွင် အဓိက အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အဓိက စီးပွားရေး စီမံကိန်းများနှင့် ဘဏ္ဍာရေး လျာထားချက်များသည် လက်တွေ့ကျပြီး အကောင်အထည်ဖော်နိုင်ကာ အဖွဲ့အစည်း၏ မဟာဗျူဟာမြောက် ရည်မှန်းချက်များကို ထောက်ပံ့ပေးနိုင်ခြင်း ရှိမရှိ စိစစ်သုံးသပ်ခြင်း ပါဝင်ပါသည်။ ထို့အပြင် ဒါရိုက်တာအဖွဲ့သည် ဤမဟာဗျူဟာများနှင့် စီမံကိန်းများနှင့် ဆက်စပ်နေသော ဖြစ်နိုင်ခြေရှိသည့် ဆုံးရှုံးနိုင်ခြေများနှင့် အခွင့်အလမ်းများကိုလည်း စိစစ်ဆန်းစစ်ပါသည်။

၃။ ဒါရိုက်တာအဖွဲ့သည် မဟာဗျူဟာမြောက် ဦးဆောင်ဦးရွက်ပြုချက်များကို ထိရောက်စွာနှင့် အတည်ပြုထားသော စီမံကိန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ကြောင်း သေချာစေရန် ကြီးကြပ်ကွပ်ကဲပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် တိုးတက်မှု အစီရင်ခံစာများကို ပုံမှန် ပြန်လည်စိစစ်ခြင်း၊ အဓိက စံနှုန်းများနှင့် နှိုင်းယှဉ်၍ စွမ်းဆောင်ရည်များကို စိစစ်ဆန်းစစ်ခြင်းနှင့် လမ်းကြောင်းမှန်ပေါ်တွင် ဆက်လက်ရှိနေစေရန် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခြင်းတို့

ပါဝင်ပါသည်။ ဒါရိုက်တာအဖွဲ့သည် ဤဦးဆောင်ဦးရွက်ပြုချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီ၏ အရင်းအမြစ်များကို ထိရောက်စွာ ခွဲဝေချထားကြောင်း သေချာစေပါသည်။

(ခ) ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်ကွပ်ကဲမှု

၁။ ဒါရိုက်တာအဖွဲ့သည် အဖွဲ့အစည်း၏ ဘဏ္ဍာရေး ရှင်းတမ်းများ၊ နှစ်စဉ် ဘဏ္ဍာရေး လျာထားချက်များနှင့် အစီရင်ခံစာများကို ပြန်လည်စိစစ်ခြင်းနှင့် အတည်ပြုခြင်းတို့အတွက် တာဝန်ရှိပါသည်။ ဤသို့ ဆောင်ရွက်ခြင်းဖြင့် တင်ပြထားသော ဘဏ္ဍာရေး အချက်အလက်များသည် တိကျမှု၊ ပြည့်စုံမှု ရှိပြီး အဖွဲ့အစည်း၏ မဟာဗျူဟာမြောက် ရည်မှန်းချက်များနှင့် ကိုက်ညီမှု ရှိစေရန် သေချာစေပါသည်။

၂။ ဒါရိုက်တာအဖွဲ့သည် အတည်ပြုထားသော ဘဏ္ဍာရေး လျာထားချက်များ၊ မဟာဗျူဟာမြောက် ရည်မှန်းချက်များနှင့် ယှဉ်တွဲ၍ အဖွဲ့အစည်း၏ ဘဏ္ဍာရေး စွမ်းဆောင်ရည်ကို စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးပါသည်။ ရပိုင်ခွင့်များကို ကာကွယ်ရန်၊ လိမ်လည်လှည့်ဖြားမှုများကို တားဆီးရန်နှင့် အရင်းအမြစ်များကို ထိရောက်စွာ အသုံးပြုနိုင်ရေး သေချာစေရန်အတွက် ခိုင်မာသော ဘဏ္ဍာရေး ထိန်းချုပ်မှုများနှင့် လုပ်ထုံးလုပ်နည်းများ စနစ်တကျ ရှိနေစေရန် ဆောင်ရွက်ပါသည်။

၃။ ဒါရိုက်တာအဖွဲ့သည် အဖွဲ့အစည်း၏ ဘဏ္ဍာရေး အစီရင်ခံစာ တင်ပြမှုများသည် ပွင့်လင်းမြင်သာမှု ရှိခြင်း၊ တိကျမှန်ကန်ခြင်းနှင့် သက်ဆိုင်ရာ စာရင်းကိုင် စံနှုန်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှု ရှိခြင်းတို့ ဖြစ်စေရန် သေချာစွာ ဆောင်ရွက်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အတွင်းပိုင်းနှင့် ပြင်ပ စာရင်းစစ်များ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊ ထောက်ပြထားသော ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက် ထုတ်ပြန်ချက်များသည် အဖွဲ့အစည်း၏ ဘဏ္ဍာရေး အခြေအနေမှန်ကို တိကျမှန်ကန်စွာ ပေါ်လွင်ထင်ဟပ်စေရေး သေချာစေခြင်းတို့ ပါဝင်ပါသည်။

(ဂ) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု

၁။ ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုများ၊ ဘဏ္ဍာရေး စွမ်းဆောင်ရည်များနှင့် မဟာဗျူဟာမြောက် ရည်မှန်းချက်များအပေါ် ရိုက်ခတ်မှု ရှိစေနိုင်သည့် အဓိက ဆုံးရှုံးနိုင်ခြေများကို ဖော်ထုတ်ခြင်းနှင့် စိစစ်ဆန်းစစ်ခြင်းတို့အတွက် တာဝန်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် စျေးကွက်ဆိုင်ရာ၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာနှင့် အဖွဲ့အစည်း၏ ဂုဏ်သိက္ခာဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ အပါအဝင် မတူညီသော ဆုံးရှုံးနိုင်ခြေများ၏ ဖြစ်နိုင်ခြေနှင့် သက်ရောက်နိုင်ခြေများကို နားလည်သဘောပေါက်စေရန်အတွက် ဆုံးရှုံးနိုင်ခြေများဆိုင်ရာ စိစစ်ဆန်းစစ်မှုများကို ပုံမှန် ပြုလုပ်ဆောင်ရွက်ပါသည်။

၂။ ဒါရိုက်တာအဖွဲ့သည် ဘက်ပေါင်းစုံ အကျုံးဝင်သော ဆုံးရှုံးနိုင်ခြေမူဘောင်များကို စနစ်တကျ ရေးဆွဲတည်ထောင်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ ပြုလုပ်ရေး သေချာစေပါသည်။ ဤမူဘောင်များတွင် ဖော်ထုတ်ထားသော ဆုံးရှုံးနိုင်ခြေများကို ထိရောက်စွာ စီမံခန့်ခွဲရန်နှင့် လျော့ချရန်အတွက် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် စာရင်းဇယား ကိရိယာများ ပါဝင်ရမည် ဖြစ်ပါသည်။ ထို့ပြင် ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီအပေါ် ဆုံးရှုံးနိုင်ခြေများ၏

ဆိုးကျိုးသက်ရောက်မှုများကို အနည်းဆုံးဖြစ်စေရန် ဘေးအန္တရာယ် လျှော့ချရေး မဟာဗျူဟာများ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ကို လည်း ကြီးကြပ်ပါသည်။

၃။ ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီအနေဖြင့် သက်ဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် အတွင်းပိုင်း မူဝါဒများ အားလုံးကို တိကျစွာ လိုက်နာဆောင်ရွက်စေရန် တာဝန်ယူဆောင်ရွက်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် စည်းမျဉ်းလိုက်နာရေး အစီအစဉ်များကို စောင့်ကြည့်စစ်ဆေးခြင်း၊ စည်းမျဉ်းလိုက်နာမှုဆိုင်ရာ အစီရင်ခံစာများကို ပြန်လည်စိစစ်ခြင်းနှင့် ပေါ်ပေါက်လာသည့် စည်းမျဉ်းဖောက်ဖျက်မှုဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။ ဤသို့ ဆောင်ရွက်ခြင်းဖြင့် ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီအား ဥပဒေနှင့် စည်းမျဉ်းဆိုင်ရာ ဘေးအန္တရာယ်များမှ ကာကွယ်ပေးပြီး အဖွဲ့အစည်း တစ်ခုလုံးတွင် ကျင့်ဝတ်နှင့်ညီသော လုပ်ဆောင်မှုများ ရှိစေရန် သေချာစေပါသည်။

(ဃ) အုပ်ချုပ်မှုစနစ်နှင့် မူဝါဒ ရေးဆွဲဖော်ထုတ်မှု

၁။ **ကျင့်ဝတ်နှင့် စည်းကမ်းထိန်းသိမ်းရေး ကျင့်ဝတ်များ အပါအဝင် အုပ်ချုပ်မှုဆိုင်ရာ မူဝါဒများကို စနစ်တကျ ရေးဆွဲခြင်းနှင့် ပုံမှန် ပြန်လည်စိစစ်ခြင်း** - ဒါရိုက်တာအဖွဲ့သည် အဖွဲ့အစည်း၏ လုပ်ငန်းလည်ပတ်မှုများနှင့် ကျင့်ဝတ်ဆိုင်ရာ စံနှုန်းများကို လမ်းညွှန်ပေးနိုင်မည့် ဘက်ပေါင်းစုံ အကျုံးဝင်သော အုပ်ချုပ်မှုဆိုင်ရာ မူဝါဒများကို ရေးဆွဲဖော်ထုတ်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့အတွက် တာဝန်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဒါရိုက်တာများ၊ အမှုဆောင်များနှင့် ဝန်ထမ်းများထံမှ မျှော်လင့်ထားသော မဖြစ်မနေ လိုက်နာရမည့် ပြုမူနေထိုင်မှုများကို ဖော်ပြထားသည့် ကျင့်ဝတ်နှင့် စည်းကမ်းထိန်းသိမ်းရေး ကျင့်ဝတ်များကို ရေးဆွဲခြင်း ပါဝင်ပါသည်။ ဒါရိုက်တာအဖွဲ့သည် ကျင့်ဝတ်နှင့်ညီသော ပြုမူနေထိုင်မှုများနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် အလေ့အထများကို မြှင့်တင်ရာတွင် ဤမူဝါဒများ ဆက်လက် ဆီလျော်မှု ရှိပြီး ထိရောက်မှု ရှိစေရန်အတွက် ပုံမှန် ပြန်လည်စိစစ်မှုများ ပြုလုပ်ပါသည်။

၂။ **အဖွဲ့အစည်းဆိုင်ရာ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်၏ အကောင်းဆုံး အလေ့အထများနှင့် ဥပဒေကြောင်းဆိုင်ရာ လိုက်နာရမည့် တာဝန်များကို တိကျစွာ ဆောင်ရွက်စေခြင်း** - ဒါရိုက်တာအဖွဲ့သည် အဖွဲ့အစည်းအနေဖြင့် အဖွဲ့အစည်းဆိုင်ရာ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်၏ အကောင်းဆုံး အလေ့အထများကို စွဲကိုင်ထားရန်နှင့် သက်ဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းဆိုင်ရာ သတ်မှတ်ချက်များ အားလုံးကို လိုက်နာဆောင်ရွက်စေရန် သေချာစေပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အုပ်ချုပ်မှုဆိုင်ရာ စံနှုန်းများနှင့် စည်းမျဉ်းများ၏ ပြောင်းလဲမှုများကို စဉ်ဆက်မပြတ် လေ့လာသိရှိနေခြင်းနှင့် စည်းမျဉ်း လိုက်နာမှု ရှိစေရန် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ခြင်းတို့ ပါဝင်ပါသည်။ ထို့အပြင် ဒါရိုက်တာအဖွဲ့သည် အဖွဲ့အစည်း၏ စည်းမျဉ်းလိုက်နာရေး အစီအစဉ်များကို ကြီးကြပ်ပြီး အုပ်ချုပ်မှုစနစ်နှင့် ဆက်စပ်နေသော မည်သည့် ကိစ္စရပ်များကိုမဆို အချိန်မီ ဖြေရှင်းဆောင်ရွက်ပါသည်။

၃။ **ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် လွတ်လပ်မှုနှင့် ဘက်လိုက်မှုမရှိခြင်းတို့ကို ထိန်းသိမ်းခြင်း** - ဒါရိုက်တာအဖွဲ့သည် ဆုံးဖြတ်ချက်များ ချမှတ်သည့် လုပ်ငန်းစဉ်များ၌ လွတ်လပ်မှုနှင့် ဘက်လိုက်မှုမရှိဘဲ ခေတ်မှီမှန်ကန်စွာ ဆောင်ရွက်နိုင်ရေးကို ဦးတည်ဆောင်ရွက်ပါသည်။ ဒါရိုက်တာများသည် အကျိုးစီးပွား ပဋိပက္ခများမှ ကင်းဝေးပြီး အဖွဲ့အစည်းနှင့် ယင်း၏

ပါဝင်ပတ်သက်သူများ (Stakeholders) ၏ အကောင်းဆုံး အကျိုးစီးပွားအတွက် ဆောင်ရွက်ရန် ဖြစ်ပါသည်။ ဒါရိုက်တာအဖွဲ့သည် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ယဉ်ကျေးမှုကို ပျိုးထောင်ပေးပြီး ဆုံးဖြတ်ချက်များကို ဘက်လိုက်မှုမရှိသော စိစစ်ဆန်းစစ်မှုများနှင့် မှန်ကန်သော သုံးသပ်ချက်များအပေါ် အခြေခံ၍ ချမှတ်နိုင်စေရေးအတွက် ပွင့်လင်းရိုးသားသော ဆွေးနွေးမှုများကို အားပေးဆောင်ရွက်ပါသည်။

(c) ခေါင်းဆောင်မှုကဏ္ဍ ရွေးချယ်ခန့်အပ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း

၁။ **ဒါရိုက်တာအဖွဲ့သည် အမှုဆောင်အရာရှိချုပ် (CEO) နှင့် အကြီးတန်းအမှုဆောင်အရာရှိများ၏ အခန်းကဏ္ဍများအတွက် အရည်အချင်းစစ်မှန်စွာ ပြည့်မီသော လျှောက်ထားသူများကို စိစစ်ဖော်ထုတ်ခြင်းနှင့် စိစစ်ရွေးချယ်ခြင်းတို့အတွက် တာဝန်ရှိပါသည်။** ထိုသို့ ဆောင်ရွက်ရာတွင် ရွေးချယ်ခံရသည့် ပုဂ္ဂိုလ်များ၌ လိုအပ်သော ကျွမ်းကျင်မှုများ၊ အတွေ့အကြုံများနှင့် ခေါင်းဆောင်မှု အရည်အသွေးများ ပြည့်ဝစွာ ပိုင်ဆိုင်ထားကြောင်း သေချာစေရန် စေ့စပ်သေချာသော ရှာဖွေမှုများနှင့် စိစစ်ဆန်းစစ်မှုများကို ပြုလုပ်ရပါသည်။ ခန့်အပ်ပြီးပါက ဒါရိုက်တာအဖွဲ့သည် ၎င်းတို့၏ စွမ်းဆောင်ရည်များကို ကြိုတင်သတ်မှတ်ထားသော ပန်းတိုင်များ၊ ရည်မှန်းချက်များနှင့် နှိုင်းယှဉ်၍ ပုံမှန် စိစစ်သုံးသပ်မှုများ ပြုလုပ်ကာ အပြုသဘောဆောင်သော အကြံပြုချက်များ ပေးအပ်ခြင်းနှင့် ထိရောက်သော ဦးဆောင်မှု ရရှိစေရန် လိုအပ်သလို ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပါသည်။

၂။ **ဒါရိုက်တာအဖွဲ့သည် အမှုဆောင်အရာရှိများ၏ လစာ၊ ခံစားခွင့်နှင့် အကျိုးခံစားခွင့်အစီအစဉ်များ ရေးဆွဲသတ်မှတ်ခြင်းနှင့် အတည်ပြုခြင်းတို့၏ အကျိုးခံစားခွင့်နှင့် အခကြေးငွေဆိုင်ရာ အစီအစဉ်များကို ရေးဆွဲဖော်ထုတ်ခြင်းနှင့် အတည်ပြုခြင်းတို့အား ကြီးကြပ်ပေးပြီး၊** ထိုအစီအစဉ်များသည် ပြိုင်ဆိုင်မှုစွမ်းရည် ရှိစေရန်နှင့် အဖွဲ့အစည်း၏ စွမ်းဆောင်ရည်၊ မဟာဗျူဟာမြောက် ရည်မှန်းချက်များနှင့် ကိုက်ညီမှု ရှိစေရန် သေချာစေပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် လစာအဆင့်များ၊ ဘောနပ်စ်များ၊ စတော့ရှယ်ယာ ဝယ်ယူခွင့်များနှင့် အခြားသော အားပေးလှုံ့ဆော်မှု ခံစားခွင့်များကို သတ်မှတ်ပေးခြင်း ပါဝင်ပါသည်။ ထို့အပြင် ဒါရိုက်တာအဖွဲ့သည် စီမံထားသော သို့မဟုတ် မမျှော်လင့်ထားသော လစ်လပ်မှုများ ဖြစ်ပေါ်လာပါက အဓိက ခေါင်းဆောင်မှု ရာထူးများကို အစားထိုး တာဝန်ယူနိုင်မည့် ဖြစ်နိုင်ခြေရှိသော လျှောက်ထားသူများကို စိစစ်ဖော်ထုတ်ပေးခြင်းနှင့် ပြင်ဆင်ပေးခြင်း စသည့် ခေါင်းဆောင်မှု အစားထိုး ဆက်ခံရေး စီမံကိန်း ရေးဆွဲခြင်းတို့အတွက် တာဝန်ရှိပါသည်။ ဤသို့ ဆောင်ရွက်ခြင်းဖြင့် အဖွဲ့အစည်းအတွင်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နိုင်မှုနှင့် တည်ငြိမ်မှုတို့ရှိစေရန် သေချာစေပါသည်။

၃။ **ဒါရိုက်တာအဖွဲ့သည် စီမံခန့်ခွဲမှု အဖွဲ့အား မဟာဗျူဟာမြောက် လမ်းညွှန်မှုများနှင့် ကူညီပံ့ပိုးမှုများကို ပေးအပ်ပြီး** စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်နှင့် အခွင့်အလမ်းများကို အသုံးချနိုင်ရန် ကူညီပေးပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့၌ အထောက်အကူဖြစ်စေရန် ပုံမှန် ဆက်သွယ်ပြောဆိုခြင်း၊ လမ်းညွှန်ပြသပေးခြင်းနှင့် အရင်းအမြစ်များ ထောက်ပံ့ပေးခြင်းတို့ ပါဝင်ပါသည်။ တစ်ချိန်တည်းမှာပင် ဒါရိုက်တာအဖွဲ့သည် ရှင်းလင်းသော မျှော်မှန်းချက်များ သတ်မှတ်ပေးခြင်း၊ တိုးတက်မှုများကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် အဖွဲ့အစည်း၏ ရည်မှန်းချက်များ အောင်မြင်စေရန်အတွက် စီမံခန့်ခွဲမှု အဖွဲ့အား တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေခြင်းဖြင့် ထိန်းကျောင်းဆောင်ရွက်ပါသည်။ ဤသို့ ပံ့ပိုးပေးမှုနှင့်

တာဝန်ခံယူစေမှုတို့အား ဟန်ချက်ညီစေခြင်းသည် မြင့်မားသော စွမ်းဆောင်ရည်ရှိသည့် ယဉ်ကျေးမှုနှင့် စဉ်ဆက်မပြတ် တိုးတက်ပြောင်းလဲရေးတို့ကို ပျိုးထောင်ပေးပါသည်။

(စ) စွမ်းဆောင်ရည် စောင့်ကြည့်စစ်ဆေးခြင်း

၁။ **ဒါရိုက်တာအဖွဲ့သည် ချမှတ်ထားသော ရည်မှန်းချက်များနှင့် ကိုက်ညီမှု ရှိစေရေးအတွက် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုနှင့် ဘဏ္ဍာရေး စွမ်းဆောင်ရည်များကို ပုံမှန် စိစစ်ဆန်းစစ်ရန် တာဝန်ရှိပါသည်။** ထိုသို့ ဆောင်ရွက်ရာတွင် ကုမ္ပဏီ၏ တိုးတက်မှု အခြေအနေကို တိုင်းတာနိုင်ရန် အဓိက စွမ်းဆောင်ရည် ပြည္ဆန်းကိန်းများ (KPIs)၊ ဘဏ္ဍာရေး ရှင်းတမ်းများနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အစီရင်ခံစာများကို စိစစ်ဆန်းစစ်ခြင်း ပါဝင်ပါသည်။ ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီအနေဖြင့် မဟာဗျူဟာမြောက် ရည်မှန်းချက်များ အောင်မြင်စေရန် လမ်းကြောင်းမှန်ပေါ်တွင် ဆက်လက်ရှိနေရေး သေချာစေရန် အားသာချက်ရှိသော နယ်ပယ်များနှင့် ပြုပြင်တိုးတက်ရန် အခွင့်အလမ်းများကို ဖော်ထုတ်ရာ၌ ဤစိစစ်သုံးသပ်ချက်များကို အသုံးပြုပါသည်။

၂။ **ဒါရိုက်တာအဖွဲ့သည် စီမံခန့်ခွဲမှု အဖွဲ့အနေဖြင့် ကုမ္ပဏီ၏ ရည်မှန်းချက်များနှင့်အညီ ရလဒ်ကောင်းများ ဖော်ဆောင်ပေးရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရန် သေချာစွာ ဆောင်ရွက်ပါသည်။** ထိုသို့ ဆောင်ရွက်ရာတွင် ရှင်းလင်းသော စွမ်းဆောင်ရည် မျှော်မှန်းချက်များ သတ်မှတ်ပေးခြင်း၊ ပုံမှန် စွမ်းဆောင်ရည် ပြန်လည်စိစစ်ခြင်းများကို ပြုလုပ်ခြင်းနှင့် အပြုသဘောဆောင်သော အကြံပြုချက်များ ပေးအပ်ခြင်းတို့ ပါဝင်ပါသည်။ ထို့အပြင် ဒါရိုက်တာအဖွဲ့သည် ပေါ်ပေါက်လာသည့် စွမ်းဆောင်ရည်ဆိုင်ရာ မလိုလားအပ်သော ကိစ္စရပ်များကို အချိန်မီ ဖြေရှင်းဆောင်ရွက်ပြီး စီမံခန့်ခွဲမှု အဖွဲ့အနေဖြင့် မိမိတို့၏ ဆောင်ရွက်ချက်များနှင့် ဆုံးဖြတ်ချက်များအတွက် တာဝန်ယူမှု ရှိစေရန် သေချာစေပါသည်။ ဤသို့ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေခြင်းသည် အဖွဲ့အစည်းအတွင်း ပွင့်လင်းမြင်သာမှုရှိပြီး မြင့်မားသော စွမ်းဆောင်ရည်ရှိသည့် ယဉ်ကျေးမှုကို ပျိုးထောင်ပေးပါသည်။

၃။ **ကုမ္ပဏီ၏ စွမ်းဆောင်ရည်သည် ချမှတ်ထားသော ရည်မှန်းချက်များနှင့် လွဲချော်ဖောက်ထွက်သွားပါက** ဒါရိုက်တာအဖွဲ့သည် အချိန်ကိုက် ထိရောက်သည့် ပြုပြင်ပြောင်းလဲရေး အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် တာဝန်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည် လျော့ကျရသည့် အဓိက အကြောင်းအရင်းရင်းမြစ်များကို ဖော်ထုတ်ခြင်း၊ ယင်းတို့ကို ဖြေရှင်းဆောင်ရွက်ရန် လုပ်ငန်းစီမံကိန်းများ ရေးဆွဲခြင်းနှင့် အဆိုပါ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုကို စောင့်ကြည့်စစ်ဆေးခြင်းတို့ ပါဝင်ပါသည်။ ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုနှင့် ဘဏ္ဍာရေး ခိုင်မာမှုတို့အပေါ် ဆိုးကျိုးသက်ရောက်နိုင်ချေများကို အနည်းဆုံးဖြစ်စေရန် ပြုပြင်ပြောင်းလဲရေး နည်းလမ်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေး စီမံခန့်ခွဲမှု အဖွဲ့နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ပါသည်။

(ဆ) ပါဝင်ပတ်သက်သူများ (Stakeholders) အပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း

၁။ **ဒါရိုက်တာအဖွဲ့သည် ရေရှည်တန်ဖိုးကို အမြင့်ဆုံး ဖန်တီးပေးခြင်းနှင့် စဉ်ဆက်မပြတ် တိုးတက်ခိုင်မာရေးကို သေချာစေခြင်းတို့ဖြင့် ရှယ်ယာရှင်များ၏ အကောင်းဆုံး အကျိုးစီးပွားအတွက် ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားပါသည်။** တစ်ချိန်တည်းမှာပင် ဒါရိုက်တာအဖွဲ့သည် ဝန်ထမ်းများ၊ သုံးစွဲသူများ၊ ကုန်ပစ္စည်းထောက်ပံ့သူများနှင့် လူမှုအသိုက်အဝန်း အပါအဝင် အခြားသော

ပါဝင်ပတ်သက်သူများ (Stakeholders) ၏ လိုအပ်ချက်များကို ဟန်ချက်ညီစေရေး အရေးပါပုံကို အသိအမှတ်ပြုပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပါဝင်ပတ်သက်သူများ အားလုံးအပေါ် ပိုမိုကျယ်ပြန့်သော သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားသည့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ အပြုသဘောဆောင်ပြီး အားလုံးပါဝင်နိုင်သော အဖွဲ့အစည်းဆိုင်ရာ ယဉ်ကျေးမှုကို ပျိုးထောင်ပေးခြင်းနှင့် လူမှုရေးဆိုင်ရာ တာဝန်သိမှုများကို မြှင့်တင်ပေးခြင်းတို့ ပါဝင်ပါသည်။

၂။ **ဒါရိုက်တာအဖွဲ့သည် ပါဝင်ပတ်သက်သူများ အားလုံးနှင့် ပွင့်လင်းမြင်သာပြီး အပြန်အလှန် ဆက်သွယ်ပြောဆိုမှုရှိစေရန် သေချာစွာ ဆောင်ရွက်ပါသည်။** ထိုသို့ ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံ အကျိုးဝင်သော အစီရင်ခံစာများမှတစ်ဆင့် ပုံမှန် အချက်အလက် သတင်းအချက်အလက် ပေးပို့ခြင်း၊ ကုမ္ပဏီ၏ စွမ်းဆောင်ရည်နှင့် မဟာဗျူဟာမြောက် ဦးတည်ချက်များကို ဆွေးနွေးရန် အစည်းအဝေးများ ကျင်းပခြင်းနှင့် သက်ဆိုင်ရာ သတင်းအချက်အလက်များကို အချိန်မီ ထုတ်ပြန်ပေးခြင်းတို့ ပါဝင်ပါသည်။ ပွင့်လင်းမြင်သာမှုကို ထိန်းသိမ်းခြင်းအားဖြင့် ဒါရိုက်တာအဖွဲ့သည် ပါဝင်ပတ်သက်သူများနှင့် ယုံကြည်မှုနှင့် ခိုင်မာသော ဂုဏ်သိက္ခာကို တည်ဆောက်ပြီး ၎င်းတို့အနေဖြင့် ကုမ္ပဏီ၏ လုပ်ဆောင်ချက်များ၊ ဆုံးဖြတ်ချက်များနှင့် တက်ကြွစွာ ထိတွေ့ဆက်ဆံမှု ရှိစေရန် သေချာစေပါသည်။

(၆) ဥပဒေနှင့် စည်းမျဉ်းဆိုင်ရာ လိုက်နာဆောင်ရွက်မှု

၁။ **ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီအနေဖြင့် သက်ဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းများ၊ လုပ်ငန်းခွင် စံချိန်စံညွှန်းများ အားလုံးကို တိကျစွာ လိုက်နာဆောင်ရွက်စေရန် တာဝန်ရှိပါသည်။** ထိုသို့ ဆောင်ရွက်ရာတွင် ဥပဒေနှင့် စည်းမျဉ်းဆိုင်ရာ ပတ်ဝန်းကျင်၏ ပြောင်းလဲမှုများကို စဉ်ဆက်မပြတ် လေ့လာသိရှိနေခြင်းနှင့် စည်းမျဉ်း လိုက်နာမှု ရှိစေရန် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ခြင်းတို့ ပါဝင်ပါသည်။ ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီကို ဥပဒေ မူဘောင်အတွင်းမှ လည်ပတ်စေရေး ဆောင်ရွက်ခြင်းဖြင့် ဥပဒေကြောင်းဆိုင်ရာ ပြစ်ဒဏ်ခတ်ခံရနိုင်သည့် ဘေးအန္တရာယ်များကို အနည်းဆုံးဖြစ်စေပြီး ကုမ္ပဏီ၏ ဂုဏ်သိက္ခာနှင့် ခိုင်မာမှုကို ကာကွယ်စောင့်ရှောက်ပါသည်။

၂။ **ဒါရိုက်တာအဖွဲ့သည် အတွင်းပိုင်း စာရင်းစစ် လုပ်ငန်းစဉ် လွတ်လပ်စွာနှင့် ထိရောက်စွာလည်ပတ်နိုင်ရေးအတွက် ကြီးကြပ်ပေးပါသည်။** ထိုသို့ ဆောင်ရွက်ရာတွင် စာရင်းစစ် စီမံကိန်းများ၊ တွေ့ရှိချက်များနှင့် အကြံပြုချက်များကို ပြန်လည်စိစစ်ခြင်းနှင့် ဖော်ထုတ်ရရှိသော ကိစ္စရပ်များကို စီမံခန့်ခွဲမှု အဖွဲ့မှ အချိန်မီ ဖြေရှင်းဆောင်ရွက်ရေး သေချာစေခြင်းတို့ ပါဝင်ပါသည်။ ထို့အပြင် ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ စည်းမျဉ်းလိုက်နာရေး အစီအစဉ်များ ထိရောက်မှု ရှိမရှိ စိစစ်ဆန်းစစ်ပြီး ယင်းအစီအစဉ်များသည် ခိုင်မာမှုရှိစေရန်နှင့် ဥပဒေ၊ စည်းမျဉ်းများ ဖောက်ဖျက်မှုကို ရှာဖွေဖော်ထုတ်၍ တားဆီးကာကွယ်နိုင်စွမ်း ရှိစေရန် သေချာစေပါသည်။

၃။ **ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီအပေါ် ရိုက်ခတ်မှု ရှိလာနိုင်သည့် ဥပဒေကြောင်းဆိုင်ရာ ဘေးအန္တရာယ်များကို ဖော်ထုတ်ခြင်းနှင့် ဖြေရှင်းဆောင်ရွက်ခြင်းတို့အတွက် တာဝန်ရှိပါသည်။** ထိုသို့ ဆောင်ရွက်ရာတွင် ဖြစ်နိုင်ခြေရှိသော ဥပဒေကြောင်းဆိုင်ရာ ကိစ္စရပ်များကို စိစစ်ဆန်းစစ်ရန်နှင့် ယင်းတို့ကို လျော့ချနိုင်မည့် မဟာဗျူဟာများ ရေးဆွဲရန်အတွက် ဥပဒေအကြံပေးများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်း ပါဝင်ပါသည်။ ထို့ပြင် ဒါရိုက်တာအဖွဲ့သည် ကျင့်ဝတ်နှင့်ညီသော

ပြုမူနေထိုင်မှုများနှင့် ဥပဒေဆိုင်ရာ စံနှုန်းများ လိုက်နာမှုကို မြှင့်တင်ပေးခြင်းဖြင့် ကုမ္ပဏီ၏ ဂုဏ်သိက္ခာကို စောင့်ရှောက်နိုင်ရေး သေချာစေပါသည်။ ဥပဒေကြောင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို ကြိုတင်ကာကွယ် စီမံခန့်ခွဲခြင်းဖြင့် ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများကို ကာကွယ်ရန်နှင့် ပါဝင်ပတ်သက်သူများ၏ ယုံကြည်မှုကို ထိန်းသိမ်းနိုင်ရန် ကူညီပံ့ပိုးပေးပါသည်။

(စျ) အဓိက စီးပွားရေးလုပ်ငန်း ဆောင်ရွက်ချက်များကို အတည်ပြုခြင်း

၁။ **ဒါရိုက်တာအဖွဲ့သည် ပူးပေါင်းပေါင်းစည်းခြင်း၊ ဝယ်ယူခြင်း၊ ပိုင်ဆိုင်မှု ရောင်းထုတ်ခြင်းနှင့် အခြားသော အဓိက ရင်းနှီးမြှုပ်နှံမှုများ အပါအဝင် ထင်ရှားသော အဖွဲ့အစည်းဆိုင်ရာ စီးပွားရေး လုပ်ဆောင်ချက်များကို သေချာစွာ ပြန်လည်စိစစ်ရန်နှင့် အတည်ပြုရန် တာဝန်ရှိပါသည်။** ထိုသို့ ဆောင်ရွက်ရာတွင် ဆောင်ရွက်ချက် တစ်ခုချင်းစီနှင့် ဆက်စပ်နေသော ဖြစ်နိုင်ခြေရှိသည့် အကျိုးကျေးဇူးများနှင့် ဆုံးရှုံးနိုင်ခြေများကို စိစစ်ဆန်းစစ်ရန် ဘက်ပေါင်းစုံ အကျုံးဝင်သော စေ့စပ်သေချာသည့် စိစစ်မှုများ (Due diligence) ပြုလုပ်ခြင်း ပါဝင်ပါသည်။ ဒါရိုက်တာအဖွဲ့သည် ဤစီးပွားရေး လုပ်ဆောင်ချက်များသည် ကုမ္ပဏီ၏ မဟာဗျူဟာမြောက် ရည်မှန်းချက်များနှင့် ကိုက်ညီမှု ရှိစေရန်နှင့် ကုမ္ပဏီ၏ ရေရှည် တိုးတက်မှုနှင့် တန်ဖိုးဖန်တီးမှုတို့ကို အထောက်အကူပြုစေရန် သေချာစေပါသည်။

၂။ **ဒါရိုက်တာအဖွဲ့သည် တင်ပြလာသော စီးပွားရေး လုပ်ဆောင်ချက်များသည် ကုမ္ပဏီ၏ မျှော်မှန်းချက်၊ သမိုင်းပေးတာဝန်နှင့် မဟာဗျူဟာမြောက် ပန်းတိုင်များနှင့် မည်သို့ ကိုက်ညီမှု ရှိသည်ကို ထည့်သွင်းစဉ်းစားလျက် မဟာဗျူဟာမြောက် သင့်လျော်မှု ရှိမရှိ စိစစ်သုံးသပ်ပါသည်။** ထိုသို့ ဆောင်ရွက်ရာတွင် အဆိုပါ စီးပွားရေး လုပ်ဆောင်ချက်မှ ဆောင်ကြဉ်းပေးနိုင်သည့် ဖြစ်နိုင်ခြေရှိသော ပူးပေါင်းဆောင်ရွက်မှု အကျိုးကျေးဇူးများ (Synergies)၊ စျေးကွက် အခွင့်အလမ်းများနှင့် ပြိုင်ဆိုင်မှု အားသာချက်များကို စိစစ်ဆန်းစစ်ခြင်း ပါဝင်ပါသည်။ ထို့အပြင် ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း၊ ငွေသားစီးဆင်းမှုနှင့် အထွေထွေ ဘဏ္ဍာရေး အခြေအနေတို့အပေါ် သက်ရောက်မှု စသည့် ဘဏ္ဍာရေးဆိုင်ရာ ရိုက်ခတ်မှုများကို လည်း စိစစ်ဆန်းစစ်ပါသည်။ ဤအချက်အလက်များကို သေချာစွာ စိစစ်သုံးသပ်ခြင်းဖြင့် ဒါရိုက်တာအဖွဲ့သည် အဓိက စီးပွားရေး လုပ်ဆောင်ချက်များသည် ကုမ္ပဏီနှင့် ယင်း၏ ပါဝင်ပတ်သက်သူများအတွက် အကောင်းဆုံး အကျိုးစီးပွားဖြစ်စေရန် သေချာစေပါသည်။

မြန်မာနိုင်ငံ၏ မရေရာသော စီးပွားရေးနှင့် လုပ်ငန်းခွင် ပတ်ဝန်းကျင်အား ကျော်လွှားနိုင်ရေးအတွက် ဒါရိုက်တာအဖွဲ့၏ လမ်းညွှန်ချက်

မြန်မာနိုင်ငံ၏ စီးပွားရေး ပတ်ဝန်းကျင်သည် အလုံးစုံ စီးပွားရေး လျော့ကျလာခြင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု လျော့နည်းလာခြင်း၊ အမေရိကန်ဒေါ်လာ ရရှိနိုင်မှု ကန့်သတ်ချက်များ ရှိလာခြင်း၊ ကုန်စျေးနှုန်း ကြီးမြင့်မှု ဖိအားများ၊ စက်သုံးဆီနှင့် လျှပ်စစ်ဓာတ်အား မကြာခဏ ပြတ်တောက်မှုများ၊ သွင်းကုန် ကန့်သတ်ချက်များနှင့် မကြာခဏ ပြောင်းလဲနေသော စည်းမျဉ်းစည်းကမ်းနှင့် မူဝါဒဆိုင်ရာ ပြောင်းလဲမှုများ အပါအဝင် အကြောင်းအရင်း အများအပြားကြောင့် စိန်ခေါ်မှုများ ရှိနေခဲ့ပါသည်။ ဤသို့သော ကြီးမားသည့် စိန်ခေါ်မှုများ ရှိနေသော်လည်း ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ အဓိက စီးပွားရေး လုပ်ငန်းများကို ခိုင်မာစေရန်နှင့် ဘဏ္ဍာရေး အခြေအနေကို မြှင့်တင်ရန် သန္နိဋ္ဌာန်ပြုချက်၌ မြဲမြံစွာ ရပ်တည်လျက် ရှိပါသည်။ ဒါရိုက်တာအဖွဲ့သည် လုပ်ငန်းလည်ပတ်မှု ထိရောက်မှုကို မြှင့်တင်ရန်၊ ဝင်ငွေစီးကြောင်းများကို

စုံလင်ကွဲပြားစေရန်နှင့် ဆုံးရှုံးနိုင်ခြေများကို လျှော့ချရန် မဟာဗျူဟာမြောက် ဦးဆောင်ဦးရွက်ပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး၊ ကုမ္ပဏီအနေဖြင့် ကြံ့ကြံ့ခံနိုင်ရည် ရှိစေရန်နှင့် အနာဂတ် တိုးတက်မှုအတွက် အသင့်ရှိနေစေရန် သေချာစေခဲ့ပါသည်။

ဒါရိုက်တာအဖွဲ့၏ လုပ်ပိုင်ခွင့် လွှဲအပ်ခြင်း

ဒါရိုက်တာအဖွဲ့၏ တာဝန်ဝတ္တရားများကို ထိရောက်စွာ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်နှင့် ကုမ္ပဏီ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုမူဘောင်ကို ပိုမိုခိုင်မာစေရန်အတွက် ဒါရိုက်တာအဖွဲ့သည် အောက်ပါ အထူးပြုကော်မတီ (၄) ရပ်ကို ဖွဲ့စည်းထားပါသည်။စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီ (ARC)၊ အမည်စာရင်းတင်သွင်းရေးကော်မတီ (NC)၊ အခကြေးငွေကော်မတီ (RC) အမှုဆောင်ကော်မတီ အဆိုပါ ကော်မတီများကို စုပေါင်း၍ “ဒါရိုက်တာအဖွဲ့၏ ကော်မတီများ” ဟု ခေါ်ဆိုပြီး ဒါရိုက်တာအဖွဲ့၏ ကြီးကြပ်ကွပ်ကဲရေးနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် အထောက်အကူပြုပါသည်။အမည်စာရင်းတင်သွင်းရေးကော်မတီနှင့် အခကြေးငွေကော်မတီ (RC) တို့တွင် အမှုဆောင်ဒါရိုက်တာများနှင့် လွတ်လပ်သောဒါရိုက်တာများ ပါဝင်ဖွဲ့စည်းထားပါသည်။ စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေကော်မတီကိုမူ လွတ်လပ်သောဒါရိုက်တာများဖြင့်သာ သီးသန့် ဖွဲ့စည်းထားပြီး ၎င်းတို့၏ သက်ဆိုင်ရာ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများဖြင့် ကုမ္ပဏီ၏ ထိရောက်သော စီမံအုပ်ချုပ်မှုနှင့် ကြီးကြပ်ကွပ်ကဲမှုကို အထောက်အကူပြုလျက်ရှိပါသည်။

လွတ်လပ်စွာဆုံးဖြတ်နိုင်စွမ်း

ဒါရိုက်တာများအားလုံးသည် မိမိတို့၏ ဆုံးဖြတ်ချက်များကို ဘက်လိုက်မှုကင်းရှင်းစွာနှင့် ကုမ္ပဏီ၏ အကောင်းဆုံး အကျိုးစီးပွားကို ရှေးရှုချမှတ်နိုင်ရန်အတွက် ကုမ္ပဏီများဥပဒေနှင့်အညီ "လွတ်လပ်စွာ ဆုံးဖြတ်နိုင်စွမ်း" ကို မဖြစ်မနေ ကျင့်သုံးရန် တာဝန်ရှိပါသည်။ ဤသို့ ကျင့်သုံးရာတွင် ကိစ္စရပ်အားလုံးကို မလျော်ကန်သော လွှမ်းမိုးမှု သို့မဟုတ် ကိုယ်ရေးကိုယ်တာ အကျိုးစီးပွားများ ပါဝင်ပတ်သက်မှု ကင်းရှင်းစွာဖြင့် မျှတစွာ သုံးသပ်အကဲဖြတ်ခြင်းများ ပါဝင်သည်။ ထို့အပြင် မည်သည့် ဒါရိုက်တာတစ်ဦးတစ်ယောက်မျှ ၎င်း၏ လုပ်ငန်းတာဝန်များတွင် လုပ်ပိုင်ခွင့်အာဏာများကို အချိုးအစားမမျှတစွာ စုပြုံချုပ်ကိုင်ထားခြင်းမျိုး မရှိစေရေးကို တားဆီးနိုင်ရန်အတွက်လည်း အုပ်ချုပ်မှုဖွဲ့စည်းပုံကို စနစ်တကျ ရည်ရွယ်ရေးဆွဲထားပါသည်။ ဤသို့ လုပ်ပိုင်ခွင့်အာဏာများကို မျှတစွာ ခွဲဝေပေးခြင်းသည် ပူးပေါင်းပါဝင်မှုရှိသော ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်ကို အားပေးမြှင့်တင်ပေးသည့်အပြင် ဒါရိုက်တာအဖွဲ့အတွင်း တရားမျှတမှုနှင့် တာဝန်ခံမှုဆိုင်ရာ မူဝါဒများကိုပါ ခိုင်မာစွာ ထိန်းသိမ်းစောင့်ရှောက်ပေးပါသည်။

ဒါရိုက်တာအဖွဲ့၏ မဟာဗျူဟာမြောက် ပြန်လည်သုံးသပ်ချက်

ဒါရှိုက်တာအဖွဲ့အနေဖြင့် ရေရှည်တည်တံ့သော တိုးတက်မှု၊ လုပ်ငန်းလည်ပတ်မှု ကြံ့ခိုင်ခံ့မှုနှင့် ရေရှည်စက်မှုလုပ်ငန်း ဦးဆောင်မှုအခန်းကဏ္ဍကို အထောက်အကူပြုနိုင်ရေးအတွက် ကုမ္ပဏီ၏ မဟာဗျူဟာမြောက် ဦးတည်ချက်များကို ပုံမှန်သုံးသပ်၍ အတည်ပြုပေးလျက်ရှိပါသည်။ Concordia Public Company Limited သည် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဖြေရှင်းချက်များ၊ အခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုစွမ်းရည်များတွင် မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို မြှင့်တင်ရန်အတွက် ဆက်လက်ကတိကဝတ်ပြုထားပါသည်။

အဆိုပါ ကတိကဝတ်၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် Concordia သည် FY 2027–2028 ဘဏ္ဍာနှစ်တွင် စတင်လည်ပတ်ရန် မျှော်မှန်းထားသည့် ပြည်တွင်း ကျောက်ကပ်သွေးသန့်စင်ကုသရေး

စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိပါသည်။ ဤလုပ်ဆောင်မှုသည် ပြည်ပမှတင်သွင်းမှုအပေါ် မှီခိုအားထားမှုကို လျှော့ချရန်၊ ကုန်စည်ထောက်ပံ့ရေးကွင်းဆက် (Supply Chain) ကဏ္ဍကို မြှင့်တင်ရန်နှင့် မြန်မာနိုင်ငံအတွင်း တိုးပွားလျက်ရှိသော ကျောက်ကပ်သွေးသန့်စင်ကုသရေးဆိုင်ရာ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးရန် ရည်ရွယ်ပါသည်။ ထို့အပြင် Concordia သည် ရုံးအလိုအလျောက်စနစ်နှင့် အင်ဂျင်နီယာလုပ်ငန်းကဏ္ဍများတွင် ရေရှည်တည်တံ့သော ကြီးထွားမှုနှင့် စျေးကွက်ချဲ့ထွင်မှုကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိပါသည်။ ကုမ္ပဏီအနေဖြင့် ဖောက်သည်များ၏ လုပ်ငန်းဆောင်ရွက်မှု ထိရောက်မှု၊ ကုန်ထုတ်စွမ်းအားနှင့် တိကျသေချာမှုတို့ကို မြှင့်တင်ပေးနိုင်ရန် ဒီဇိုင်းထုတ်ထားသော အရည်အသွေးမြင့် မိတ္တူကူးစက်များ၊ ပရင်တာများ၊ သုံးကုန်ပစ္စည်းများနှင့် အင်ဂျင်နီယာဆိုင်ရာ ထုတ်ကုန်များကို ပံ့ပိုးပေးလျက်ရှိပါသည်။ ဖောက်သည်များ၏ စိတ်ကျေနပ်မှုကို အပြည့်အဝရရှိစေရန် ခိုင်မာသော ကတိကဝတ်ပြုချက်နှင့်အညီ Concordia သည် လုပ်ငန်းလည်ပတ်မှုများ အဆက်မပြတ် လည်ပတ်နိုင်စေရန်နှင့် ဖောက်သည်များ၏ ရေရှည်အောင်မြင်မှုကို အာမခံချက်ပေးနိုင်ရန် တုံ့ပြန်မှု အားကောင်းပြီး ယုံကြည်စိတ်ချရသော ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှုများ (After Sales Service) ကိုလည်း ပံ့ပိုးပေးလျက်ရှိပါသည်။

ထိုသို့လုပ်ဆောင်ချက်များ မှတစ်ဆင့် Concordia သည် ဆန်းသစ်တီထွင်မှုများ၊ လုပ်ငန်းပိုင်း ဆိုင်ရာ ထူးကဲကောင်းမွန်မှု တို့ကို မြှင့်တင်လျက် ပါဝင်ပတ်သက်သူများ၏ ရေရှည် တည်တံ့မှု ရှိစေရေး တို့ကို ဆောင်ရွက်ကာ ကျန်းမာရေးစောင့်ရှောက်မှု၊ ရုံးလုပ်ငန်းသုံးအလိုလျောက်စနစ်နှင့် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အဖြေရှာဖွေမှုလုပ်ငန်းများတွင် ယုံကြည်စိတ်ချရသော ပံ့ပိုးပေးသူ အဖြစ် အခိုင်အမာ ဆက်လက်ရပ်တည် လုပ်ဆောင်သွားရန် ရည်ရွယ်ထားပါသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဒါရိုက်တာများ၏ အစည်းအဝေးတက်ရောက်မှု

အမည်	ဒါရိုက်တာ အဖွဲ့ အစည်းအဝေး	စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေ ကော်မတီ အစည်းအဝေး	အခကြေးငွေ ကော်မတီ အစည်းအဝေး	အမည်စာရင်း တင်သွင်းရေး ကော်မတီ အစည်းအဝေး
စုစုပေါင်း ကျင်းပခဲ့သည့် အစည်းအဝေး အကြိမ်ရေ	၅	၄	၂	၂
အမှုဆောင်ဒါရိုက်တာများ				
ဒေါက်တာသန်းဝင်း	၄	-	၂	၂
ဒေါ်တင်တင်အေး	၄	-	-	၂
ဦးဘရမ်ဒန်မောင်ဝင်း	၄	-	၂	၂
ဒေါ်အေမီမီမိုဝင်း	၄	-	၂	-
လွတ်လပ်သောဒါရိုက်တာများ				
ဒေါက်တာသာထွန်းဦး	၅	၄	-	၂
ဒေါ်လင်းလင်းတင်ထွန်း	၅	၄	၂	-
ဦးမင်းဟန်ထွန်း	၅	၄	-	-

မှတ်ချက်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီ၏ ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပတ်သက်ဆောင်ရွက်မှုများဆိုင်ရာ မူဝါဒ (RPT Policy) ကို လိုက်နာရန်အတွက် ဒါရိုက်တာလေးဦးသည် ဒါရိုက်တာအဖွဲ့အစည်းအဝေးတစ်ကြိမ်တွင် ပါဝင်တက်ရောက်ခြင်းမရှိခဲ့ပါ။ အဆိုပါအစည်းအဝေး၏ အစီအစဉ်တွင် ယင်းဒါရိုက်တာများနှင့် ဆက်နွယ်သည့် ရုံးခန်းနှင့် မော်တော်ယာဉ် ဌားရမ်းမှုအရောင်းအဝယ်များကို ဆွေးနွေးဆုံးဖြတ်ရန် ပါဝင်ခဲ့ပါသည်။

ဒါရိုက်တာအဖွဲ့၏ အတည်ပြုချက်နှင့် ခွင့်ပြုချက်ရယူရမည့် လုပ်ပိုင်ခွင့်အဆင့်ဆင့်

ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (Concordia Public Company Limited) တွင် ငွေလုံးငွေရင်း သုံးစွဲမှုများ (Capital Expenditures)၊ လုပ်ငန်းတိုးချဲ့ရေး အစီအမံများ၊ လုပ်ငန်းသစ်များ ဝယ်ယူပူးပေါင်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုအသစ်များ ပြုလုပ်ခြင်းနှင့် ပိုင်ဆိုင်မှုများကို လွှဲပြောင်းရောင်းချခြင်း ကိစ္စရပ်များအတွက် ဒါရိုက်တာအဖွဲ့ (Board of Directors) ထံမှ အတည်ပြုချက်ကို ရယူဆောင်ရွက်ရပါသည်။

အကျိုးစီးပွား ပဋိပက္ခများ

ဒါရိုက်တာတစ်ဦးချင်းစီကို ခန့်အပ်ခြင်းမပြုမီ ကိုယ်စားလှယ်လောင်းတိုင်းသည် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုများ နှင့်ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သော အကျိုးစီးပွားပဋိပက္ခ အားလုံးကို ဒါရိုက်တာအဖွဲ့ထံသို့ ပြည့်စုံစွာ ကြေညာတင်ပြရန် လိုအပ်ပါသည်။ ဤသို့ ကြေညာတင်ပြခြင်းသည် ပွင့်လင်းမြင်သာမှုကို သေချာစေပြီး၊ အဆိုပါရာထူးအတွက် ကိုယ်စားလှယ်လောင်း၏ သင့်လျော်မှုကို ဒါရိုက်တာအဖွဲ့မှ အကဲဖြတ်နိုင်စေရန် အထောက်အကူပြုပါသည်။

ထို့အပြင် ဒါရိုက်တာတစ်ဦးဦးသည် နောက်ပိုင်းတွင် အကျိုးစီးပွားပဋိပက္ခ (သို့မဟုတ်) ပဋိပက္ခဖြစ်ပေါ်လာနိုင်သည့် အခြေအနေတစ်ခုခုနှင့် ကြုံတွေ့လာရပါက (သို့မဟုတ်) စဉ်းစားသုံးသပ်နေသော လုပ်ငန်းလွှဲပြောင်းဆောင်ရွက်မှု တစ်ခုခုတွင် အကျိုးသက်ဆိုင်မှု တစ်စုံတစ်ရာ ရှိနေပါက ၎င်းပဋိပက္ခကို ဒါရိုက်တာအဖွဲ့ အစည်းအဝေးတွင် ချက်ချင်း ဖွင့်ဟဝန်ခံတင်ပြရန် တာဝန်ရှိပါသည်။ ကုမ္ပဏီများဥပဒေနှင့်အညီ အဆိုပါဒါရိုက်တာသည် ပဋိပက္ခဖြစ်ပွားနေသော ကိစ္စရပ်နှင့်ပတ်သက်သည့် မည်သည့် ဆွေးနွေးတိုင်ပင်မှုများတွင်မဆို ပါဝင်ခြင်းမှ ရှောင်ကြဉ်ရမည်ဖြစ်ပြီး၊ ထိုလုပ်ငန်းလွှဲပြောင်းဆောင်ရွက်မှုအပေါ် မဲပေးခြင်းမှလည်း ကင်းလွတ် နေရမည် ဖြစ်ပါသည်။

ဤလုပ်ထုံးလုပ်နည်းသည် ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်များအားလုံးကို ဘက်လိုက်မှု ကင်းရှင်းစွာဖြင့် ကုမ္ပဏီနှင့် ၎င်း၏ ပါဝင်ပတ်သက်သူများ (Stakeholders) ၏ အကောင်းဆုံးအကျိုးစီးပွားကို ရှေးရှုချမှတ်နိုင်စေရန် သေချာစေပါသည်။ ဤကဲ့သို့ မြင့်မားသော အုပ်ချုပ်မှုစံနှုန်းကို ထိန်းသိမ်းထားခြင်းဖြင့် ဒါရိုက်တာအဖွဲ့သည် ကျင့်ဝတ်နှင့်အညီ လိုက်နာစောင့်ထိန်းမှုနှင့် ၎င်း၏ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များ၏ ဖြောင့်မတ်တည်ကြည်မှုတို့အပေါ် ထားရှိသော ကတိကဝတ်ကို ခိုင်မာစွာ ရပ်တည်လျက် ရှိပါသည်။

ဒါရိုက်တာအဖွဲ့ဝင်သစ်များအား မိတ်ဆက်လမ်းညွှန်ခြင်း

အသစ်ခန့်အပ်လိုက်သော ဒါရိုက်တာများသည် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုများနှင့် အုပ်ချုပ်မှုမူဘောင်ကို ကောင်းစွာ ကျွမ်းဝင်သိရှိစေရန်အတွက် ကုမ္ပဏီသည် ပြည့်စုံသော မိတ်ဆက်လမ်းညွှန်မှု အစီအစဉ်တစ်ရပ် (Induction Program) ကို အကောင်အထည်ဖော် ဆောင်ရွက်ထားပါသည်။ ဤအစီအစဉ်သည် ဒါရိုက်တာများအနေဖြင့် ကုမ္ပဏီ၏ လုပ်ငန်းများ၊ ရည်မှန်းချက် (Mission)၊ မျှော်မှန်းချက် (Vision)၊ တန်ဖိုးထားမှုများ (Values)၊ အဖွဲ့အစည်း ဖွဲ့စည်းပုံ၊ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းစဉ်များ၊ အတွင်းပိုင်းထိန်းချုပ်မှုစနစ်များ (Internal Controls) နှင့် အုပ်ချုပ်မှုဆိုင်ရာ ကျင့်ထုံးများကို ရင်းနှီးကျွမ်းဝင်လာစေရန် ကူညီပံ့ပိုးပေးပါသည်။

အဆိုပါ မိတ်ဆက်လမ်းညွှန်မှု အစီအစဉ်တွင် အောက်ပါ အဓိက အစိတ်အပိုင်းများ ပါဝင်ပါသည်-

- **လုပ်ငန်းခွင်များသို့ သွားရောက်လေ့လာခြင်း** - အသစ်ခန့်အပ်လိုက်သော ဒါရိုက်တာများအား လုပ်ငန်း၏ လည်ပတ်မှုဆိုင်ရာ အသွင်အပြင်များကို ကိုယ်တိုင်ကိုယ်ကျ သိမြင်နားလည်နိုင်စေရန် ကုမ္ပဏီ၏ တည်နေရာအသီးသီးရှိ လုပ်ငန်းခွင်များသို့ သွားရောက်လေ့လာခွင့် ပြုပါသည်။
- **စီမံခန့်ခွဲမှုအဖွဲ့မှ ရှင်းလင်းတင်ပြခြင်း** - အဆင့်မြင့် စီမံခန့်ခွဲမှုအဖွဲ့မှ ကုမ္ပဏီ၏ လုပ်ငန်းများအကြောင်းကို အသေးစိတ် ရှင်းလင်းတင်ပြပြီး၊ မဟာဗျူဟာမြောက် စီမံကိန်းများ၊ ရည်မှန်းချက်များနှင့် အဓိက လုပ်ငန်းစွမ်းဆောင်ရည် ညွှန်းကိန်းများကို ဖော်ပြရှင်းလင်းပေးပါသည်။

- **စီမံခန့်ခွဲမှုအဖွဲ့နှင့် တွေ့ဆုံခြင်း** - ဒါရိုက်တာများသည် ကုမ္ပဏီ၏ မဟာဗျူဟာမြောက် ဦးတည်ချက်၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ဆွေးနွေးရန်အတွက် စီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် တွေ့ဆုံခွင့် ရရှိပါသည်။
- **အဓိက ကဏ္ဍများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်း** - ဒါရိုက်တာများသည် ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည်၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲခြင်း၊ စည်းမျဉ်းစည်းကမ်း လိုက်နာမှုနှင့် ကော်ပိုရိတ်အုပ်ချုပ်မှုဆိုင်ရာ ကျင့်ထုံးများ အပါအဝင် ကုမ္ပဏီ၏ အရေးကြီးသော လုပ်ငန်းလည်ပတ်မှု ကဏ္ဍများကို ရှင်းလင်းတင်ပြမှုများ လက်ခံရရှိပါသည်။

ဤစေ့စပ်သေချာသော မိတ်ဆက်လမ်းညွှန်မှု လုပ်ငန်းစဉ်သည် အသစ်ခန့်အပ်လိုက်သော ဒါရိုက်တာများအား ဒါရိုက်တာအဖွဲ့၏ ဆွေးနွေးတိုင်ပင်မှုများနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်များတွင် ထိရောက်စွာ ပါဝင်အားဖြည့်နိုင်ရန် ကောင်းစွာ ပြင်ဆင်ပေးပြီး၊ ယင်းမှတစ်ဆင့် ကုမ္ပဏီ၏ ခိုင်မာသော အုပ်ချုပ်မှုနှင့် မဟာဗျူဟာမြောက် ကြီးကြပ်ကွပ်ကဲမှုအပေါ် ထားရှိသော ကတိကဝတ်ကို အထောက်အကူပြုစေပါသည်။

သတင်းအချက်အလက်များ ရယူကြည့်ရှုခွင့်


စီမံခန့်ခွဲမှုအဖွဲ့သည် ဒါရိုက်တာအဖွဲ့ အစည်းအဝေးများ မတိုင်မီ ဒါရိုက်တာများထံသို့ ပြည့်စုံလုံလောက်ပြီး အချိန်နှင့်တစ်ပြေးညီဖြစ်သော သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း၏ အရေးကြီးပုံကို အသိအမှတ်ပြုပါသည်။ ဤသို့ဆောင်ရွက်ခြင်းက ဒါရိုက်တာအဖွဲ့အနေဖြင့် သတင်းအချက်အလက်များကို သေချာစွာ ပြန်လည်သုံးသပ်နိုင်ရန်၊ မှန်ကန်တိကျသော အသိပညာအခြေခံသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်နှင့် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ထိရောက်စွာ ထမ်းဆောင်နိုင်ရန် သေချာစေပါသည်။ဒါရိုက်တာများအနေဖြင့် အစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်ရန် အချိန်လုံလောက်စွာ ရရှိစေရေးအတွက် ဒါရိုက်တာအဖွဲ့နှင့် ဒါရိုက်တာအဖွဲ့ ကော်မတီများဆိုင်ရာ စာရွက်စာတမ်းများကို အစည်းအဝေးမတိုင်မီ တစ်ပတ်ကြိုတင်၍ ဒါရိုက်တာများထံသို့ ပုံမှန်အားဖြင့် ဖြန့်ဝေပေးပါသည်။ ရင်းနှီးမြှုပ်နှံမှုတစ်ခုစီကို အကဲဖြတ်ပြီး အတည်ပြုနိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုပြုလွှာများကို ဒါရိုက်တာအဖွဲ့ထံသို့ တင်ပြပေးပါသည်။ ထို့အပြင် ဆွေးနွေးမှုများတွင် အထောက်အကူပြုနိုင်ရန် (သို့မဟုတ်) အကြံပြုချက်များ ပေးနိုင်ရန်အတွက် ကျွမ်းကျင်မှုရှိသော သီးခြားလုပ်ငန်းတာဝန်ခံများ (သို့မဟုတ်) ပြင်ပအဖွဲ့အစည်းများ (Third Parties) ကိုလည်း လိုအပ်သလို သတင်းအချက်အလက်များ ပို့မို့ပံ့ပိုးပေးနိုင်ရန် ဒါရိုက်တာအဖွဲ့နှင့် ဒါရိုက်တာအဖွဲ့ ကော်မတီ အစည်းအဝေးများသို့ တက်ရောက်ရန် ဖိတ်ကြားနိုင်ပါသည်။ထို့ပြင် ဒါရိုက်တာများအနေဖြင့် လုပ်ငန်းကဏ္ဍ၏ ဖြစ်ပေါ်တိုးတက်မှု အလားအလာများ (Industry Trends) နှင့် စျေးကွက်အတွင်း ရပ်တည်မှုအခြေအနေတို့ကို အစဉ်တစိုက် မျက်ခြည်မပြတ် သိရှိနေစေရန်အတွက် စီမံခန့်ခွဲမှုအဖွဲ့သည် လုပ်ငန်းလည်ပတ်မှုများ၊ လုပ်ငန်းကဏ္ဍ၏ မျှော်မှန်းချက်များနှင့် စျေးကွက်အခြေအနေများ (Market Sentiment) အပေါ် ဒါရိုက်တာအဖွဲ့နှင့် ပုံမှန် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပါသည်။

အပိုင်း ၁.၂ - ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လမ်းညွှန်မှု

ဒါရိုက်တာအဖွဲ့၏ လွတ်လပ်စွာရပ်တည်နိုင်မှု

ကုမ္ပဏီ၏ ဒါရိုက်တာ ၄၀ ရာခိုင်နှုန်းကျော်ကို လွတ်လပ်သော ဒါရိုက်တာများ (Independent Directors) အဖြစ် သတ်မှတ်ထားသဖြင့်၊ ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ နေ့စဉ်လုပ်ငန်းလည်ပတ်မှုများမှ လွတ်လပ်စွာ ရပ်တည်နိုင်သော ဝန်းကျင်တစ်ခုကို ဖန်တီးတည်ဆောက်ရန် အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါသည်။ ဤကတိကဝတ်ကြောင့် ဒါရိုက်တာအဖွဲ့အနေဖြင့် နေ့စဉ်စီမံခန့်ခွဲမှုလုပ်ငန်းများ၏ လွှမ်းမိုးမှုမှ ကင်းလွတ်ကာ၊ ဘက်လိုက်မှုကင်းသော ကြီးကြပ်ကွပ်ကဲမှုနှင့် မဟာဗျူဟာမြောက် လမ်းညွှန်မှုများကို ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း သေချာစေပါသည်။ ဤသို့ လွတ်လပ်စွာရပ်တည်မှုကို ဦးစားပေးခြင်းအားဖြင့် ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီနှင့် ပါဝင်ပတ်သက်သူများ (Stakeholders) ၏ အကောင်းဆုံး အကျိုးစီးပွားများနှင့် ကိုက်ညီသော ဓမ္မဓိဋ္ဌာန်ကျသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်စွမ်းကို ပိုမိုမြှင့်တင်ပေးပါသည်။ ထို့အပြင် ဤဖွဲ့စည်းပုံသည် ခိုင်မာအားကောင်းသော အုပ်ချုပ်မှုဆိုင်ရာ ကျင့်ထုံးများကို အထောက်အကူပြုပြီး၊ အဖွဲ့အစည်းအတွင်း ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် ဖြောင့်မတ်တည်ကြည်မှုတို့ကို ထိန်းသိမ်းမြှင့်တင်ရာတွင် ဒါရိုက်တာအဖွဲ့၏ အခန်းကဏ္ဍကို ပိုမိုခိုင်မာစေပါသည်။ဒါရိုက်တာများ၏ လွတ်လပ်စွာ ရပ်တည်နိုင်မှုကို ဆုံးဖြတ်ရာတွင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) မှတ်ပုံတင်အရာရှိက ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၉၀/၂၀၂၀ တွင် ဖော်ပြထားသော 'လွတ်လပ်သော ဒါရိုက်တာများ၏ အရည်အချင်းသတ်မှတ်ချက်များ' ကို တိကျစွာ လိုက်နာကျင့်သုံးပါသည်။ ဤသို့လိုက်နာရာတွင် လွတ်လပ်သော ဒါရိုက်တာတစ်ဦးချင်းစီသည် ၎င်းတို့၏ လွတ်လပ်မှုကို ထိခိုက်စေနိုင်သည့် ကုမ္ပဏီနှင့် သိသာထင်ရှားသော ဆက်စပ်ပတ်သက်မှုများ ကင်းရှင်းခြင်း အပါအဝင် အခြားသော သတ်မှတ်ထားသည့် စံနှုန်းများနှင့် ကိုက်ညီမှုရှိစေရန် သေချာစေမည့် စေ့စပ်သေချာသော အကဲဖြတ်မှု လုပ်ငန်းစဉ်များ ပါဝင်ပါသည်။

ကုမ္ပဏီသည် ကော်ပိုရိတ်အုပ်ချုပ်မှု၏ အမြင့်မားဆုံး စံနှုန်းများကို ထိန်းသိမ်းလိုက်နာလျက်ရှိပြီး ကုမ္ပဏီ၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအား ပြောင်းလဲလာသော စည်းမျဉ်းလိုအပ်ချက်များနှင့် ကိုက်ညီရန် ပုံမှန်သုံးသပ် မွမ်းမံပြင်ဆင်လျက်ရှိပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ကုမ္ပဏီသည် ၎င်း၏ ဒါရိုက်တာအဖွဲ့ကို ဘက်လိုက်မှုကင်းသော ကြီးကြပ်ကွပ်ကဲမှု ပေးစွမ်းနိုင်ပြီး၊ အဖွဲ့အစည်း၏ ထိရောက်သော အုပ်ချုပ်မှုနှင့် မဟာဗျူဟာမြောက် ဦးတည်ချက်များကို အထောက်အကူပြုနိုင်မည့် ဒါရိုက်တာများဖြင့်သာ ဆက်လက်ဖွဲ့စည်းထားကြောင်း သေချာစေပါသည်။



ဒါရိုက်တာအဖွဲ့၏ အရွယ်အစားနှင့် ဖွဲ့စည်းပုံ

ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ကို လွတ်လပ်သော ဒါရိုက်တာ (Independent Directors) (၃) ဦးနှင့် အမှုဆောင်ဒါရိုက်တာ (Executive Directors) (၄) ဦး ပါဝင်သော ဒါရိုက်တာ စုစုပေါင်း (၇) ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ဒါရိုက်တာ ၄၀ ရာခိုင်နှုန်းကျော်ကို လွတ်လပ်သော ဒါရိုက်တာများအဖြစ် ခန့်အပ်ထားခြင်းက ဘက်လိုက်မှုကင်းသော ကြီးကြပ်ကွပ်ကဲမှုနှင့် အုပ်ချုပ်မှုဆိုင်ရာ ခိုင်မာသော အခြေခံအုတ်မြစ်ကို ရရှိစေပါသည်။ ဤဖွဲ့စည်းပုံသည် နေ့စဉ်လုပ်ငန်းလည်ပတ်မှုများမှ လွတ်လပ်စွာရပ်တည်နိုင်ရန်နှင့် ထိရောက်သော အုပ်ချုပ်မှုစနစ်ကို ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ရေးဆွဲထားခြင်း ဖြစ်ပါသည်။ ဒါရိုက်တာအဖွဲ့ဝင်များ၏ ကွဲပြားစုံလင်သော နောက်ခံအတွေ့အကြုံများနှင့် ဓမ္မဓိဋ္ဌာန်ကျသော အမြင်များသည် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများစွာကို မျှတပြီး ပြည့်စုံကျယ်ပြန့်သော ရှုထောင့်မှ ဖြေရှင်းကိုင်တွယ်နိုင်မည့် ဒါရိုက်တာအဖွဲ့၏ စွမ်းဆောင်ရည်ကို ပိုမိုမြင့်မားလာစေပါသည်။ဒါရိုက်တာအဖွဲ့ ကော်မတီတစ်ခုချင်းစီကို ကုမ္ပဏီ၏ အုပ်ချုပ်မှုမူဘောင်ကို အထောက်အကူပြုနိုင်စေရန် မဟာဗျူဟာကျကျ ဖွဲ့စည်းထားပါသည်။ အဓိကကော်မတီများတွင် အောက်ပါတို့ ပါဝင်သည်-

- **စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေကော်မတီ** - ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည်၊ စာရင်းစစ်ဆေးပြီးကြောင်း ရှင်းတမ်းများ၊ စွန့်စားရမှုစီမံခန့်ခွဲခြင်းနှင့် ကော်ပိုရိတ်မဟာ ဗျူဟာတို့ကို ပြန်လည်သုံးသပ်ရန်အတွက် ဒါရိုက်တာအဖွဲ့ အစည်းအဝေးများ နှင့်အပြိုင် တစ်နှစ်လျှင် အနည်းဆုံး လေးကြိမ် ကျင်းပပါသည်။
- **အခကြေးငွေကော်မတီ နှင့် အမည်စာရင်းတင်သွင်းရေးကော်မတီ** - အမှုဆောင် အရာရှိများ၏ လုပ်ခလစာနှင့် ခံစားခွင့်များ၊ ဒါရိုက်တာများ၏ စွမ်းဆောင်ရည်နှင့် ဆက်ခံသူပြုစုပျိုးထောင်ရေး အစီအစဉ် (Succession Planning) တို့ကို အကဲဖြတ်ရန်အတွက် တစ်နှစ်လျှင် အနည်းဆုံး နှစ်ကြိမ် (သို့မဟုတ်) လိုအပ်သလို ကျင်းပပါသည်။

အမည်		ဒါရိုက်တာ အဖွဲ့	စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေ ကော်မတီ(ARC)	အခကြေးငွေ ကော်မတီ (RC)	အမည်စာရင်း တင်သွင်းရေး ကော်မတီ(NC)
ဒေါက်တာသန်းဝင်း	အမှုဆောင် ဥက္ကဋ္ဌ	ဥက္ကဋ္ဌ		အဖွဲ့ဝင်	အဖွဲ့ဝင်
ဒေါ်တင်တင်အေး	အမှုဆောင် ဒါရိုက်တာ	အဖွဲ့ဝင်			အဖွဲ့ဝင်
ဦးဘရမ်ဒန်မောင်ဝင်း	အမှုဆောင် ဒါရိုက်တာ	အဖွဲ့ဝင်		အဖွဲ့ဝင်	အဖွဲ့ဝင်
ဒေါ်အေမီမီမိုင်း	အမှုဆောင် ဒါရိုက်တာ	အဖွဲ့ဝင်		အဖွဲ့ဝင်	
ဒေါက်တာသာထွန်းဦး	လွတ်လပ် သော ဒါရိုက်တာ	အဖွဲ့ဝင်	အဖွဲ့ဝင်		ဥက္ကဋ္ဌ
ဦးမင်းဟန်ထွန်း (CFA)	လွတ်လပ် သော ဒါရိုက်တာ	အဖွဲ့ဝင်	ဥက္ကဋ္ဌ		
ဒေါ်လင်းလင်းတင်ထွန်း	လွတ်လပ် သော ဒါရိုက်တာ	အဖွဲ့ဝင်	အဖွဲ့ဝင်	ဥက္ကဋ္ဌ	

ပုံမှန်စီစဉ်ထားသော အစည်းအဝေးများအပြင်၊ အဓိကကျသော လုပ်ငန်းဝယ်ယူပူးပေါင်းခြင်းများ၊ ပိုင်ဆိုင်မှုများ လွှဲပြောင်းရောင်းချခြင်း (သို့မဟုတ်) မဟာဗျူဟာမြောက် ကတိကဝတ်ပြုချက်များကဲ့သို့သော အရေးပေါ် (သို့မဟုတ်) အရေးပါသော ဆုံးဖြတ်ချက်များ ချမှတ်ရန်အတွက်လည်း ဒါရိုက်တာအဖွဲ့သည် အစည်းအဝေးများ ခေါ်ယူကျင်းပပါသည်။


ဒါရိုက်တာအဖွဲ့သည် အစုရှယ်ယာရှင်များ၏ ရေရှည်တန်ဖိုးကို အမြင့်မားဆုံးဖြစ်စေရန်၊ ရေရှည်တည်တံ့သော တိုးတက်မှုကို သေချာစေရန်နှင့် ပါဝင်ပတ်သက်သူများ (Stakeholders) အားလုံးနှင့် ပွင့်လင်းမြင်သာသော ဆက်သွယ်ပြောဆိုမှုများကို အစဉ်အမြဲ ထိန်းသိမ်းထားရှိရန် ခိုင်မာစွာ ကတိကဝတ်ပြုထားပါသည်။

ဒါရိုက်တာအဖွဲ့အတွင်း ကွဲပြားစုံလင်မှု

ကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ဘက်စုံထောင့်စုံမှ ချဉ်းကပ်မှုပုံစံတစ်ရပ်ကို ပျိုးထောင်နိုင်ရန်အတွက် ၎င်း၏ ဒါရိုက်တာအဖွဲ့အတွင်း မတူကွဲပြားမှုများနှင့် အားလုံးအကျုံးဝင် ပါဝင်မှု (Diversity and Inclusion) ကို အားပေးမြှင့်တင်ရန် ခိုင်မာစွာ ကတိကဝတ်ပြုထားပါသည်။ ဤသို့ ဆောင်ရွက်ရာတွင် မတူကွဲပြားသော စွမ်းဆောင်ရည်များ၊ အသိပညာများ၊ ကျွမ်းကျင်မှုများနှင့် ပရော်ဖက်ရှင်နယ် အတွေ့အကြုံများကို ပိုင်ဆိုင်ထားကြသည့် အဖွဲ့ဝင်များ၏ စုပေါင်းစွမ်းအားကို အသုံးချခြင်းဖြင့်၊ ကုမ္ပဏီ၏ ရေရှည်တိုးတက်မှုနှင့် အောင်မြင်မှုတို့အတွက် ဆန်းသစ်သော တွေးခေါ်မှုများနှင့် ရေရှည်တည်တံ့သည့် ယှဉ်ပြိုင်မှုဆိုင်ရာ အားသာချက်များကို ဖြစ်ထွန်းပေါ်ပေါက်စေရန် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ ဖွဲ့စည်းပုံ၊ အရွယ်အစားနှင့် ပါဝင်ဖွဲ့စည်းမှု (ကျွမ်းကျင်မှုများ၊ အသိပညာများ၊ လုပ်ငန်းကဏ္ဍနှင့် စီးပွားရေးဆိုင်ရာ အတွေ့အကြုံများ၊ လိင်၊ အသက်အရွယ်၊ လူမျိုး၊ တာဝန်ထမ်းဆောင်သည့် သက်တမ်းနှင့် ယဉ်ကျေးမှု အပါအဝင်) တို့ကို ပြန်လည်သုံးသပ်ရာတွင် ဒါရိုက်တာအဖွဲ့အား ကူညီပံ့ပိုးပေးရန်နှင့် လိုအပ်သော အပြောင်းအလဲ တစ်စုံတစ်ရာအတွက် အကြံပြုချက်များ တင်ပြနိုင်ရန် အမည်စာရင်းတင်သွင်းရေးကော်မတီ (NC) အား တာဝန်ပေးအပ်ထားပါသည်။

အပိုင်း ၁.၃ – Concordia ရှိ ကော်မတီများ၏ ဖွဲ့စည်းပုံ



အပိုင်း ၁.၄ - ဒါရိုက်တာအဖွဲ့ဆိုင်ရာ ကိစ္စရပ်များ

အမည်စာရင်း တင်သွင်းရေးကော်မတီ၏ ဖွဲ့စည်းပုံနှင့် အခန်းကဏ္ဍ

- ဒေါက်တာသာထွန်းဦး (ဥက္ကဋ္ဌ)
- ဒေါက်တာသန်းဝင်း (အဖွဲ့ဝင်)
- ဦးဘရမ်ဒန်မောင်ဝင်း (အဖွဲ့ဝင်)
- ဒေါ်တင်တင်အေး (အဖွဲ့ဝင်)

အမည်စာရင်းတင်သွင်းရေးကော်မတီ (NC) ကို လွတ်လပ်သော ဒါရိုက်တာများနှင့် အမှုဆောင် ဒါရိုက်တာများဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။ ၎င်းကော်မတီကို လွတ်လပ်သော ဒါရိုက်တာတစ်ဦး ဖြစ်သည့် ဒေါက်တာသာထွန်းဦးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဦးဆောင်ပါသည်။

၎င်းကော်မတီကို ဒါရိုက်တာအဖွဲ့မှ အတည်ပြုထောက်ခံထားသော လုပ်ငန်းတာဝန် သတ်မှတ်ချက်များ (Terms of Reference) ဖြင့် စည်းမျဉ်းသတ်မှတ်ထားပြီး၊ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို ဒါရိုက်တာအဖွဲ့မှ လွှဲအပ်ပေးထားပါသည်။ဘဏ္ဍာရေး၊ စီးပွားရေးနှင့် အစိုးရကဏ္ဍ အသီးသီးမှ ပုဂ္ဂိုလ်များဖြင့် ကွဲပြားစုံလင်သော ဒါရိုက်တာအဖွဲ့တစ်ရပ်ကို ဖွဲ့စည်းတည်ဆောက်နိုင်ရန် ရည်ရွယ်လျက်၊ ဒါရိုက်တာအဖွဲ့ တစ်ခုလုံးအတွက်သာမက အဖွဲ့ဝင်တစ်ဦးချင်းစီအတွက်ပါ သင့်လျော်သော အရည်အချင်းများ၊ ကျွမ်းကျင်မှုများနှင့် အတွေ့အကြုံများကို သတ်မှတ်နိုင်ရန် အမည်စာရင်းတင်သွင်းရေးကော်မတီ (NC) သည် ဒါရိုက်တာအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ပါသည်။ တရားဝင်ဖြစ်ပြီး ပွင့်လင်းမြင်သာမှုရှိသော လုပ်ငန်းစဉ်တစ်ရပ်ကို ဖော်ဆောင်ထိန်းသိမ်းနိုင်ရန်အတွက် ဒါရိုက်တာတစ်ဦးအား (ခန့်အပ်ခြင်း သို့မဟုတ်) ရာထူးမှ ဖယ်ရှားခြင်းများ ပြုလုပ်ရာတွင် ဒါရိုက်တာအဖွဲ့ တစ်ဖွဲ့လုံး၏ အတည်ပြုချက်ကို ရယူရန် လိုအပ်ပါသည်။ဒါရိုက်တာအဖွဲ့၏ ဖွဲ့စည်းပုံ၊ အရွယ်အစားနှင့် ပါဝင်ဖွဲ့စည်းမှု (ကျွမ်းကျင်မှုများ၊ အသိပညာများ၊ အတွေ့အကြုံများနှင့် မတူကွဲပြားမှုများ အပါအဝင်) တို့ကို ပုံမှန် ပြန်လည်သုံးသပ်ရန်နှင့် အပြောင်းအလဲ တစ်စုံတစ်ရာ ရှိလာပါက ဒါရိုက်တာအဖွဲ့ထံသို့ အကြံပြုချက်များ တင်ပြရန် NC အား တာဝန်ပေးအပ်ထားပါသည်။ ထို့အပြင် ဒါရိုက်တာများအားလုံးကို ပုံမှန်အချိန်ကာလ သတ်မှတ်ချက်များအလိုက် အမည်စာရင်း ပြန်လည်တင်သွင်းရေး (Re-nomination) နှင့် ပြန်လည်ခန့်အပ်ခြင်း (Re-appointment) တို့အတွက် တင်ပြမှုများ ပြုလုပ်စေရန်လည်း NC က ကြီးကြပ်ပေးရပါသည်။ကုမ္ပဏီအနေဖြင့် စျေးကွက်အတွင်း ထိရောက်စွာ ဆက်လက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေးကို သေချာစေရန် ရည်ရွယ်ချက်ဖြင့်၊ စီမံခန့်ခွဲမှုအဖွဲ့နှင့် ဒါရိုက်တာများ နှစ်ရပ်စလုံးအတွက် ဆက်ခံသူ ပြုစုပျိုးထောင်ရေး အစီအစဉ် (Succession Planning) အပါအဝင် ကုမ္ပဏီ၏ ခေါင်းဆောင်မှုပိုင်းဆိုင်ရာ လိုအပ်ချက်များကိုလည်း NC မှ စဉ်ဆက်မပြတ် သုံးသပ်ဆောင်ရွက်လျက်ရှိပါသည်။

ဒါရိုက်တာများအား အမည်စာရင်း ပြန်လည်တင်သွင်းခြင်း

အမည်စာရင်းတင်သွင်းရေးကော်မတီ (NC) သည် ဒါရိုက်တာတစ်ဦးချင်းစီ၏ လုပ်ငန်း စွမ်းဆောင်ရည်ကို နှစ်စဉ် ပြန်လည်သုံးသပ်မှုများ ပြုလုပ်ပါသည်။ ဒါရိုက်တာများအား ပြန်လည်ရွေးချယ် တင်မြှောက်ခြင်းနှင့် ပြန်လည်ခန့်အပ်ခြင်းတို့အတွက် စဉ်းစားရာတွင် NC သည် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်တာများ ထိရောက်စွာ လည်ပတ်နိုင်ရေးအတွက် ၎င်းတို့၏ ပါဝင်ကူညီပံ့ပိုးမှုများ၊

ကြိုတင်ပြင်ဆင်ထားမှုများ၊ ပူးပေါင်းပါဝင်မှုများ၊ အချိန်ပေးနိုင်မှုများ၊ ကုမ္ပဏီ၏ ကိစ္စရပ်များအပေါ် အလေးထားမှုများနှင့် ၎င်းတို့၏ အခြားသော ဒါရိုက်တာအဖွဲ့များတွင် ပါဝင်မှုအခြေအနေတို့ကို အကဲဖြတ်စစ်ဆေးပါသည်။ထို့အပြင် ဒါရိုက်တာတစ်ဦးချင်းစီသည် စရိုက်လက္ခဏာနှင့် ဆုံးဖြတ်ချက်ချမှတ်မှုတို့တွင် လွတ်လပ်မှုရှိ/မရှိနှင့် ၎င်းတို့၏ ဆုံးဖြတ် နိုင်စွမ်းအပေါ် သက်ရောက်မှုရှိစေနိုင်သည့် ဆက်စပ်ပတ်သက်မှုများ (သို့မဟုတ်) အခြေအနေများ ရှိ/မရှိ တို့ကိုလည်း NC မှ သုံးသပ်အကဲဖြတ်ပါသည်။ ဒါရိုက်တာများအားလုံးကို အမည်စာရင်း ပြန်လည်တင်သွင်းခြင်းနှင့် ပြန်လည်ခန့်အပ်ခြင်းဆိုင်ရာ ကိစ္စရပ်များအား ပုံမှန်အချိန်ကာလ သတ်မှတ်ချက်များအလိုက် တင်ပြနိုင်စေရေးကိုလည်း NC မှ သေချာစွာ ကြီးကြပ် ဆောင်ရွက်ပါသည်။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း (Constitution) နှင့်အညီ ဒါရိုက်တာများကို ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းများ ပြုလုပ်ရပြီး၊ အဆိုပါ စည်းမျဉ်းအရ နှစ်ပတ်လည် အထွေထွေအစည်းအဝေး (AGM) တိုင်းတွင် ဒါရိုက်တာများ၏ အနည်းဆုံး သုံးပုံတစ်ပုံ (အမှုဆောင်ဥက္ကဋ္ဌ အပါအဝင်) သည် ရာထူးမှ အနားယူရမည်ဖြစ်ပါသည်။ ရွေးချယ်တင်မြှောက်ခံရမည့် (သို့မဟုတ်) ပြန်လည်ရွေးချယ်တင်မြှောက်ခံရမည့် ကိုယ်စားလှယ်လောင်းများနှင့် သက်ဆိုင်သော အချက်အလက်များကို AGM အစည်းအဝေး ဖိတ်ကြားစာ (AGM Notice) တွင် အစုရှယ်ယာရှင်များထံသို့ ထည့်သွင်းပေးပို့ထားပါသည်။

ဒါရိုက်တာအသစ်များ ခန့်အပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်နှင့် စံနှုန်းများ

ဒါရိုက်တာအသစ်များ ခန့်အပ်ခြင်းသည် အရည်အချင်းပြည့်မီပြီး သင့်လျော်သော ကိုယ်စားလှယ်လောင်းများကို ရွေးချယ်နိုင်ရန် စနစ်တကျနှင့် စေ့စပ်သေချာသော လုပ်ငန်းစဉ်ကို လိုက်နာဆောင်ရွက်ပါသည်။ ကုမ္ပဏီအနေဖြင့် ဒါရိုက်တာအသစ်များ ရွေးချယ်ရာတွင် ဘက်စုံပြည့်စုံသော ချဉ်းကပ်မှုပုံစံ (Holistic approach) ကို ကျင့်သုံးပါသည်။ ဒါရိုက်တာအသစ် ခန့်အပ်သည့် ကုမ္ပဏီ၏ လုပ်ထုံးလုပ်နည်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

လိုအပ်ချက်များကို ဖော်ထုတ်ခြင်း - ဒါရိုက်တာအဖွဲ့သည် အမည်စာရင်းတင်သွင်းရေးကော်မတီ (NC) နှင့် တိုင်ပင်ဆွေးနွေးလျက် ရှိပြီးသား ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းပုံကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ကုမ္ပဏီ၏ မဟာဗျူဟာမြောက် ရည်မှန်းချက်များကို ထောက်ပံ့ပေးနိုင်ရန် လိုအပ်သော ကျွမ်းကျင်မှုများ၊ အတွေ့အကြုံများနှင့် အရည်အချင်းများကို ဖော်ထုတ်သတ်မှတ်ပါသည်။

၁။ **ကိုယ်စားလှယ်လောင်း ရှာဖွေခြင်း** - ဖြစ်နိုင်ချေရှိသော ကိုယ်စားလှယ်လောင်းများကို လက်ရှိဒါရိုက်တာများ၏ အကြံပြုချက်များ၊ အလုပ်အကိုင် ရှာဖွေရေးကုမ္ပဏီများနှင့် ပရော်ဖက်ရှင်နယ် ကွန်ရက်များ အပါအဝင် နည်းလမ်းအမျိုးမျိုးဖြင့် ရှာဖွေဖော်ထုတ်ပါသည်။

၂။ **ကိုယ်စားလှယ်လောင်းများကို အကဲဖြတ်ခြင်း** - NC သည် အောက်ပါစံနှုန်းများအပေါ် အခြေခံ၍ ဖြစ်နိုင်ချေရှိသော ကိုယ်စားလှယ်လောင်းများကို အကဲဖြတ်ပါသည်။

က. **ပရော်ဖက်ရှင်နယ် အတွေ့အကြုံ** - သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍ အတွေ့အကြုံနှင့် ခေါင်းဆောင်မှု၊ အောင်မြင်မှုမှတ်တမ်းကောင်းများ ရှိခြင်း။

ခ. **ကျွမ်းကျင်မှုနှင့် ကျွမ်းကျင်ပိုင်နိုင်မှု** - ဘဏ္ဍာရေးဆိုင်ရာ ထိုးထွင်းသိမြင်မှု ၊ မဟာဗျူဟာမြောက် စီမံချက်ရေးဆွဲခြင်း သို့မဟုတ် အုပ်ချုပ်မှုစနစ်ကဲ့သို့သော ကုမ္ပဏီ၏ လိုအပ်ချက်များနှင့် ကိုက်ညီသည့် သီးသန့်ကျွမ်းကျင်မှုနှင့် ကျွမ်းကျင်ပိုင်နိုင်မှု။

ဂ. **လွတ်လပ်စွာ ရပ်တည်နိုင်မှု** - ကိုယ်စားလှယ်လောင်း၏ စရိုက်လက္ခဏာနှင့် ဆုံးဖြတ်နိုင်စွမ်းတွင် လွတ်လပ်မှု ရှိ/မရှိ အကဲဖြတ်ခြင်း၊ ဘက်လိုက်မှုကို ထိခိုက်စေနိုင်သည့်

အကျိုးစီးပွားပဋိပက္ခများ သို့မဟုတ် ဆက်စပ်ပတ်သက်မှုများ ကင်းရှင်းစေရန် သေချာစေခြင်း။

ဃ. **ကွဲပြားစုံလင်မှု** - ဒါရိုက်တာအဖွဲ့၏ ရှုထောင့်များနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းကို ပိုမိုကြွယ်ဝလာစေရန် လိင်၊ လူမျိုး၊ အသက်အရွယ်နှင့် နောက်ခံအခြေအနေတို့အပေါ် မူတည်၍ ကွဲပြားစုံလင်မှုကို ထည့်သွင်းစဉ်းစားခြင်း။

င. **တာဝန်ယူလိုစိတ်** - ဒါရိုက်တာတစ်ဦး၏ တာဝန်ဝတ္တရားများကို ပြီးမြောက်အောင် ထမ်းဆောင်ရန်အတွက် လုံလောက်သော အချိန်နှင့် ကြိုးစားအားထုတ်မှုကို ပေးအပ်လိုစိတ်နှင့် စွမ်းဆောင်နိုင်မှု။

၃။ **အင်တာဗျူးပြုလုပ်ခြင်းနှင့် ရည်ညွှန်းချက်များ စစ်ဆေးခြင်း** - ဆန်ကာတင် ရွေးချယ်ခံရသော ကိုယ်စားလှယ်လောင်းများသည် အမည်စာရင်းတင်သွင်းရေးကော်မတီ (NC) နှင့် အခြားဒါရိုက်တာအဖွဲ့ဝင်များထံမှ အင်တာဗျူး အဆင့်ဆင့်ကို ဖြတ်သန်းရပါသည်။ ကိုယ်စားလှယ်လောင်း၏ အထောက်အထားများနှင့် သင့်လျော်မှုကို အတည်ပြုရန်အတွက် ရည်ညွှန်းချက်များ နှင့် နောက်ခံသမိုင်းကြောင်း စစ်ဆေးမှုများ ကို ပြုလုပ်ပါသည်။

၄။ **အကြံပြုခြင်းနှင့် အတည်ပြုခြင်း** - အကဲဖြတ်ချက်များနှင့် အင်တာဗျူး ပြုလုပ်ချက်များအပေါ် အခြေခံ၍ NC မှ ဒါရိုက်တာအဖွဲ့ထံသို့ အကြံပြုတင်ပြချက် ပြုလုပ်ပါသည်။ ဒါရိုက်တာအဖွဲ့သည် လိုအပ်သော စည်းမျဉ်းစည်းကမ်းဆိုင်ရာ အတည်ပြုချက်များကို ရယူလျက် ခန့်အပ်မှုကို ပြန်လည်သုံးသပ်ပြီး အတည်ပြုပေးပါသည်။

၅။ **မိတ်ဆက်လမ်းညွှန်ခြင်းနှင့် တိမ်းညွတ်လေ့ကျင့်ပေးခြင်း** - အသစ်ခန့်အပ်လိုက်သော ဒါရိုက်တာများသည် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုများ၊ အုပ်ချုပ်မှုမူဘောင်နှင့် အဓိက ပါဝင်ပတ်သက်သူများ တို့နှင့် ရင်းနှီးကျွမ်းဝင်စေရန် မိတ်ဆက်လမ်းညွှန်မှု အစီအစဉ်တွင် ပါဝင်ဆောင်ရွက်ကြပါသည်။

အပိုင်း ၁.၅ - ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းစွမ်းဆောင်ရည်

ဒါရိုက်တာအဖွဲ့ စွမ်းဆောင်ရည် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်နှင့် စံနှုန်းများ

ကုမ္ပဏီ၏ လိုအပ်ချက်များနှင့်အညီ သင့်လျော်မှန်ကန်မှု ရှိစေရန်အတွက် ဒါရိုက်တာအဖွဲ့၏ စွမ်းဆောင်ရည် အကဲဖြတ်ရေး ရည်မှန်းချက်များကို ပြန်လည်သုံးသပ်ရန်နှင့် လိုအပ်ပါက အဆိုပါ ရည်မှန်းချက်များကို မွမ်းမံပြင်ဆင်ရန် အမည်စာရင်းတင်သွင်းရေးကော်မတီ (NC) တွင် အခွင့်အရေး ရှိပါသည်။ဒါရိုက်တာအဖွဲ့ ပြန်လည်သုံးသပ်ချက်များ၏ အကဲဖြတ်သည့် ကန့်သတ်ချက်များ (Parameters) ထဲတွင် အောက်ပါတို့ ပါဝင်သည်-

- **ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းပုံ** - (အရည်အချင်းအမျိုးမျိုး ရောနှောပါဝင်မှု၊ ကွဲပြားခြားနားသော အတွေ့အကြုံများ၊ ဘဏ္ဍာရေးလုပ်ငန်းကဏ္ဍ အတွေ့အကြုံ၊ လုပ်ခလစာနှင့် ခံစားခွင့်ဆိုင်ရာ ကျွမ်းကျင်မှု၊ အရည်အချင်း၊ ကွဲပြားစုံလင်မှုနှင့် ဒါရိုက်တာ ရာထူးခန့်အပ်သည့် လုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှုတို့ ပါဝင်ဖွဲ့စည်းထားခြင်း)
- **ဒါရိုက်တာအဖွဲ့၏ အချိန်ပေးနိုင်မှု** - (ဒါရိုက်တာတစ်ဦးချင်းစီအနေဖြင့် ၎င်းတို့၏ တာဝန်ဝတ္တရားများကို လုံလောက်စွာ ထမ်းဆောင်နိုင်ရန်အတွက် အခြားသော လုပ်ငန်းတာဝန်အများအပြားနှင့် အဓိက တာဝန်ယူရမှုများကို အချိန်ပေးနိုင်ခြင်း ရှိမရှိ အကဲဖြတ်ခြင်း)
- **ဒါရိုက်တာအဖွဲ့ အစည်းအဝေးများ၏ ဖွဲ့စည်းပုံ** - (သုံးလတစ်ကြိမ် ကျင်းပသည့် အစည်းအဝေးများ၊ စီးပွားရေး လိုအပ်ချက်များနှင့် ကိုက်ညီသော အစည်းအဝေး အရေအတွက်၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် အစီအစဉ် (Agenda)၊ ဘုတ်အဖွဲ့ စာရွက်စာတမ်းအထုပ် (Board package) ၏ အရည်အချင်း၊

ဆွေးနွေးမှုတစ်ခုချင်းစီအတွက် လုံလောက်သော အချိန်ခွဲဝေပေးထားမှု၊ ဒါရိုက်တာအဖွဲ့ဝင်များအားလုံးထံမှ လုံလောက်သော အကြံပြုချက်များ လက်ခံရရှိမှု၊ ကြောက်ရွံ့ခြင်းသို့မဟုတ် ဘက်လိုက်ခြင်း ကင်းစင်စွာဖြင့် လွတ်လပ်စွာ ဆွေးနွေးငြင်းခုံမှုများကို အားပေးသည့် အစည်းအဝေး ပတ်ဝန်းကျင်၊ မတူညီသော အကြံပြုချက်များကို ကြိုဆိုလက်ခံမှုနှင့် ဒါရိုက်တာအဖွဲ့မှတ်တမ်းများကို စနစ်တကျ မှတ်တမ်းတင်ပြီး အတည်ပြုထားမှု)

- **ဒါရိုက်တာအဖွဲ့၏ အုပ်ချုပ်မှုစနစ်** - (အုပ်ချုပ်မှုနှင့် စည်းမျဉ်းစည်းကမ်း လိုက်နာမှုဆိုင်ရာ ကိစ္စရပ်များကို လေ့လာဆန်းစစ်ရန်အတွက် ဒါရိုက်တာအဖွဲ့က လုံလောက်သော အချိန်ခွဲဝေပေးမှု၊ သင့်လျော်သော ပြင်ဆင်ချက်များ ပါဝင်ခြင်း၊ ကုမ္ပဏီ၏ စာရင်းကိုင်နှင့် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံတင်ပြမှုများနှင့် စနစ်များ၏ တည်ကြည်မှန်ကန်မှုကို သေချာစေခြင်း၊ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာခြင်း၊ မြင့်မားသော စွန့်စားရမှု ပြဿနာများနှင့် စွန့်စားရမှု အကဲဖြတ်ချက်များကို ပြန်လည်သုံးသပ်ခြင်း)
- **ပါဝင်ပတ်သက်သူများ၏ တန်ဖိုး** - (ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်ချမှတ်မှုသည် ပါဝင်ပတ်သက်သူများ၏ တန်ဖိုးဖန်တီးမှုကို အကဲဖြတ်ရန် လုံလောက်ခြင်း၊ အမျိုးမျိုးသော ပါဝင်ပတ်သက်သူများနှင့် ဆက်သွယ်ပြောဆိုရန်နှင့် ထိတွေ့ဆက်ဆံရန် ယန္တရား ရှိနေခြင်း၊ အပြည့်အစုံ သိရှိထားသည့် အခြေခံအပေါ် မူတည်၍ ရိုးသားဖြောင့်မတ်စွာဖြင့် လုံလဝီရိယနှင့် ဂရုစိုက်မှုတို့ဖြင့် ဒါရိုက်တာအဖွဲ့က ဆောင်ရွက်ခြင်း၊ အစုရှယ်ယာရှင်များနှင့် အကျိုးဆက်စပ်သူများကို တရားမျှတစွာ ဆက်ဆံခြင်း)
- ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲမှုအဖွဲ့တို့၏ ထိတွေ့ဆက်ဆံမှု - (စီမံခန့်ခွဲမှုအဖွဲ့ကို ဒါရိုက်တာအဖွဲ့က အကဲဖြတ်ခြင်းနှင့် စောင့်ကြည့်ခြင်း၊ စီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ခလစာနှင့် ခံစားခွင့်များကို ပြန်လည်သုံးသပ်ခြင်း၊ ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲမှုအဖွဲ့တို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် တက်ကြွစွာ ဝင်ရောက်ကြည့်ရှုနိုင်ပြီး သတင်းအချက်အလက်များကို ဖလှယ်နိုင်ခြင်း)
- ဒါရိုက်တာအဖွဲ့ လေ့ကျင့်သင်တန်းပေးခြင်း - (လုံလောက်သော မိတ်ဆက်လမ်းညွှန်မှုနှင့် ပရော်ဖက်ရှင်နယ် ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းများကို လိုက်နာစောင့်ထိန်းခြင်း၊ ဒါရိုက်တာများအတွက် ဆက်လက်သင်တန်းပေးခြင်း၊ ဒါရိုက်တာအဖွဲ့က ကော်ပိုရိတ် ယဉ်ကျေးမှုနှင့် တန်ဖိုးများကို တည်ထောင်ခြင်း၊ လွတ်လပ်သော ဒါရိုက်တာများ)
- ဒါရိုက်တာအဖွဲ့နှင့် ဒါရိုက်တာအဖွဲ့ ကော်မတီများ အကဲဖြတ်ခြင်း - (ဒါရိုက်တာအဖွဲ့နှင့် ဒါရိုက်တာအဖွဲ့ ကော်မတီများ၏ ထိရောက်မှုကို အကဲဖြတ်ရန် လုပ်ငန်းစဉ်နှင့် စံနှုန်းများကို အကြံပြုခြင်း၊ ဒါရိုက်တာအဖွဲ့၏ ထိရောက်မှုအတွက် ဒါရိုက်တာတစ်ဦးချင်းစီ၏ ပါဝင်ကူညီပံ့ပိုးမှု)

ကုမ္ပဏီ၏ လွတ်လပ်သော ဒါရိုက်တာများ ဖြစ်ကြသည့် အမည်စာရင်းတင်သွင်းရေးကော်မတီ (NC) ဥက္ကဋ္ဌ၊ အခကြေးငွေကော်မတီ (RC) ဥက္ကဋ္ဌနှင့် စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေကော်မတီ (ARC) ဥက္ကဋ္ဌတို့သည် အောက်ပါတို့အပေါ် အခြေခံ၍ နှစ်စဉ် ၎င်းတို့၏ ပြန်လည်သုံးသပ်ချက်များကို ထပ်မံပေးအပ်မည် ဖြစ်ပါသည် - (i) ဒါရိုက်တာအဖွဲ့ တစ်ခုလုံး၏ စွမ်းဆောင်ရည်၊ နှင့် (ii) ဒါရိုက်တာအဖွဲ့အား ၎င်းတို့၏ တာဝန်များကို ထိရောက်စွာနှင့် ကျိုးကြောင်းဆီလျော်စွာ ထမ်းဆောင်နိုင်စေရန် အထောက်အကူဖြစ်စေမည့် စီမံခန့်ခွဲမှုအဖွဲ့နှင့် ဒါရိုက်တာအဖွဲ့အကြား သတင်းအချက်အလက် စီးဆင်းမှုနှင့် ဖြန့်ဝေမှုတို့၏ အရည်အသွေး၊ ပမာဏနှင့် အချိန်ကိုက်မှုကို အကဲဖြတ်ခြင်း။NC သည် ၎င်း၏ တာဝန်ဝတ္တရားများကို ပြီးမြောက်အောင် ထမ်းဆောင်ရန် လိုအပ်သော မည်သည့် သတင်းအချက်အလက်ကိုမဆို တောင်းဆိုပိုင်ခွင့် ရှိပါသည်။ ၎င်းတွင် ဥပမာအားဖြင့် ဒါရိုက်တာများ၏ နောက်ခံသမိုင်းကြောင်းဆိုင်ရာ ပြည့်စုံသော သတင်းအချက်အလက်များနှင့် ဒါရိုက်တာများက ၎င်းတို့၏ လွတ်လပ်မှုကို ကြေညာသည့် ဖြည့်စွက်ထားသော စစ်ဆေးစာရင်းများ (Checklists) တို့ ပါဝင်နိုင်ပါသည်။

အပိုင်း ၂ - အခကြေးငွေဆိုင်ရာ ကိစ္စရပ်များ

အခကြေးငွေဆိုင်ရာ ကိစ္စရပ်များ

အခကြေးငွေကော်မတီ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ

အခကြေးငွေကော်မတီ (“RC”) ကို ဒါရိုက်တာအဖွဲ့၏ လုပ်ခလစာနှင့် ခံစားခွင့် မူဘောင်နှင့် သက်ဆိုင်ရာ ကိစ္စရပ်များကို ပြန်လည်သုံးသပ်ရန်နှင့် အကြံပြုတင်ပြရာတွင် ဒါရိုက်တာအဖွဲ့အား ကူညီပံ့ပိုးပေးနိုင်ရန်အတွက် ဒါရိုက်တာအဖွဲ့က ခန့်အပ်ထားခြင်း ဖြစ်ပါသည်။



RC ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ

- **ဒေါ်လင်းလင်းတင်ထွန်း – ဥက္ကဋ္ဌ**
- **ဒေါက်တာသန်းဝင်း – အဖွဲ့ဝင်**
- **ဦးဘရမ်ဒန်မောင်ဝင်း – အဖွဲ့ဝင်**
- **ဒေါ်အေမီမီမီဝင်း – အဖွဲ့ဝင်**
- **ဦးဇော်နိုင်လင်း – အဖွဲ့ဝင်**

RC သည် ဒါရိုက်တာများ၊ အမှုဆောင်အရာရှိများ၊ အဆင့်မြင့်စီမံခန့်ခွဲရေးအဖွဲ့နှင့် အဓိက တာဝန်ရှိပုဂ္ဂိုလ်များနှင့် သက်ဆိုင်သည့် အခကြေးငွေဆိုင်ရာ ကိစ္စရပ်များကို ပြန်လည်သုံးသပ်ရန်နှင့် အကြံပြုတင်ပြရန် တာဝန်ရှိပါသည်။ ရည်မှန်းချက်မှာ အခကြေးငွေဆိုင်ရာ ကိစ္စရပ်များသည် တရားမျှတမှု၊ ကျိုးကြောင်းဆီလျော်မှု၊ ပြိုင်ဆိုင်မှုရှိမှုတို့ ရှိစေရန်နှင့် ကုမ္ပဏီ၏ စွမ်းဆောင်ရည်၊ ရေရှည်အကျိုးစီးပွားများနှင့် အစုရှယ်ယာရှင်များ၏ တန်ဖိုးတို့နှင့် ကိုက်ညီမှုရှိစေရန် သေချာစေရန် ဖြစ်ပါသည်။RC ၏ ပင်မတာဝန်များတွင် အောက်ပါတို့ ပါဝင်သည်-

- အခကြေးငွေဆိုင်ရာ မူဝါဒနှင့် ဖွဲ့စည်းပုံကို ပြန်လည်သုံးသပ်ခြင်းနှင့် အကြံပြုခြင်း၊
- သက်ဆိုင်သူများ၏ တာဝန်ဝတ္တရားများ၊ စွမ်းဆောင်ရည်နှင့် ပါဝင်ကူညီပံ့ပိုးမှုများကို စဉ်းစားသုံးသပ်ခြင်း၊
- ဒါရိုက်တာများ၏ အခကြေးငွေများ၊ လစာများ၊ ခွင့်ပြုစရိတ်များ၊ ဆုကြေးငွေများနှင့် အခြားခံစားခွင့်များကို ပြန်လည်သုံးသပ်ခြင်း၊
- အခကြေးငွေဆိုင်ရာ ကျင့်ထုံးများသည် ကျိုးကြောင်းဆီလျော်မှုရှိပြီး အလွန်အမင်း စွန့်စား လုပ်ကိုင်မှုများကို အားမပေးမိစေရန် သေချာစေခြင်း။
- ဒါရိုက်တာတစ်ဦးချင်း သို့မဟုတ် အမှုဆောင်အရာရှိ တစ်ဦးချင်းအနေဖြင့် မိမိတို့၏ ကိုယ်ပိုင် အခကြေးငွေနှင့် ခံစားခွင့်ကို မိမိဘာသာ ဆုံးဖြတ်ခြင်း မရှိစေရန် သေချာစေခြင်း၊ နှင့်
- နှစ်ပတ်လည်အစီရင်ခံစာတွင် သင့်လျော်သော အခကြေးငွေဆိုင်ရာ ဖော်ပြချက်များကို အကြံပြုတင်ပြခြင်း။

အခကြေးငွေဆိုင်ရာ မူဝါဒ

ကုမ္ပဏီ၏ အခကြေးငွေဆိုင်ရာ မူဝါဒကို အရည်အချင်းပြည့်မီသော ဒါရိုက်တာများ၊ အမှုဆောင်အရာရှိများနှင့် ဝန်ထမ်းများကို ဆွဲဆောင်ရန်၊ ထိန်းသိမ်းထားရန်နှင့် စိတ်ဓာတ်မြှင့်တင်ပေးရန် ရည်ရွယ်၍

ရေးဆွဲထားပြီး၊ တစ်ချိန်တည်းတွင် တရားမျှတမှု၊ တာဝန်ခံမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုကိုပါ ထိန်းသိမ်းသွားမည် ဖြစ်ပါသည်။

အခကြေးငွေဆိုင်ရာ မူဘောင်သည် အောက်ပါမူဝါဒများနှင့် အခြေခံထားပါသည်-

- အခကြေးငွေသည်တစ်ဦးချင်းစီ၏ ရာထူးတာဝန်၊ တာဝန်ယူမှု၊ အတွေ့အကြုံနှင့် စွမ်းဆောင်ရည်တို့ကို ထင်ဟပ်စေရမည်၊
- အခကြေးငွေသည် ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည်နှင့် ရေရှည်စီးပွားရေး ရည်မှန်းချက်များနှင့် ကိုက်ညီမှုရှိရမည်၊
- စွမ်းဆောင်ရည်အပေါ် မူတည်သည့် ဆုကြေးငွေများ (ရှိခဲ့ပါက) သည် ရှင်းလင်းပြီး တိုင်းတာနိုင်သည့် စံနှုန်းများအပေါ် အခြေခံရမည်၊
- အခကြေးငွေကို ဈေးကွက်ကျင့်ထုံး၊ ငွေကြေးဖောင်းပွမှု၊ ကုမ္ပဏီ၏ စွမ်းဆောင်ရည်နှင့် ဘဏ္ဍာရေး အနေအထားတို့နှင့် ကိုးကား၍ ပြန်လည်သုံးသပ်ရမည်၊ နှင့်
- သက်ဆိုင်သူများသည် ၎င်းတို့၏ ကိုယ်ပိုင် အခကြေးငွေဆိုင်ရာ ဆွေးနွေးမှုများနှင့် ဆုံးဖြတ်ချက်များတွင် ပါဝင်ခြင်းမှ ရှောင်ကြဉ်ရမည်။

အခကြေးငွေဆိုင်ရာ ပမာဏနှင့် ဖွဲ့စည်းပုံ

ကုမ္ပဏီ၏ အခကြေးငွေ များတွင် လစာ၊ ဒါရိုက်တာ အခကြေးငွေများ၊ ခွင့်ပြုစရိတ်များနှင့် ခံစားခွင့်များကဲ့သို့သော ပုံသေအစိတ်အပိုင်းများ (Fixed components) အပြင်၊ သင့်လျော်သည့်နေရာများတွင် စွမ်းဆောင်ရည် ဆုကြေးငွေ သို့မဟုတ် အားပေးလှုံ့ဆော်မှုများ (Incentives) ကဲ့သို့သော ပြောင်းလဲနိုင်သော အစိတ်အပိုင်းများ (Variable components) လည်း ပါဝင်နိုင်ပါသည်။

အမှုဆောင် ဒါရိုက်တာများနှင့် အဆင့်မြင့် စီမံခန့်ခွဲရေးအဖွဲ့တို့အတွက် အခကြေးငွေ များကို ကုမ္ပဏီ၏ စွမ်းဆောင်ရည်နှင့် တစ်ဦးချင်းစီ၏ ပါဝင်ကူညီပံ့ပိုးမှု နှစ်ရပ်စလုံးကို အခြေခံ၍ ပြန်လည်သုံးသပ်ပါသည်။

အမှုဆောင်မဟုတ်သော ဒါရိုက်တာများနှင့် လွတ်လပ်သော ဒါရိုက်တာများအတွက် အခကြေးငွေ များသည် ယေဘုယျအားဖြင့် ၎င်းတို့၏ တာဝန်ဝတ္တရားများ၊ အချိန်ပေးနိုင်မှု၊ အစည်းအဝေး တက်ရောက်မှု၊ ကော်မတီ တာဝန်များ၊ နှင့် ဒါရိုက်တာအဖွဲ့အတွက် ပါဝင်ပံ့ပိုးမှုတို့အပေါ် အခြေခံပါသည်။

ပြန်လည်သုံးသပ်ခြင်း

အခကြေးငွေဆိုင်ရာ ကိစ္စရပ်များကို RC မှ ပြန်လည်သုံးသပ်ပြီး အတည်ပြုချက်ရယူရန်အတွက် ဒါရိုက်တာအဖွဲ့ထံသို့ အကြံပြုတင်ပြချက်များ ပြုလုပ်ပါသည်။ လိုအပ်သည့်အခါတိုင်း RC သည် ဈေးကွက် စံညွှန်းများ (Market benchmarks)၊ လုပ်ငန်းကဏ္ဍ ကျင့်ထုံးများ သို့မဟုတ် ပြင်ပအကြံဉာဏ်များကို ထည့်သွင်းစဉ်းစားနိုင်ပါသည်။

ဒါရိုက်တာတစ်ဦးချင်း သို့မဟုတ် အမှုဆောင်အရာရှိ တစ်ဦးချင်းအနေဖြင့် မိမိတို့၏ ကိုယ်ပိုင် အခကြေးငွေနှင့် ခံစားခွင့်ကို ဆုံးဖြတ်ရာတွင် ပါဝင်ဆောင်ရွက်ခြင်း မရှိစေရပါ။ အကျိုးစီးပွား ပါဝင်ပတ်သက်သည့် မည်သူမဆို မိမိတို့၏ ပါဝင်ပတ်သက်မှုကို ဖော်ထုတ်ကြေညာရမည်ဖြစ်ပြီး သက်ဆိုင်ရာ ဆွေးနွေးမှုနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များမှ ရှောင်ကြဉ်ရမည် ဖြစ်ပါသည်။

ဖော်ပြကြေညာခြင်း

ကုမ္ပဏီသည် အကျိုးဝင်သည့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ကော်ပိုရိတ် အုပ်ချုပ်မှုဆိုင်ရာ ကျင့်ထုံးများနှင့်အညီ နှစ်ပတ်လည်အစီရင်ခံစာတွင် အခကြေးငွေဆိုင်ရာ ကိစ္စရပ်များကို ဖော်ပြကြေညာသွားမည် ဖြစ်ပါသည်။

ကုမ္ပဏီအနေဖြင့် ၎င်း၏ အခကြေးငွေ ဆိုင်ရာ ကျင့်ထုံးများသည် တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု ရှိပြီး အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားများနှင့် ကိုက်ညီမှုရှိနေစေရန် ဆက်လက်၍ ပြန်လည်သုံးသပ်သွားမည် ဖြစ်ပါသည်။

အပိုင်း ၃ - တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် စာရင်းစစ်ဆေးခြင်း ဆိုင်ရာကိစ္စရပ်များ

စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေကော်မတီ (ARC) ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ



- **ဦးမင်းဟန်ထွန်း (CFA) – (ဥက္ကဋ္ဌ)**
- **ဒေါက်တာသာထွန်းဦး – (အဖွဲ့ဝင်)**
- **ဒေါ်လင်းလင်းတင်ထွန်း – (အဖွဲ့ဝင်)**

ARC ကို ဒါရိုက်တာအဖွဲ့ဝင်များထဲမှ ရွေးချယ်၍ ဒါရိုက်တာအဖွဲ့က ခန့်အပ်ခြင်း ဖြစ်ပါသည်။ ဤကော်မတီကို လွတ်လပ်သော ဒါရိုက်တာတစ်ဦးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး လွတ်လပ်သော ဒါရိုက်တာများ သက်သက်ဖြင့်သာ ဖွဲ့စည်းထားပါသည်။ ARC သည် ဒါရိုက်တာအဖွဲ့အား လွတ်လပ်သော အကြံဉာဏ်ပေးခြင်း၊ အာမခံချက်ပေးခြင်းနှင့် ကုမ္ပဏီ၏ စွန့်စားရမှု၊ စည်းမျဉ်းလိုက်နာမှု၊ ထိန်းချုပ်မှု၊ အုပ်ချုပ်မှုမူဘောင်အပြင် ဘဏ္ဍာရေးရှင်းတမ်းများနှင့် သက်ဆိုင်သည့် ပြင်ပတာဝန်ခံမှုဆိုင်ရာ တာဝန်များတွင် အထောက်အကူပြုရာ၌ အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပါသည်။ARC သည် ဒါရိုက်တာအဖွဲ့ထံသို့ အတည်ပြုချက်ရယူရန် မတင်ပြမီ ကုမ္ပဏီ၏ ခြောက်လပတ်နှင့် နှစ်ပတ်လည် ဘဏ္ဍာရေးရှင်းတမ်းများကို ပြန်လည်သုံးသပ်ပေးပြီး၊ အထူးသဖြင့် စာရင်းကိုင်မူဝါဒနှင့် ကျင့်ထုံးများ ပြောင်းလဲခြင်း၊ အဓိက စွန့်စားရမည့် နယ်ပယ်များ၊ စာရင်းစစ်ဆေးမှုကြောင့် ထွက်ပေါ်လာသည့် အရေးပါသော ပြင်ဆင်ချက်များ၊ စာရင်းကိုင် စံနှုန်းများနှင့် အညီလိုက်နာမှု ရှိစေခြင်းအပြင် မည်သည့် စတော့အိပ်ချိန်း နှင့် ဥပဒေပညတ်ချက်/ စည်းမျဉ်းစည်းကမ်းဆိုင်ရာ လိုအပ်ချက်များနှင့်မဆို ကိုက်ညီမှုရှိစေရေးတို့ကို အဓိကထား လုပ်ဆောင်ပါသည်။ဒါရိုက်တာအဖွဲ့၏ မဟာဗျူဟာမြောက် ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် ဖော်ထုတ်တွေ့ရှိထားသော စွန့်စားရမည့် နယ်ပယ်များကို စနစ်တကျနှင့် ဖွဲ့စည်းပုံကျကျ ကိုင်တွယ်ဖြေရှင်းရန်နှင့် စီမံခန့်ခွဲရန်အတွက် မူဝါဒများနှင့် လုပ်ငန်းစဉ်များကို ရေးဆွဲဖော်ထုတ်ရန် ARC သည် စီမံခန့်ခွဲမှုအဖွဲ့ကို ညွှန်ကြားခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ပြုလုပ်ပါသည်။ ထို့အပြင် ARC သည် ကုမ္ပဏီ၏ လက်ရှိ စွန့်စားရမှု ထိတွေ့မှုအခြေအနေများ (Risk exposures) နှင့် အနာဂတ် စွန့်စားရမှု မဟာဗျူဟာတို့နှင့် ပတ်သက်၍ ဒါရိုက်တာအဖွဲ့အား ကြီးကြပ်ကွပ်ကဲပေးခြင်းနှင့် အကြံဉာဏ်ပေးခြင်းများ ဆောင်ရွက်ပါသည်။ ARC သည် တည်ဆဲဥပဒေများ၊

သက်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ် နည်းဥပဒေများအရ လိုအပ်သော သို့မဟုတ် ဒါရိုက်တာအဖွဲ့မှ အချိန်နှင့်အမျှ သတ်မှတ်ပေးသော တာဝန်ဝတ္တရားများ နှင့် လုပ်ငန်းဆောင်တာများကို ယေဘုယျအားဖြင့် ထမ်းဆောင်ရမည်ဖြစ်ပြီး၊ ARC ၏အာရုံစိုက်မှုလိုအပ်သော အခြားသောကိစ္စရပ်များကိုလည်း တာဝန်ယူ ဆောင်ရွက်ရပါသည်။

ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲမှုအဖွဲ့တို့၏ တာဝန်ခံမှု

ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များကို စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ဒါရိုက်တာအဖွဲ့သည် အစုရှယ်ယာရှင်များအပေါ် နောက်ဆုံးတာဝန်အရှိဆုံး ဖြစ်ပါသည်။ စီမံခန့်ခွဲမှုအဖွဲ့သည် ဒါရိုက်တာ အဖွဲ့ထံသို့ အချိန်နှင့်တစ်ပြေးညီ မှန်ကန်တိကျသော သတင်းအချက်အလက်များ ကို ပံ့ပိုးပေးခြင်း၏ အရေးပါမှုကို သဘောပေါက်နားလည်ထားပြီး အရေးကြီးသော တိုးတက်မှုအခြေအနေ မှန်သမျှကို ဒါရိုက်တာအဖွဲ့အား အခါအားလျော်စွာ အသိပေးတင်ပြလျက် ရှိပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ကိုယ်စား အသိဉာဏ်ဖြင့် နှိုင်းချိန်ဆန်းစစ်ကာ မှန်ကန်သော ဆုံးဖြတ်ချက် များ ချမှတ်နိုင်ရန်အတွက် လိုအပ်သော သတင်းအချက်အလက်များကို ရရှိစေမည်ဖြစ်ပါသည်။ ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ နှစ်ပတ်လည် ဘဏ္ဍာရေးရှင်းတမ်း များကို အများပြည်သူသို့ မထုတ်ပြန်မီ ပြန်လည်သုံးသပ်ပြီး အတည်ပြုပေးကာ အစုရှယ်ယာရှင်များအနေဖြင့် ကုမ္ပဏီ၏ ဘဏ္ဍာရေး အနေအထားအပေါ် မျှတပြီး ရှင်းလင်းသည့် သုံးသပ်ချက်ကို ရရှိစေရန် သေချာစေပါသည်။ ဒါရိုက်တာအဖွဲ့သည် အရေးပါသော ဘဏ္ဍာရေးအစီရင်ခံတင်ပြမှုဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ဖော်ပြချက်များကို ပြန်လည်သုံးသပ်စစ်ဆေးပြီး ၎င်းတို့သည် တိကျမှန်ကန်မှု၊ ပွင့်လင်းမြင်သာမှု ရှိပြီး သက်ဆိုင်ရာ စာရင်းကိုင် စံနှုန်းများနှင့် စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိစေရန် ဆောင်ရွက်ပါသည်။ ဤလုပ်ငန်းစဉ်သည် ဘဏ္ဍာရေးရှင်းတမ်းများ၏ တည်ကြည် မှန်ကန်မှုကို ထိန်းသိမ်းရန် ကူညီပေးပြီး အစုရှယ်ယာရှင်များအား ကုမ္ပဏီ၏ ဘဏ္ဍာရေး ကျန်းမာကြံ့ခိုင် မှုအပေါ် ရှင်းလင်းပြီး ယုံကြည်စိတ်ချရသော နားလည်မှုကို ပေးစွမ်းနိုင်ပါသည်။ဒါရိုက်တာအဖွဲ့သည် အတွင်းပိုင်း စာရင်းစစ်အဖွဲ့၊ စည်းမျဉ်းလိုက်နာမှုအဖွဲ့ (Compliance team) နှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု အဖွဲ့တို့၏ အစီရင်ခံစာများကို ပြန်လည်သုံးသပ်ပြီး အကဲဖြတ်ကာ အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားများကို ဦးစားပေးသည့် ဘက်လိုက်မှုကင်းစင်သော လုပ်ရပ်များကို သေချာစေပါသည်။ ဒါရိုက်တာအဖွဲ့သည် ဖော်ထုတ်တွေ့ရှိထားသော ပြဿနာများကို ချက်ချင်းလက်ငင်းနှင့် ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် စီမံခန့်ခွဲမှုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြင်ပစာရင်းစစ်တွေ့ရှိချက်များကို ဖြေရှင်းဆောင်ရွက်ရာတွင် ညှိနှိုင်းဆောင်ရွက်ပေးပါသည်။ ဒါရိုက်တာအဖွဲ့သည် အဖွဲ့အစည်း၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲခြင်း မူဘောင်ကို အကဲဖြတ်ခြင်းနှင့် စောင့်ကြည့်ခြင်းတို့ကိုလည်း ဆောင်ရွက်ပါသည်။ဒါရိုက်တာအဖွဲ့သည် အတွင်းပိုင်း ထိန်းချုပ်မှုစနစ်များ၏ လုံလောက်မှုနှင့် ထိရောက်မှုကို သေချာစေရန်အတွက် ၎င်းတို့၏ ဒီဇိုင်းနှင့် လည်ပတ်ဆောင်ရွက်မှုများကို ပုံမှန် ပြန်လည်သုံးသပ်ပြီး အကဲဖြတ်ခြင်းများ ပြုလုပ်ပါသည်။ ဤလုပ်ငန်းစဉ်တွင် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲခြင်း လုပ်ငန်းစဉ်များ၊ သက်ဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုရှိစေခြင်း၊ နှင့် ဘဏ္ဍာရေး အစီရင်ခံတင်ပြမှု၏ တိကျမှန်ကန်မှုနှင့် ယုံကြည်စိတ်ချရမှုတို့ကို အကဲဖြတ်ခြင်းတို့ ပါဝင်ပါသည်။ ဤကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများကို ကာကွယ်ရန် ကူညီပေးပြီး ၎င်း၏ ဘဏ္ဍာရေးရှင်းတမ်းများ၏ တည်ကြည်မှန်ကန်မှုကို မြှင့်တင်ပေးပါသည်။ အဓိကအဖွဲ့သည် စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေကော်မတီ (ARC) အစည်းအဝေးများကို အနည်းဆုံး သုံးလတစ်ကြိမ် ကျင်းပပြီး

အမည်စာရင်းတင်သွင်းရေးကော်မတီ (NC) နှင့် အခကြေးငွေကော်မတီ (RC) အစည်းအဝေးများကိုမူ အများအားဖြင့် တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပလေ့ရှိပါသည်။

အတွင်းပိုင်း စာရင်းစစ်ဆေးခြင်း

Concordia ၏ အတွင်းပိုင်း စာရင်းစစ်ဆေးခြင်းသည် အဖွဲ့အစည်းအတွင်းရှိ အတွင်းပိုင်း ထိန်းချုပ်မှုများ၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲခြင်းနှင့် အုပ်ချုပ်မှု လုပ်ငန်းစဉ်များ၏ ထိရောက်မှုကို အကဲဖြတ်ပေးသည့် အရေးပါသော လုပ်ငန်းဆောင်တာတစ်ခု ဖြစ်ပါသည်။ ၎င်းတွင် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုရှိစေရန် သေချာစေခြင်းနှင့် လုပ်ငန်းလည်ပတ်မှု ထိရောက်မှုကို မြှင့်တင်ပေးခြင်းတို့ဖြင့် အဆိုပါ နယ်ပယ်များကို အကဲဖြတ်ရန်နှင့် တိုးတက်ကောင်းမွန်လာစေရန် စနစ်တကျနှင့် စည်းကမ်းရှိသော ချဉ်းကပ်မှုပုံစံတို့ ပါဝင်ပါသည်။အတွင်းပိုင်း စာရင်းစစ်ဆေးမှုများသည် ဘဏ္ဍာရေး၊ လုပ်ငန်းလည်ပတ်မှု၊ စည်းမျဉ်းလိုက်နာမှု၊ ပတ်ဝန်းကျင်ဆိုင်ရာနှင့် IT လုပ်ငန်းစဉ်များ အပါအဝင် ရှုထောင့်အမျိုးမျိုးကို လွှမ်းခြုံနိုင်ပါသည်။

ကျွန်ုပ်တို့၏ အတွင်းပိုင်း စာရင်းစစ်ဆေးမှုများတွင် အောက်ပါ နယ်ပယ်အဝန်းအဝိုင်း ကို လွှမ်းခြုံ စစ်ဆေးပါသည်-

- **ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု** - ဖြစ်လာနိုင်ချေရှိသော စွန့်စားရမှုများကို ဖော်ထုတ်ခြင်းနှင့် လျော့ပါးသက်သာစေခြင်း၊ နှင့် လက်ရှိ စွန့်စားရမှုများကို လျှော့ချခြင်း။
- **စည်းမျဉ်းလိုက်နာမှု** - ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် အတွင်းပိုင်း မူဝါဒများကို တိကျစွာ လိုက်နာမှုရှိစေခြင်း။
- **ဘဏ္ဍာရေးဆိုင်ရာ** - ဘဏ္ဍာရေးအရ လုပ်ကိုင်ဆောင်ရွက်မှုများနှင့် အထောက်အထား အချက်အလက်များ၏ တိကျမှန်ကန်မှုနှင့် ပြည့်စုံမှုရှိစေခြင်း။
- **လုပ်ငန်းလည်ပတ်မှု ထိရောက်မှု** - ပိုမိုကောင်းမွန်သော စွမ်းဆောင်ရည်အတွက် လုပ်ငန်းစဉ်များနှင့် စနစ်များကို တိုးတက်ကောင်းမွန်စေခြင်း။
- **မသမာမှု ကာကွယ်တားဆီးရေး-** မသမာမှု၊ အလွဲသုံးစားမှုနှင့် ဖောက်ပြန်မှုများကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ကာကွယ်တားဆီးခြင်း။
- **စီမံခန့်ခွဲမှုဆိုင်ရာ ထောက်ပံ့ကူညီမှု** - စီမံခန့်ခွဲမှုအဖွဲ့နှင့် ဒါရိုက်တာအဖွဲ့တို့အတွက် တန်ဖိုးရှိသော ထိုးထွင်းသိမြင်ချက်များနှင့် အကြံပြုချက်များကို ပံ့ပိုးပေးခြင်း။

အတွင်းပိုင်း စာရင်းစစ်အဖွဲ့သည် ပုံမှန်အတွင်းပိုင်း စာရင်းစစ်ဆေးမှုများကို လုပ်ဆောင်ခြင်းဖြင့် အဖွဲ့အစည်း၏ ဘဏ္ဍာရေး အစီရင်ခံတင်ပြမှု၏ တည်ကြည်မှန်ကန်မှုကို ထိန်းသိမ်းနိုင်ခြင်း၊ ပိုင်ဆိုင်မှုများကို ကာကွယ်နိုင်ခြင်းနှင့် ၎င်းတို့၏ စီးပွားရေး ရည်မှန်းချက်များကို ပိုမိုထိရောက်စွာ အောင်မြင်စွာ ရယူနိုင်မည် ဖြစ်ပါသည်။ အတွင်းပိုင်း စာရင်းစစ်အဖွဲ့သည် COSO မူဘောင် (COSO Framework) ကို တိကျစွာ လိုက်နာကျင့်သုံးပါသည်။

အပိုင်း ၄ - ကော်ပိုရိတ် အုပ်ချုပ်မှုဆိုင်ရာ နောက်ဆက်တွဲ ဖြစ်ရပ်များ

အမှုဆောင်ကော်မတီ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ

- ဒေါက်တာသန်းဝင်း - ဥက္ကဋ္ဌ
- ဦးဘရမ်ဒန်မောင်ဝင်း - အဖွဲ့ဝင်
- ဒေါက်တာသူရိန်ထွန်း - အဖွဲ့ဝင်
- ဦးသန်းထွန်းဦး - အဖွဲ့ဝင်

ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးခဲ့သော ဘဏ္ဍာရေးနှစ်နောက်ပိုင်း၌ အမှုဆောင်ကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ ဤကော်ပိုရိတ် ဆောင်ရွက်ချက်၏ အဓိကရည်ရွယ်ချက်မှာ ဒါရိုက်တာအဖွဲ့ (BOD) အစည်းအဝေးများကို သုံးလတစ်ကြိမ် ပုံမှန်ကျင်းပလေ့ရှိရာ၊ BOD အစည်းအဝေးများအကြား ကုမ္ပဏီ၏ နေ့စဉ်လုပ်ငန်းဆောင်တာများနှင့် ကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲရန်၊ လုပ်ငန်းများ ဆက်တိုက်လည်ပတ်မှု ရှိစေရန်နှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် မလိုအပ်ဘဲ ကြန့်ကြာမှုများ သို့မဟုတ် အကျပ်အတည်းများ မဖြစ်ပေါ်စေရန် လိုအပ်သော သို့မဟုတ် သင့်လျော်သော အာဏာများကို ကျင့်သုံးရန်နှင့် တာဝန်များကို ထမ်းဆောင်ရန်အတွက် အမှုဆောင်ကော်မတီကို ဖွဲ့စည်းပြီး အာဏာအပ်နှင်းထားခြင်း ဖြစ်ပါသည်။ အဆိုပါ ဖြစ်ရပ်သည် ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးအပေါ် သိသာထင်ရှားသော သက်ရောက်မှု တစ်စုံတစ်ရာ မရှိပါ။ သို့သော်လည်း ကုမ္ပဏီ၏ ကော်ပိုရိတ်အုပ်ချုပ်မှု တည်ဆောက်ပုံနှင့် အလွန်အရေးပါသည့် ဆက်စပ်မှုရှိသဖြင့် အများပြည်သူသိရှိစေရန် အတွက် ဤနှစ်ချုပ် အစီရင်ခံစာတွင် ဖော်ပြထားခြင်း ဖြစ်ပါသည်။

အမှုဆောင်ကော်မတီအား လွှဲအပ်ထားသော အကျုံးဝင် လုပ်ပိုင်ခွင့်များမှာ -

(၁) ကုမ္ပဏီ၏ နေ့စဉ် လုပ်ငန်းများအတွက် လိုအပ်သော ပုံမှန်စီးပွားရေးစာချုပ်များကို စိစစ်ခြင်း၊ ညှိနှိုင်းခြင်း၊ ချုပ်ဆိုခြင်း၊ အကောင်အထည်ဖော်ခြင်း၊

(၂) အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ တင်ဒါဝင်ရောက် ယှဉ်ပြိုင်မှုများ အတွက် လိုအပ်သော တင်ဒါ စာရွက်စာတမ်းများ၊ နည်းပညာဆိုင်ရာ အဆိုပြုချက်များနှင့် ဘဏ္ဍာရေးဆိုင်ရာ တင်ဒါအဆိုပြုချက်များကို ကြီးကြပ်ကွပ်ကဲခြင်း၊ လက်မှတ်ထိုးခြင်းနှင့် တင်သွင်းခြင်း၊

(၃) ဒါရိုက်တာအဖွဲ့မှ အတည်ပြုခဲ့ပြီးသော ချေးငွေများနှင့် ဘဏ္ဍာရေးအစီအစဉ်များကို စီမံခန့်ခွဲခြင်း၊ ငွေထုတ်ယူခြင်း၊ စောင့်ကြည့်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကို ပြုလုပ်ခွင့်ရှိပါသည်။ သို့သော် ယင်းအစီအစဉ်များ၏ အဓိကစီးပွားရေးဆိုင်ရာ စည်းကမ်းချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ အာမခံပစ္စည်း/အပေါင်ပစ္စည်းဖွဲ့စည်းပုံများကို ပြင်ဆင်ခြင်း (သို့မဟုတ်) သက်တမ်းကုန်ဆုံးမည့်ရက်ကို တိုးမြှင့်ခြင်းတို့ကို ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်အသစ်မရရှိဘဲ ပြုလုပ်ခွင့် မရှိပါ။

(၄) ကုမ္ပဏီ၏ နေ့စဉ် လုပ်ငန်းဆောင်ရွက်မှု ဘောင်အတွင်း ကုမ္ပဏီဘဏ်အကောင့်များကို ဖွင့်လှစ်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပိတ်သိမ်းခြင်းနှင့် လက်မှတ်ရေးထိုးသူများသတ်မှတ်ခြင်းတို့ကို အတည်ပြုခြင်း၊ တို့ပါဝင်သည်။

အမှုဆောင်ကော်မတီအစည်းအဝေးဆုံးဖြတ်ချက်များကို မဲအရေအတွက် အများစုဖြင့် ဆုံးဖြတ်ရမည် ဖြစ်ပါသည်။ မဲအရေအတွက် ညီမျှသည့်ကိစ္စတွင် ကော်မတီဥက္ကဋ္ဌသည် ဒုတိယမဲ သို့မဟုတ် အဆုံးအဖြတ်မဲကို ပေးရမည် ဖြစ်ပါသည်။ အမှုဆောင်ကော်မတီအနေဖြင့် မိမိတို့ထံ လွှဲအပ်ထားသော လုပ်ပိုင်ခွင့်အတွင်းရှိ

ကိစ္စရပ်တစ်ခုအပေါ် ဆုံးဖြတ်ချက်မချမှတ်နိုင်ပါက ထိုကိစ္စရပ်ကို ဒါရိုက်တာအဖွဲ့သို့ စဉ်းစားဆုံးဖြတ်ပေးရန် ဆက်လက်တင်ပြရမည် ဖြစ်ပါသည်။ အမှုဆောင်ကော်မတီထံသို့ ယေဘုယျအားဖြင့် လွှဲအပ်ပေးထားသော လုပ်ပိုင်ခွင့်များ ရှိသော်ငြားလည်း ကုမ္ပဏီ၏ ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်းခြင်း ဆိုင်ရာ မူဝါဒ (RPT Policy)အရ သတ်မှတ်ထားသော ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်းခြင်း (RPT) ပါဝင်သော မည်သည့်လုပ်ငန်းဆောင်ရွက်မှုမဆို အမှုဆောင်ကော်မတီမှ အတည်ပြုပေးပိုင်ခွင့် မရှိပါ။ ၎င်းအစား ထိုသို့သော လုပ်ငန်းဆောင်ရွက်မှုများကို ဒါရိုက်တာအဖွဲ့ (သို့မဟုတ်) လိုအပ်ပါက အစုရှယ်ယာရှင်များထံမှ ကုမ္ပဏီ၏ RPT Policy နှင့်အညီ အတည်ပြုချက်ရယူရန် ဆက်လက် တင်ပြရမည် ဖြစ်ပါသည်။ အဆိုပြု တင်ပြလာသော လုပ်ငန်းဆောင်ရွက်မှု တစ်ခုတွင် ပုဂ္ဂလိက အကျိုးစီးပွား (သို့မဟုတ်) အကျိုးစီးပွားပဋိပက္ခများရှိနေသော မည်သည့် အမှုဆောင်ကော်မတီအဖွဲ့ဝင်မဆို ၎င်းတို့၏ အကျိုးစီးပွားကို ထုတ်ဖော် ပြောကြားရမည် ဖြစ်ပြီး ၎င်းတို့ ကိုယ်တိုင် မဲပေးခြင်းမှ ရှောင်ကြဉ်ရမည် ဖြစ်ပါသည်။

အမှုဆောင်ကော်မတီမှ ပြုလုပ်ခဲ့ပြီးသော ဆုံးဖြတ်ချက်များ၊ စာချုပ်များ၊ တင်ဒါတင်သွင်းမှုများ၊ အတည်ပြုချက်များနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဆောင်ရွက်ချက်များအားလုံး ကို တရားဝင်မှတ်တမ်းတင်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း ပြုလုပ်နိုင်ရန်အတွက် နောင်လာမည့် ပုံမှန် ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့ထံ အစီရင်ခံတင်ပြရမည် ဖြစ်ပါသည်။

အပိုင်း ၅ - အစုရှယ်ယာရှင်များ၏ အခွင့်အရေးများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှု

အစုရှယ်ယာရှင်များ၏ အခွင့်အရေးများနှင့် အထွေထွေအစည်းအဝေး ကျင်းပပြုလုပ်ခြင်း

အစုရှယ်ယာရှင်များ၏ အခွင့်အရေးများ



Concordia Public Co., Ltd. သည် အစုရှယ်ယာရှင်များ၏ အခွင့်အရေးများကို စည်းမျဉ်းစည်းကမ်း လမ်းညွှန်ချက်များနှင့် ကော်ပိုရိတ်အုပ်ချုပ်မှု အခြေခံမူများနှင့်အညီ လေးစားလိုက်နာပြီး ကာကွယ်စောင့်ရှောက်ထားကြောင်း သေချာစေပါသည်။ ဘဏ္ဍာရေးဆိုင်ရာ ဖော်ပြချက်များနှင့် စီမံခန့်ခွဲမှုအဖွဲ့၏ ဆွေးနွေးသုံးသပ်ချက်များ အပါအဝင် အဓိက ကြေညာချက်များကို Concordia ၏ တရားဝင်ဝက်ဘ်ဆိုက်နှင့် သက်ဆိုင်ရာ ပလပ်ဖောင်းများတွင် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာပါသည်။

အစုရှယ်ယာရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများသည် ဘဏ္ဍာရေးစွမ်းဆောင်ရည်များ၊ ကော်ပိုရိတ် လုပ်ငန်းဆောင်တာများနှင့် အခြား သက်ဆိုင်ရာ ကိစ္စရပ်များအပေါ် နောက်ဆုံးရ အချက်အလက်များကို ဝက်ဘ်ဆိုက်ပေါ်ရှိ ရင်းနှီးမြှုပ်နှံသူများနှင့် ဆက်ဆံရေးကဏ္ဍ (Investor Relations) မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အစုရှယ်ယာရှင်များအနေဖြင့် မည်သည့် မေးမြန်းစုံစမ်းမှုများအတွက်မဆို Concordia သို့ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည် -

MICT Park, Hlaing University Campus, Yangon, Myanmar

ဖုန်းနံပါတ် - 09 409 835 588, 09 880 441 060 (Ext : 1000, 1006, 1061, 1062)

Website - www.concordiamyanmar.com

အထွေထွေအစည်းအဝေး ကျင်းပပြုလုပ်ခြင်း

နှစ်ပတ်လည် အထွေထွေအစည်းအဝေးများ (AGMs) အပါအဝင် အထွေထွေအစည်းအဝေးများ (GMs) ကို ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ကျင်းပပြုလုပ်ပြီး အစုရှယ်ယာရှင်များထံသို့ ပေးအပ်ထားသော ပြည့်စုံလုံလောက်သည့် ညွှန်ကြားချက်များဖြင့် လမ်းညွှန်ဆောင်ရွက်ပါသည်။ နှစ်ပတ်လည် အထွေထွေအစည်းအဝေး ဖိတ်ကြားစာများ (Notices of AGMs) ကို အသေးစိတ် ရှင်းလင်းချက် မှတ်စုများနှင့် အထောက်အပံ့ဖြစ်စေသော စာရွက်စာတမ်းများ နှင့်အတူ သတ်မှတ်ထားသော အစည်းအဝေးရက် မတိုင်မီ အနည်းဆုံး ရက်ပေါင်း (၂၈) ရက် အလိုကတည်းက စာရင်းသွင်းထားသော အစုရှယ်ယာရှင်များထံသို့ ဖြန့်ဝေပေးပါသည်။

နှစ်ပတ်လည်အစီရင်ခံစာများနှင့် သက်ဆိုင်ရာ စာရွက်စာတမ်းများကို အစုရှယ်ယာရှင်များ အလွယ်တကူ ရရှိနိုင်ရန်နှင့် အားလုံးပါဝင်ခွင့် ရှိစေရန်အတွက် နည်းလမ်းမျိုးစုံဖြင့် ထုတ်ပြန်ပေးထားပါသည်။ လူကိုယ်တိုင် တက်ရောက်နိုင်ခြင်း မရှိသည့် အစုရှယ်ယာရှင်များသည် ကုမ္ပဏီ၏ အုပ်ချုပ်မှုမူဝါဒများနှင့်အညီ ကိုယ်စားလှယ်လွှဲအပ်ခြင်း (Proxy arrangements) စနစ်မှတစ်ဆင့် ပါဝင်ဆောင်ရွက်နိုင်ပါသည်။

Concordia သည် အစုရှယ်ယာရှင်များ၏ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် ၎င်း၏ အထွေထွေအစည်းအဝေးများ ကျင်းပရာတွင် အမြင့်ဆုံး စံချိန်စံညွှန်းများကို ထိန်းသိမ်းသွားရန် ဆက်လက်ကတိကဝတ်ပြု ထားပါသည်။

ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုနှင့် အတွင်းပိုင်း ထိန်းချုပ်မှုများ

ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု



Concordia Public Co., Ltd. သည် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုနှင့် အတွင်းပိုင်း ထိန်းချုပ်မှုများကို အထူးအလေးထား ဆောင်ရွက်ပါသည်။ ကုမ္ပဏီအနေဖြင့် ၎င်း၏ မဟာဗျူဟာမြောက် ရည်မှန်းချက်များနှင့် ကိုက်ညီပြီး ပိုင်ဆိုင်မှုများကို ကာကွယ်ပေးနိုင်သည့် ထိရောက်သော စနစ်တစ်ခုကို ထိန်းသိမ်းထားရန် ကတိပြုထားပါသည်။ ဤလုပ်ငန်းစဉ်တွင် လုပ်ငန်း၏ ဆုံးရှုံးနိုင်ခြေများကို ဖော်ထုတ်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် လျော့ပါးသက်သာစေခြင်းတို့ ပါဝင်ပါသည်။

ဆုံးရှုံးနိုင်ခြေ အကဲဖြတ်ခြင်းကို ကုမ္ပဏီတစ်ဝန်းလုံးတွင် စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေ ကော်မတီ (ARC) မှ ဦးဆောင်ကျင်းပပြီး လုပ်ငန်းယူနစ်တစ်ခုချင်းစီမှ အဆင့်မြင့် စီမံခန့်ခွဲရေးအဖွဲ့များက ဤလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ကြပါသည်။

ARC ၏ ရည်မှန်းချက်များမှာ ကုမ္ပဏီအား အောက်ပါကိစ္စရပ်များတွင် ကူညီပံ့ပိုးပေးရန် ဖြစ်ပါသည်-

- ကုမ္ပဏီ၏ မဟာဗျူဟာမြောက်၊ ဘဏ္ဍာရေးဆိုင်ရာ၊ ဘေးအန္တရာယ်ကင်းရှင်းလုံခြုံရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေများနှင့် ဂုဏ်သိက္ခာဆိုင်ရာ စွန့်စားရမှုများကို ဖော်ထုတ်ခြင်းနှင့် အကဲဖြတ်ခြင်း၊
- ဖော်ထုတ်တွေ့ရှိထားသော ဆုံးရှုံးနိုင်ခြေများကို လျော့ပါးသက်သာစေမည့် ထိန်းချုပ်မှုများကို ချမှတ်ခြင်း၊ နှင့်
- ကုမ္ပဏီ၏ ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲရန် လုံလောက်ပြီး ထိရောက်သော ထိန်းချုပ်မှုများ ရှိနေကြောင်း အတည်ပြုခြင်း။

ARC မူဘောင်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် သက်ဆိုင်ရာဌာနအသီးသီးမှ ဆုံးရှုံးနိုင်ခြေဆိုင်ရာ ချန်ပီယံ (Risk Champion) သည် သက်ဆိုင်ရာဌာန ရင်ဆိုင်နေရသော အဓိက ဆုံးရှုံးနိုင်ခြေများကို လက်ရှိကျင့်သုံးနေသော လျော့ပါးသက်သာစေသည့် အစီအမံများနှင့်အတူ ဖော်ထုတ်ရန် တာဝန်ယူဆောင်ရွက်ပါသည်။ သင့်လျော်သည့်နေရာများတွင် သက်ဆိုင်ရာ မူဝါဒများနှင့် အတွင်းပိုင်း ထိန်းချုပ်မှုများကို ARC နှင့် ဒါရိုက်တာအဖွဲ့တို့၏ လမ်းညွှန်မှုဖြင့် စီမံခန့်ခွဲမှုအဖွဲ့က ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်ပါသည်။ တည်ရှိနေသော ထိန်းချုပ်မှုများ ရှိ/မရှိနှင့် ထိရောက်မှု ရှိမရှိ ဆုံးဖြတ်ရန်၊ ဆုံးရှုံးနိုင်ခြေပုံစံ (Risk profile) ပြောင်းလဲမှုများကို ပြန်လည်သုံးသပ်ရန်နှင့် လိုအပ်ပါက ရှိပြီးသား ထိန်းချုပ်မှုများကို အသစ်ပြောင်းလဲရန်အတွက်လည်း ဤလုပ်ငန်းစဉ်ကို လုပ်ဆောင်ပါသည်။

Concordia ၏ စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေကော်မတီ (ARC) သည် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု၊ ထိန်းချုပ်မှုနှင့် အုပ်ချုပ်မှု လုပ်ငန်းစဉ်များ၏ ထိရောက်မှုကို အကဲဖြတ်ရန်နှင့် တိုးတက်ကောင်းမွန်လာစေရန် စနစ်တကျနှင့် စည်းကမ်းရှိသော ချဉ်းကပ်မှုပုံစံကို ယူဆောင်လာခြင်းဖြင့် လုပ်ငန်းများကို ၎င်းတို့၏ ရည်မှန်းချက်များ အောင်မြင်အောင် ကူညီပေးပါသည်။ ဆုံးရှုံးနိုင်ခြေပုံစံကို အဓိကဏ္ဍ သုံးခုဖြင့် ခွဲခြားထားပါသည်-

၁။ ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးမှုများ

- **အလွဲသုံးစားလုပ်ခြင်း**
  လိမ်လည်မှုများ သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာ မမှန်မကန်မှုများကို ဖြစ်ပေါ်စေနိုင်သည့် ကုမ္ပဏီ၏ အရင်းအမြစ်များ၊ ရန်ပုံငွေများ သို့မဟုတ် ပိုင်ဆိုင်မှုများကို ခွင့်ပြုချက်မရှိဘဲ သို့မဟုတ် မသင့်လျော်ဘဲ အသုံးပြုခြင်း။
- **ရောင်းအားနှင့်ကြွေးမြီ ဆုံးရှုံးမှု**
  ရောင်းအား စွမ်းဆောင်ရည် ကျဆင်းခြင်း သို့မဟုတ် ပစ္စည်းပြတ်လပ်ခြင်းတို့ကြောင့် ဝင်ငွေကျဆင်းခြင်းနှင့် ဖောက်သည်များ သို့မဟုတ် မိတ်ဖက်များထံမှ ရရန်ရှိသော ကြွေးမြီများကို ပြန်လည် မရရှိနိုင်ခြင်း။
- **ပိုင်ဆိုင်မှု ပျက်စီးဆုံးရှုံးမှု**
  မတော်တဆမှုများ၊ သဘာဝဘေးအန္တရာယ်များ သို့မဟုတ် ပြည်တွင်း မငြိမ်မသက်မှုများကြောင့် ကုမ္ပဏီ၏ ပစ္စည်းဥစ္စာများ သို့မဟုတ် ပစ္စည်းကိရိယာများ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ပျက်စီးခြင်း။
- **ငွေကြေးလဲလှယ်နှုန်း ဆုံးရှုံးမှု**
  သွင်းကုန်များနှင့် နိုင်ငံတကာ ငွေပေးချေမှု လုပ်ငန်းများကို ထိခိုက်စေသည့် ငွေလဲလှယ်နှုန်း မတည်ငြိမ်မှုနှင့် ပြည်ပငွေကြေးဆိုင်ရာ ကန့်သတ်ချက်များမှ ဖြစ်ပေါ်လာသည့် ဘဏ္ဍာရေးဆိုင်ရာ သက်ရောက်မှု။

၂။ ဘေးအန္တရာယ်ကင်းရှင်းလုံခြုံရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ

- **ကားနှင့် မော်တော်ဆိုင်ကယ် မတော်တဆမှုများ**
  - ယာဉ်ကြောပိတ်ဆို့မှု မြင့်မားခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေ ညံ့ဖျင်းခြင်းတို့က ဝန်ထမ်းများနှင့် ပို့ဆောင်ရေး လုပ်ငန်းများအတွက် မတော်တဆမှု ဖြစ်ပွားနိုင်ခြေကို မြင့်တက်စေပါသည်။
  - အချို့သော ဒေသများတွင် အရေးပေါ် ကယ်ဆယ်ရေး ဝန်ဆောင်မှုများ ကန့်သတ်ချက်ရှိနေခြင်းက မတော်တဆမှုများ၏ သက်ရောက်မှုကို ပိုမိုဆိုးရွားစေပါသည်။
- **မီးလောင်မှု အန္တရာယ်များ**
  - လျှပ်စစ်မီး ချို့ယွင်းချက်များနှင့် လျှပ်စစ်မီး ပုံမှန်မလာခြင်း (မီးပျက်ချိန် ကြာမြင့်ခြင်း) တို့က မီးဘေးအန္တရာယ် ဖြစ်ပွားနိုင်ခြေကို မြင့်မားစေပါသည်။
- **ရေကြီးခြင်းနှင့် သဘာဝဘေးအန္တရာယ်များ -**
  - ရာသီဥတုအလျောက် ရေကြီးခြင်း၊ ဆိုင်ကလုန်း မုန်တိုင်းများ၊ ငလျင်လှုပ်ခတ်မှုများက လုပ်ငန်းလည်ပတ်မှုများကို အနှောင့်အယှက်ဖြစ်စေပြီး ပိုင်ဆိုင်မှုများကို ထိခိုက်ပျက်စီးစေပါသည်။
- **အခြား မတော်တဆမှုများ**
  - လုံလောက်သော ဘေးအန္တရာယ်ကင်းရှင်းလုံခြုံရေး အစီအမံများ မရှိခြင်းကြောင့် ရုံးခန်း သို့မဟုတ် ကုန်လှောင်ရုံ ဧရိယာများတွင် ချော်လဲခြင်း၊ ခလုတ်တိုက်မိခြင်းနှင့် ပြုတ်ကျခြင်းကဲ့သို့သော လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပွားခြင်း။
- **ပိုင်ဆိုင်မှု ဆုံးရှုံးခြင်း (ခိုးယူခံရမှု) -**
  - ပြည်တွင်း မငြိမ်မသက်မှု ကာလများအတွင်း ပစ္စည်းခိုးယူခံရနိုင်ခြေ မြင့်မားခြင်း။

၃။ ဂုဏ်သိက္ခာဆိုင်ရာ စွန့်စားရမှုများ

- **ဖောက်သည်များ စိတ်ကျေနပ်မှု**
  - ဝန်ဆောင်မှုအရည်အသွေးညံ့ဖျင်းခြင်း၊ ကြန့်ကြာမှုများ သို့မဟုတ် ပစ္စည်းဆိုင်ရာ ပြဿနာများသည် ဖောက်သည်များအပေါ် မကောင်းသော အတွေ့အကြုံများကို ဖြစ်ပေါ်စေနိုင်ပါသည်။
  - စိတ်ကျေနပ်မှု မရှိသော ဖောက်သည်များသည် ၎င်းတို့၏ မကျေနပ်ချက်များကို အများပြည်သူရှေ့တွင် မျှဝေခြင်းဖြင့် ကုမ္ပဏီ၏ ကုန်အမှတ်တံဆိပ် ယုံကြည်ကိုးစားမှုကို ထိခိုက်စေနိုင်ပါသည်။
- **အလုပ်ရှင်၏ နာမည် ဂုဏ်သတင်း**
  - ကောင်းမွန်သော လုပ်ငန်းခွင် ပတ်ဝန်းကျင် သို့မဟုတ် အပြုံင်အဆိုင် ရှိသော ခံစားခွင့်များကို ထိန်းသိမ်းရန် ပျက်ကွက်ခြင်းသည် အလုပ်ရှင်တစ်ဦးအနေဖြင့် ကုမ္ပဏီ၏ ပုံရိပ်ကို ထိခိုက်စေနိုင်ပါသည်။
  - ဝန်ထမ်း အလုပ်ထွက်နှုန်း မြင့်မားခြင်း သို့မဟုတ် ဆိုရှယ်မီဒီယာ ပလက်ဖောင်းများတွင် အနုတ်လက္ခဏာဆောင်သော သုံးသပ်ချက်များ ထွက်ပေါ်လာခြင်းတို့သည် အရည်အချင်းရှိသော ဝန်ထမ်းများကို စုဆောင်းခန့်အပ်ရာတွင် သက်ရောက်မှု ရှိစေနိုင်ပါသည်။

ဆုံးရှုံးနိုင်ခြေဆိုင်ရာ ချန်ပီယံ၏ အခန်းကဏ္ဍ

ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုအဖွဲ့ မူဘောင်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ဌာနအသီးသီးသည် ၎င်းတို့၏ သက်ဆိုင်ရာ နယ်ပယ်များအတွင်း ဆုံးရှုံးနိုင်ခြေများကို ထိရောက်စွာ ဖော်ထုတ်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို သေချာစေရန်အတွက် ဆုံးရှုံးနိုင်ခြေဆိုင်ရာ ချန်ပီယံ (Risk Champion) တစ်ဦးစီကို ခန့်အပ်ထားရှိပါသည်။ ဆုံးရှုံးနိုင်ခြေဆိုင်ရာ ချန်ပီယံသည် ဌာနနှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုအဖွဲ့တို့အကြား ပင်မ ဆက်သွယ်ဆောင်ရွက်သူ (Liaison) အဖြစ် ဆောင်ရွက်ပါသည်။

အဓိက တာဝန်ဝတ္တရားများ

၁။ ဆုံးရှုံးနိုင်ခြေများကို ဖော်ထုတ်ခြင်း

- ဌာန၏ လုပ်ငန်းလည်ပတ်မှုများနှင့် သီးသန့်သက်ဆိုင်သော အဓိက ဆုံးရှုံးနိုင်ခြေ ကို ဖော်ထုတ်ခြင်း။
- အဆိုပါ စွန့်စားရမှုများကြောင့် ဖြစ်လာနိုင်သည့် သက်ရောက်မှုနှင့် ဖြစ်ပွားနိုင်ခြေကို အကဲဖြတ်ခြင်း။

၂။ လျော့ပါးသက်သာစေရန် စီစဉ်ခြင်း

- သင့်လျော်သော လျော့ပါးသက်သာစေမည့် အစီအမံများကို အဆိုပြုခြင်းနှင့် အကောင်အထည်ဖော်ခြင်း။
- ကုမ္ပဏီတစ်ဝန်းလုံးရှိ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု မူဝါဒများနှင့် ကိုက်ညီမှုရှိစေရန် သေချာစေခြင်း။

၃။ မူဝါဒနှင့် ထိန်းချုပ်မှုများကို ပြင်ဆင်မွမ်းမံခြင်း

- အတွင်းပိုင်း ထိန်းချုပ်မှုများနှင့် သက်ဆိုင်ရာ မူဝါဒများကို ပြင်ဆင်မွမ်းမံရန်အတွက် စီမံခန့်ခွဲမှုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း။
- ဆုံးရှုံးနိုင်ခြေပုံစံ သို့မဟုတ် လုပ်ငန်းလည်ပတ်မှု ပတ်ဝန်းကျင် ပြောင်းလဲမှုများအပေါ် မူတည်၍ အပ်ဒိတ်လုပ်ရန် အကြံပြုချက်များ ပေးအပ်ခြင်း။

၄။ **ထိရောက်မှုကို ပြန်လည်သုံးသပ်ခြင်း**

- လက်ရှိ ထိန်းချုပ်မှုများ ရှိ/မရှိနှင့် ၎င်းတို့၏ ထိရောက်မှုကို အကဲဖြတ်ခြင်း။
- အားနည်းချက်ကွက်လပ်များကို တင်ပြခြင်းနှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုအဖွဲ့ထံသို့ တိုးတက်ကောင်းမွန်စေမည့် အကြံပြုချက်များကို တင်သွင်းခြင်း။

၅။ **စဉ်ဆက်မပြတ် စောင့်ကြည့်ခြင်း**

- ဆုံးရှုံးနိုင်ခြေ ထိတွေ့မှု အပြောင်းအလဲများကို ခြေရာခံပြီး ဆုံးရှုံးနိုင်ခြေစာရင်းဇယားများ (Risk registers) ကို ထို့နှင့်အညီ အပ်ဒိတ်လုပ်ခြင်း။
- ပေါ်ပေါက်လာသည့် ဆုံးရှုံးနိုင်ခြေ အသစ်များကို ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုအဖွဲ့နှင့် စီမံခန့်ခွဲမှုအဖွဲ့ထံသို့ အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားခြင်း။

၆။ **အစီရင်ခံတင်ပြခြင်း**

- ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုအဖွဲ့နှင့် ဒါရိုက်တာအဖွဲ့ထံသို့ ပုံမှန် ဆုံးရှုံးနိုင်ခြေအစီရင်ခံစာများကို တင်သွင်းခြင်း။
- တိကျမှန်ကန်သော ဆုံးရှုံးနိုင်ခြေအချက်အလက်များကို ပံ့ပိုးပေးခြင်းဖြင့် စာရင်းစစ်ဆေးမှုများနှင့် စည်းမျဉ်းလိုက်နာမှု သုံးသပ်ချက်များကို အထောက်အကူပြုခြင်း။

အတွင်းပိုင်း ထိန်းချုပ်မှုစနစ်

Concordia ၏ ရုံးခွဲများတွင် ၎င်းတို့အသီးသီး၏ အတွင်းပိုင်း ထိန်းချုပ်မှုစနစ် (အတွင်းပိုင်း စာရင်းစစ်အဖွဲ့) ရှိကြပါသည်။ ရုံးချုပ်အဆင့်တွင် ကုမ္ပဏီ၏ ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် တစ်ခုလုံးကို ကုမ္ပဏီ၏ ဘဏ္ဍာရေး ထိန်းသိမ်းကြပ်မတ်ရေးမှူး (Financial Controller) မှ စီမံခန့်ခွဲပြီး ကြီးကြပ်ကွပ်ကဲပါသည်။ ARC သည် ရုံးခွဲများ၏ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် အတွင်းပိုင်းမှ ဖော်ထုတ်တွေ့ရှိရသည့် အဓိက ဆုံးရှုံးနိုင်ခြေ ထိတွေ့မှုများကို လျော့ပါးသက်သာစေရန်အတွက် ခိုင်မာသော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု မူဘောင်နှင့် အတွင်းပိုင်း ထိန်းချုပ်မှုစနစ်ကို ထိန်းသိမ်းထားရှိရန် သေချာစေပါသည်။

ရုံးခွဲအဆင့် ထိန်းချုပ်မှုများ

- ရုံးခွဲတစ်ခုချင်းစီသည် ၎င်းတို့၏ ကိုယ်ပိုင် အတွင်းပိုင်း စာရင်းစစ်အဖွဲ့ကို ဖွဲ့စည်းလည်ပတ်လျက်ရှိပြီး အောက်ပါတို့အတွက် တာဝန်ရှိပါသည်-
- ကုမ္ပဏီ၏ မူဝါဒများနှင့် ဒေသန္တရ စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုရှိစေရန် စောင့်ကြည့်ခြင်း။
- လုပ်ငန်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို ဖော်ထုတ်ရန်နှင့် လျော့ပါးသက်သာစေရန် အလှည့်ကျ စာရင်းစစ်ဆေးမှုများကို လုပ်ဆောင်ခြင်း။
- ပြန်လည်သုံးသပ်ရန်နှင့် မှန်ကန်သော ပြင်ဆင်ချက် အစီအမံများ လုပ်ဆောင်ရန်အတွက် တွေ့ရှိချက်များကို ရုံးချုပ်သို့ တင်ပြခြင်း။

ရုံးချုပ်၏ ကြီးကြပ်ကွပ်ကဲမှု

- ရုံးချုပ်ရှိ ဘဏ္ဍာရေး ထိန်းသိမ်းကြပ်မတ်ရေးမှူးသည် တစ်ခုလုံးအနေဖြင့် ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ကို စီမံခန့်ခွဲပြီး ကြီးကြပ်ကွပ်ကဲကာ အောက်ပါတို့အတွက် သေချာစေပါသည်-
- တိကျမှန်ကန်ပြီး အချိန်နှင့်တစ်ပြေးညီ ဘဏ္ဍာရေး အစီရင်ခံတင်ပြခြင်း။
- ခိုင်မာသော စာရင်းကိုင် ထိန်းချုပ်မှုများကို အကောင်အထည်ဖော်ခြင်း။
- ဥပဒေပညတ်ချက်နှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ လိုအပ်ချက်များကို လိုက်နာမှုရှိစေခြင်း။

အုပ်ချုပ်မှုနှင့် အာမခံချက်

- ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုအဖွဲ့နှင့် စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေကော်မတီ (ARC)တို့ ပူးပေါင်း၍ အောက်ပါတို့အတွက် သေချာစေပါသည်-
- ရုံးခွဲများသည် ခိုင်မာသော ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု မူဘောင်တစ်ခုကို ထိန်းသိမ်းထားရှိခြင်း။
- အဓိက ဆုံးရှုံးနိုင်ခြေ ထိတွေ့မှုများကို လျော့ပါးသက်သာစေရန် အတွင်းပိုင်း ထိန်းချုပ်မှုများသည် လုံလောက်ပြီး ထိရောက်မှုရှိခြင်း။
- ပြောင်းလဲလာသော စီးပွားရေးနှင့် စည်းမျဉ်းစည်းကမ်း ပတ်ဝန်းကျင်များအပေါ် မူတည်၍ မူဝါဒများကို ပုံမှန် ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်မွမ်းမံခြင်း။

၂၀၂၅ - ၂၀၂၆ ခုနှစ်အတွက် အဓိက တိုးမြှင့်ဆောင်ရွက်ချက်များ

- ထောက်ပံ့ရေးကွင်းဆက် အမျိုးမျိုးတိုးချဲ့ခြင်း – သွင်းကုန်ကန့်သတ်ချက်များနှင့် ကုန်စည် ပို့ဆောင်ရေးနှောင့်နှေးမှုများကို လျှော့ချရန်။
- ပဋိပက္ခဖြစ်ပွားရာ ဒုန်များနှင့် အရေးပေါ် ရွှေ့ပြောင်းကယ်ဆယ်ရေးများအတွက် **ဝန်ထမ်း ဘေးအန္တရာယ်ကင်းရှင်းရေး ပရိုတိုကောများ (Employee Safety Protocols)**။
- ကမ္ဘာလုံးဆိုင်ရာ စံချိန်စံညွှန်းများနှင့် မြန်မာနိုင်ငံ၏ ပြောင်းလဲလာသော စည်းမျဉ်းစည်းကမ်း ပတ်ဝန်းကျင်တို့နှင့် ကိုက်ညီသော **စည်းမျဉ်းလိုက်နာမှု မူဘောင် (Compliance Framework)**။



ရေရှည်တည်တံ့ခိုင်မြဲရေး မဟာဗျူဟာ

Concordia Public Company Limited တွင် ရေရှည်တည်တံ့ခိုင်မြဲရေးသည် ကျွန်ုပ်တို့၏ ရေရှည်စီးပွားရေး မဟာဗျူဟာနှင့် ကော်ပိုရိတ် တာဝန်ဝတ္တရားတို့၏ မရှိမဖြစ် အစိတ်အပိုင်း တစ်ခုအဖြစ် ဆက်လက်တည်ရှိနေပါသည်။ ရေရှည်တည်တံ့သော စီးပွားရေး ကျင့်ထုံးများသည် ကုမ္ပဏီအတွက်သာမက ကျွန်ုပ်တို့၏ ဖောက်သည်များ၊ ဝန်ထမ်းများ၊ အစုရှယ်ယာရှင်များ၊ အသိုက်အဝန်းများနှင့် ပတ်ဝန်းကျင်တို့အတွက်ပါ ရေရှည်တည်တံ့ခိုင်မြဲသော တန်ဖိုးများကို ဖန်တီးပေးနိုင်မည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း Concordia သည် စီးပွားရေး ကြံ့ခိုင်ခံ့မှု၊ ပါဝင်ပတ်သက်သူများနှင့် ထိတွေ့ဆက်ဆံမှု၊ ဆန်းသစ်တီထွင်မှုနှင့် တာဝန်ယူမှုရှိသော ကော်ပိုရိတ် တန်ဖိုးများကို ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်ပုံများတွင် ပေါင်းစပ်ထည့်သွင်း ခြင်းဖြင့် ရှုထောင့်လေးရပ်ပါဝင်သည့် ချဉ်းကပ်မှုပုံစံဖြင့် ရေရှည်တည်တံ့ခိုင်မြဲရေး ကြိုးပမ်းချက်များ ကို ဆက်လက်တိုးမြှင့် လုပ်ဆောင်ခဲ့ပါသည်။

စီးပွားရေးတန်ဖိုး ရှုထောင့်

Concordia ၏ ရေရှည်တည်တံ့ခိုင်မြဲရေး ချဉ်းကပ်မှုပုံစံသည် ရေရှည်စီးပွားရေး အောင်မြင်မှုကို တာဝန်ယူမှုရှိသော၊ ထိရောက်သောနှင့် ကြံ့ခိုင်ခံ့သော လုပ်ငန်းလည်ပတ်မှုများဖြင့် ထောက်ပံ့ပေးရမည်ဟူသော ယုံကြည်ချက်အပေါ် အခြေခံထားပါသည်။ ကျွန်ုပ်တို့သည် စီးပွားရေးအရ တွက်ခြေကိုက်ပြီး လုပ်ငန်းလည်ပတ်မှုနှင့် သက်ဆိုင်မှုရှိကာ ကုမ္ပဏီ၏ ရေရှည်တိုးတက်မှု မဟာဗျူဟာနှင့် ကိုက်ညီသော ရေရှည်တည်တံ့ခိုင်မြဲရေး အစပျိုးလုပ်ဆောင်ချက်များကို ဆက်လက် ဦးစားပေး လုပ်ဆောင်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ စီးပွားရေး စီမံချက်ရေးဆွဲခြင်း၊ လုပ်ငန်းလည်ပတ်မှု တိုးတက်ကောင်းမွန်စေခြင်းနှင့် ဝန်ဆောင်မှု မော်ဒယ်တို့တွင် ရေရှည်တည်တံ့ခိုင်မြဲရေးကို ပေါင်းစပ်ထည့်သွင်းခြင်းအားဖြင့် ပါဝင်ပတ်သက်သူများ အတွက် ရေရှည်တန်ဖိုးများကို ပေးအပ်ရင်း စီးပွားရေး ကြံ့ခိုင်မှုကို အားကောင်းလာစေရန် ရည်ရွယ်ပါသည်။

ပါဝင်ပတ်သက်သူများ၏ လွှမ်းမိုးမှု ရှုထောင့်

ရေရှည်တည်တံ့သော တိုးတက်မှုအတွက် ဖောက်သည်များ၊ ဝန်ထမ်းများ၊ အသိုက်အဝန်းများ၊ အစုရှယ်ယာရှင်များနှင့် စီးပွားရေး မိတ်ဖက်များ အပါအဝင် အစုရှယ်ယာရှင်များနှင့် တက်ကြွစွာ ထိတွေ့ဆက်ဆံရန် လိုအပ်ကြောင်း ကျွန်ုပ်တို့ နားလည်သဘောပေါက်ပါသည်။ Concordia သည် ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်မှု၊ ပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုနှင့် အသိုက်အဝန်းအပေါ် သက်ရောက်မှုတို့ကို အထူးအလေးထားလျက် ၎င်း၏ ရေရှည်တည်တံ့ခိုင်မြဲရေး ဦးစားပေးများကို ပုံဖော်ရာတွင် ပါဝင်ပတ်သက်သူများ၏ မျှော်မှန်းချက်များကို ဆက်လက် ထည့်သွင်းစဉ်းစားလျက် ရှိပါသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့အစည်းများနှင့် အသိုက်အဝန်းများသို့ စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတို့မှတစ်ဆင့် ကုမ္ပဏီသည် မြန်မာနိုင်ငံတစ်ဝန်းရှိ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အစည်းများနှင့် လူမှုအသိုက်အဝန်းများအား စဉ်ဆက်မပြတ် ထိတွေ့ပူးပေါင်း၍ ဝန်ဆောင်မှုပေးခြင်းမှတစ်ဆင့် ကုမ္ပဏီသည် ၎င်း၏ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ

အစီအစဉ်များကို မိမိဝန်ဆောင်မှုပေးနေသည့် ပြည်သူများနှင့် သက်ဆိုင်ရာကဏ္ဍများ၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် ရည်ရွယ်ပါသည်။

သိပ္ပံနှင့် နည်းပညာ ရှုထောင့်

ဆန်းသစ်တီထွင်မှု၊ ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းခြင်းနှင့် နည်းပညာတို့သည် လုပ်ငန်းလည်ပတ်မှု ထိရောက်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး ရလဒ် နှစ်ရပ်စလုံးကို တိုးတက်ကောင်းမွန်စေရာတွင် အရေးပါသော ကဏ္ဍမှ ပါဝင်နိုင်သည်ဟု Concordia က ယုံကြည်ပါသည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီသည် ပိုမိုထိရောက်သော ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ လုပ်ငန်းလည်ပတ်မှု ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ဝန်ဆောင်မှုပေးအပ်ခြင်းတို့ကို ပံ့ပိုးပေးနိုင်ရန်အတွက် ဒစ်ဂျစ်တယ်စနစ်များ၊ အချက်အလက် မြင်သာထင်သာရှိမှုနှင့် နည်းပညာဖြင့် ပံ့ပိုးထားသော လုပ်ငန်းစဉ်များကို ဆက်လက် အားကောင်းစေခဲ့ပါသည်။ Concordia သည် ၎င်း၏ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေး ခရီးလမ်းကို ဆက်လက် လျှောက်လှမ်းနေသည်နှင့်အမျှ ရေရှည်တည်တံ့သော တိုးတက်မှု၊ ထိရောက်မှုနှင့် ပိုမိုကောင်းမွန်သော ပါဝင်ပတ်သက်သူများ၏ တန်ဖိုးကို ဖော်ဆောင်ပေးသည့် အထောက်အကူပြုပစ္စည်းတစ်ခုအနေဖြင့် နည်းပညာကို ရှာဖွေဖော်ထုတ်ရန် ဆက်လက် ကတိကဝတ်ပြုထားပါသည်။

ရည်ရွယ်ချက် ရှုထောင့်

Concordia ၏ ရေရှည်တည်တံ့ခိုင်မြဲရေး မဟာဗျူဟာကို ၎င်း၏ မူလတန်ဖိုးများ၊ ကျင့်ဝတ်ဆိုင်ရာ စီးပွားရေး မူဝါဒများနှင့် တာဝန်ယူမှုရှိသော ကော်ပိုရိတ် နိုင်ငံသားကောင်းပီသမှုဆိုင်ရာ ကတိကဝတ်တို့က လမ်းညွှန်ပြသလျက် ရှိပါသည်။ ကုမ္ပဏီအနေဖြင့် ရေရှည်အောင်မြင်မှုသည် တည်ကြည်ဖြောင့်မတ်မှု၊ တာဝန်ခံမှုနှင့် လူ့အဖွဲ့အစည်းအတွက် အဓိပ္ပာယ်ပြည့်ဝသော ပံ့ပိုးကူညီမှုတို့အပေါ်တွင် တည်ဆောက်ရမည်ဟု ယုံကြည်ပါသည်။ တာဝန်ယူမှုရှိသော စီးပွားရေး ကျင့်ထုံးများ၊ အစုရှယ်ယာရှင်များအား စောင့်ရှောက်မှုနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုတို့မှတစ်ဆင့် Concordia သည် ၎င်း၏ တိုးတက်မှုသည် မိမိတို့အား ပံ့ပိုးပေးနေသော အသိုက်အဝန်းများနှင့် ကဏ္ဍများအပေါ် အကောင်းဘက်မှ အကျိုးပြုစေရန် သေချာစေရန် ကြိုးပမ်းလျက် ရှိပါသည်။

လက်တွေ့လုပ်ဆောင်နေသည့် ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှု

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း Concordia သည် လက်တွေ့ကျသော ထိန်းသိမ်းရေးနှင့် အသိပညာပေး အစပျိုးလုပ်ဆောင်ချက်များမှတစ်ဆင့် ပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေးကို အထူးအလေးထား ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ကုမ္ပဏီသည် ရေကြောင်းနှင့် ကမ်းရိုးတန်း ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးအတွက် ရည်ရွယ်သည့် နှစ်စဉ်ကျင်းပမြဲဖြစ်သော ကမ်းခြေသန့်ရှင်းရေး အစီအစဉ် (Annual Beach Clean-Up Program) ကို ဆက်လက် အကောင်အထည်ဖော်ခဲ့ပါသည်။ ထို့အပြင် Concordia သည် ရေနေဂေဟစနစ် ပြန်လည်ထူထောင်ရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် Fish condos နှင့် သန္တာကျောက်တန်းများ တည်ဆောက်ခြင်း အပါအဝင် သန္တာကျောက်တန်း ထိန်းသိမ်းရေး လုပ်ငန်းများကို ဆက်လက် ပံ့ပိုးကူညီခဲ့ပါသည်။ ဤအစပျိုးလုပ်ဆောင်ချက်များသည် ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုဆိုသည်မှာ လူမှုရေး တာဝန်ဝတ္တရားတစ်ခု သက်သက်သာမက နောင်လာနောက်သား လူမျိုးဆက်သစ်များအတွက် ရေရှည်တန်ဖိုးများ ဖန်တီးပေးရာတွင် အရေးပါသော အစိတ်အပိုင်းတစ်ခုလည်း ဖြစ်သည်ဟူသော Concordia ၏ ယုံကြည်ချက်ကို ထင်ဟပ်ဖော်ပြနေပါသည်။

အုပ်ချုပ်မှုနှင့် တာဝန်ခံမှု

Concordia သည် မိမိ၏ စီးပွားရေးလုပ်ငန်းများကို ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တို့ဖြင့် လုပ်ဆောင်ရန် ဆက်လက် ကတိကဝတ်ပြုထားပါသည်။ အများပိုင်ကုမ္ပဏီတစ်ခုအနေဖြင့် ကုမ္ပဏီသည် တာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့သော တိုးတက်မှုကို အထောက်အကူဖြစ်စေရန်အတွက် မိမိ၏ အုပ်ချုပ်မှု မူဘောင်၊ အတွင်းပိုင်း ထိန်းချုပ်မှုများနှင့် စည်းမျဉ်းလိုက်နာမှု ယဉ်ကျေးမှုကို ဆက်လက် မြှင့်တင်လျက် ရှိပါသည်။ ပါဝင်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံခြင်းနှင့် အုပ်ချုပ်မှု စံနှုန်းများကို ဆက်လက် အာရုံစိုက်ခြင်းတို့မှတစ်ဆင့် Concordia သည် ၎င်း၏ ရေရှည်တည်တံ့ခိုင်မြဲရေး ကြိုးပမ်းချက်များကို ရှင်းလင်းသော ကြီးကြပ်ကွပ်ကဲမှု၊ ကျင့်ဝတ်ဆိုင်ရာ စီးပွားရေး ကျင့်ထုံးများနှင့် ရေရှည် တာဝန်ခံမှုတို့ဖြင့် ကျောထောက်နောက်ခံပြုထားရန် ရည်ရွယ်ပါသည်။

Concordia သည် တာဝန်ယူမှုရှိသော စီးပွားရေး ကျင့်ထုံးများကို ရေရှည် ကော်ပိုရိတ် တိုးတက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုတို့နှင့် ချိတ်ဆက်ပေါင်းစပ်ခြင်းဖြင့် မိမိ၏ ရေရှည်တည်တံ့ခိုင်မြဲရေး ခရီးလမ်းကို ဆက်လက် အားကောင်းစေမည် ဖြစ်ပါသည်။ ဤမျှတသော ချဉ်းကပ်မှုပုံစံမှတစ်ဆင့် ကုမ္ပဏီသည် ပါဝင်ပတ်သက်သူများနှင့် ၎င်းဝန်ဆောင်မှုပေးနေသော အသိုက်အဝန်းများအတွက် တည်မြဲသော တန်ဖိုးများကို ဖန်တီးပေးရင်း မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆက်လက် ပံ့ပိုးကူညီသွားမည် ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ

၂၀၂၅-၂၆ ဘဏ္ဍာရေးနှစ်အတွက်
[၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်]

